www.burmeseclassic.com

# ဆုမြတ်မွန်မွန်


## လိမ္မော်ပင်ပျိုလေးရဲ့ ကောင်းဘွိုင်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com





# ဆုမြတ်မွန်မွန်



## လိမ္မော်ပင်ပျိုလေးရဲ့ ကောင်းဘွိုင်

စီစဉ်သူ

မောင်ကျော်လှိုင်

စေတနာစာပေ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ဆုမြတ်မွန်မွန်

လိမ္မော်ပင်ပျိုလေးရဲ့ကောင်းဘွိုင်

စာမူခွင့်ပြုချက်အမှတ်
၅၀၀၆၉၅၀၄၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၆၇၂၀၆၀၈

၂၀၀၈ ခုနှစ်၊ ဇူလိုင်လ
ပထမအကြိမ်

တန်ဖိုး
၁၀၀၀ ကျပ်

အုပ်ရေ
၅၀၀

ထုတ်ဝေသူ
ဦးကျော်လှိုင်-(၀၃၈၈၇)
အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ
ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်

BURMESE CLASSIC .com

## စေတနာစာပေ ၏ အမှတ်တရအမှာစာ

မမဆုမြတ်

ညီမလေးက မမရဲ့စာဖတ်ပရိသတ်တစ်ဦးပါ။ တစ်လမှာ မမရဲ့စာအုပ်ကို မဖတ်လိုက်ရရင် မပြည့်စုံသလိုဘဲ။ မမစာအုပ်တွေ အရမ်းကောင်းတာပဲ။ idea ကော အရေးအသား ကော ပြောစရာမရှိအောင်ကို ကောင်းလွန်းလှပါတယ်။ မမ ... နောက်ဆို အင်္ဂလိပ်စကားလုံးလေးတွေကို များများကြားညှပ်ပြီး သုံးပေးပါနော်။ ညီမလေးတို့လည်း ဗဟုသုတရတာပေါ့။ မမ ဒီထက်မကအောင်မြင်နိုင်ပါစေလို့ ထာဝရအားပေးနေမဲ့ ...

ရှမ်းပြည်က

ညီမလေး

နန်းမွေးစန်းဝင်း

မနန်းမွေးဟွမ်/ C/O နန်းမွေ့စန်းဝင်း
အိမ်အမှတ်(၆၈၁) တန့်ယန်းမြို့၊

www.burmeseclassic.com

www.burmeseclassic.com





## ၁

မေသည် ကြီးမားသော လက်ရေချိုးကြီးကို ဆွဲလာရင်း ချွေးပြန်၍လာလေသည်။ အေးမြသော ရာသီဥတုကြောင့်သာ ...တ်ခဲ့ပါက အခုလောလောဆယ်တွင် ဒေါသထွက်တာနှင့် ...ခန်းမှုပေါင်းကာ အသက်ထွက်သွားနိုင်လောက်သည်။ ဒီကြား ...မှာမှ ဒေါက်ဖိနပ်နှင့် မြေလမ်းက အဆင်မပြေတာက တစ်ဒုက္ခ။ ...င်း ကျိုးနင်း လျှောက်လာရင်းမှ ကိုယ့်အဖြစ်ကိုယ် အတော်စိတ် ...ာ်၍နေသည်။

ကျွတ် ... နယ်မြို့တွေဟာ အဲဒီတစ်ခုတော့ ဆိုးတာ ...။ ရန်ကုန်မှာသာဆို ဘယ်နေရာပဲဖြစ်ဖြစ် လက်တစ်ဖက်ရှေ့ဆန့် ...က်တာနဲ့ အဆင်ပြေသွားပြီ။ (တက္ကစီဖမ်းတားတာကို ဆိုလို ...ပါ)



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



အခုတော့ ဘာတစ်ခုမှ အဆင်မပြေချေ။ မြို့ထဲဘက် ရောက်သဖြင့် ရထားလုံးလည်းမရှိ ဘာမှမရှိ ကိုးခြောက်ကိုးသုံး ညည်းနေသော အားထုတ်ပေရော့ပဲ။ တကယ်ဆို မေဟာ ဒီလိုဒုက္ခ ရောက်နေစရာ ဘာအကြောင်းမှ မရှိပေ။ မင်္ဂလာဒုံလေဆိပ်က ထွက်တော့လည်း အဆင်ပြေပြေ၊ လေယာဉ်စီးစဉ်တစ်လျှောက် မှာလည်း ဘာပြဿနာမှမရှိ။ တံတားဦးလေဆိပ်သို့ ကြိုတင်မှာ ကြားထားသော စင်းလုံးငှား ရုပ်ပါရဖ်ကားကိုလည်း အလွယ်တကူပဲ တွေ့သည်။

အဲဒီကနေ ပြောင်းလဲသွားတဲ့ ပတ်ဝန်းကျင်ဒေသရှု ခင်းတွေကို ငေးမောကာ စိတ်ထဲမှာ ထည့်ပါလာသော အဖုအထစ် တွေကိုတောင် မေ့လျော့လျက် စိတ်ကြည်နူးလာလိုက်တာ၊ အဖြစ် အပျက်ကတော့ ဆင်ပြောင်ကြီး အမြီးကျမှတစ်ဆိုသလို ရောက်ပြီး မှပဲ ဖြစ်တော့တာဖြစ်လေသည်။

မေ စီးလာသောကားဟာ သွားမယ့်ခြံရောက်ခါနီးမှ ပန်ကာကြိုးပြတ်ကော်မှုသဖြင့် ဘယ်လိုမှ ဆက်သွား၍မရနိုင်တော့ ပြီ။ မေက လမ်းလျှောက်သွားတော့မယ်ဆိုတော့ ကားသမားက တောင်းတောင်းပန်ပန်နှင့်တော့ ပြောရှာသည်။ သို့သော် ဘာလုပ်





တာပဲ။ သူ ကြိုးသွားဝယ်မှာက မြို့ထဲကို။ သွားတာနဲ့ လာတာနဲ့ ပြင်တာနဲ့ သူက ပိုတောင်ကြာဦးမည်။ ဒီတော့ အရာရာမှာ စိတ် ဆိုင်ယ်မြန်ပျှသော မေသည် ကိုယ့်အထုပ်ကိုယ်ဆွဲလျက် လမ်း လျှောက်တော့သည်ပေါ့။

မေ သွားရမည့်ခြံဟာ ကားလမ်းမကြီးကနေ အထဲကို ဆက်တော်ဝင်ရသည်မို့ လမ်းလျှောက်ရတာနဲ့ကို ချွေးကစို့လာပြီဖြစ် သဖြင့် ဝတ်လာသောကုတ်အင်္ကျီကို ချွတ်ကာ ခါးမှာ ချည်ပတ် လိုက်ရသည်။ ကုတ်လက်ရှည်အတိုနှင့် စတိုင်လ်ပန်ဘောင်းဘီရှည် တို့သည် လေယာဉ်ပေါ်မှာတော့ စမတ်ကျ လှပကြော့ရှနေခဲ့ သလောက်မြေနီလမ်းမှာ လမ်းလျှောက်နေရတဲ့ အချိန်မှာတော့ ဘယ်လိုမှ မလှပ မကြော့ရှင်းနိုင်တော့ပြီ။

ဒီလိုပဲ အရာအားလုံးဟာ သူ့နေရာနဲ့သူ လိုက်ဖက် ညီမှပဲ ကောင်းတယ်။ မလိုက်ဖက်တာကို ဇွတ်အတင်းညှိနေလို့ ကတော့ အလကားပဲ။

အမယ်လေး ... မောလိုက်တာ။ လမ်းကလည်း ဆွေးတစ်ကောင် ကြောင်တစ်မြီးမှတောင် မမြင်မိပါလား။ ဟောဟဲ ... ဟောဟဲ ...။



www.burmeseclassic.com

www.burmeseclassic.com



မေသည် ရင်ထဲမှ အတွေးမောကြီးနှင့် အမောဒဏ်ကို မခံနိုင်တော့သည့်အဆုံး လက်ဂွေချိုကို ဘေးချကာ အိတ်ပေါ်မှာပဲ ထိုင်ချလိုက်တော့လေသည်။ မောမောနှင့် စိတ်တိုမိသမျှ သတိရမိသော လူများအားလုံးကို ကျိန်စာတိုက် အမျှဝေနေတုန်းမှာပဲ မေ့နားထဲသို့ စက်သံသဲ့သဲ့တစ်ခု တိုးဝင်လို့လာသည်။ ဟော ... ကားစက်သံတစ်ခုပဲ။ ဘုရားသိကြားမ,လို့ မေ လမ်းကြုံလိုက်ခွင့်ရပါစေ။

မေသည် လက်နှစ်ဖက်ကို ယှက်၍ တိတ်တခိုးဆုတောင်းလိုက်ရင်းမှ မတ်တတ်ထ,ရပ်လိုက်ကာ စက်သံလာရာလမ်းသို့ ခုန်ဆွခုန်ဆွ မျှော်ကြည့်မိသည်။ ဆူညံကျယ်လောင်သော စက်သံဟာ တဖြည်းဖြည်းနီးကပ်လာလျက် အချိုးအကွေ့မှ ဘွားခနဲထွက်ပေါ်လာတာကို တွေ့လိုက်ရသည်ကား စက်တပ်ယာဉ်တော့ စက်တပ်ယာဉ်။ သို့သော် ...။

"ဟင် ... ဒေါ်လုကြည်ကြီးတော့"

မေသည် ပါးစပ်မှ စိတ်ပျက်လက်ပျက်နှင့်ပင် ဘယောင်ယမ်း၍ ထွက်မိသွားသည်။ တဖုန်းဖုန်း တဒိုင်းဒိုင်းနှင့် စက်သံဆူ





နေသော ထော်လာဂျီကတော့ ယိမ်းထိုး ယိမ်းထိုးဖြင့် မောင်းကာ မတ်တတ်ရပ်နေသော မေ့ကို မြင်သွားဟန်တူသည်။ ကြီးမတ်တတ်၊ အိတ်တစ်လုံးနှင့် ကိုးရိုးကားယားဖြစ်နေပုံကြောင့် ရှိန်ကိုသတ်ကာ အနားသို့ ထိုးရပ်လာသည်။ စက်မရပ်ထားသော ထော်လာဂျီစက်သံသည် တဖုန်းဖုန်း တဒိုင်းဒိုင်းဖြင့် နားနိုင်အောင်ကို ဆူညံ၍ နေလေသည်။

မေက ထော်လာဂျီမောင်းလာသောလူကို "ဘယ်လို" ဟူသော သဘောဖြင့် မျက်မှောင်ကုတ်ကြည့်မိသည်။ ဘာရောင်ပေါက်နေမှန်းကို မတင်စားတတ်သော ရုပ်အင်္ကျီလက်ပြတ် အရောင်လွင့်နေသော ဂျင်းဘောင်းဘီကို ဝတ်ဆင်ထားကာ ညစ်ညစ်ကပ်ဦးထုပ်တစ်လုံးကို ဆောင်းထားသော ထော်လာဂျီမောင်းသူက စက်သံများကြားမှ မေ့ကို နင်းကန်အော်မေးနေသည်။

"ဘယ်ကိုသွားမှာလဲ"

မေသည် တဖုန်းဖုန်း တဒိုင်းဒိုင်း မြည်နေသော စက်သံကျယ်နှင့်အပြိုင် အော်ဟစ်မေးနေသော ထော်လာဂျီသမားကို စိတ်ပျက်လက်ပျက်နှင့် နှာခေါင်းမရှုံ့မိအောင် အတော်အောင့်



www.burmeseclassic.com

www.burmeseclassic.com



ထားရလေသည်။ တောက် … တွေ့မယ့်တွေ့တော့လည်း ထော်လာဂျီနဲ့မှ။ မေသည် မဖြေမချင်း ထပ်မေးနေသော ထော်လာဂျီသမားကို သူ့အတိုင်းပဲ ပြန်အော်ရသည်။

"ရှင့်စက်ကြီးကို ခဏလောက်ပိတ်ထားစမ်းပါ"

"ပိတ်လို့မရဘူး။ ပြန်နှိုးရခက်တယ် ပြော … ပြော … ဘယ်သွားမှာလဲ၊ အကောင်းမေးနေတာ"

အမ်မယ်လေး …။ သူကပဲ တစ်ပြန်စီး စိတ်တိုရတယ် ရှိသေး။ မေသည် မောရတဲ့ကြားမှာမှ ညော်ကလည်းညော်၊ နံကလည်းနံ၊ မီးခိုးငွေ့တွေထွက်၊ နားမခံနိုင်လောက်အောင် ဆူညံနေသော ဤထော်လာဂျီကြောင့် ပို၍အမောဆို့သွားသည်။ ကြည့်ပေဦး တစ်စီးလုံး ဘယ်နေရာမှ ထိုင်လိုက်ချင်စရာမရှိ။ မေ ဝတ်လာသော တောင်းဘီအဖြူနဲ့သာ ထိုင်လိုက်လို့ကတော့ ရစရာကိုရှိမှာမဟုတ်တော့ပေ။ ပြီးတော့ ဒီလမ်းနဲ့ ဒီထော်လာဂျီနဲ့ ဆန်ကောထဲကို ဆီးဖြူသီးထည့်လှုပ်တာမှ သက်သာပေဦးတော့မည်။ မေက ရှုံ့မဲ့မဲ့နှင့်ပင် ခေါင်းခါပြလိုက်ကာ …

"ရတယ် … ရတယ် … မလိုက်ဘူး"





"အထဲထိဆိုရင် ဝေးတယ်နော်"

အရေးထဲမှာ စေတနာတွေပို သဒ္ဒါစကားတွေ …သော ထော်လာဂျီသမားကို မေက မျက်စောင်းတစ်ချက်ပင် …င်ထိုးပစ်လိုက်ကာ …

"အဲဒါ ရှင့်အရှုပ်လား၊ သွားမှာသာသွား"

"စေတနာနဲ့ပြောနေတာ"

စေတနာနဲ့ပြောသော စကားကလည်း စက်သံကျယ် …နှင့် ဟာမိုနီလိုက်စွာ ဆောင့်ကြီးအောင့်ကြီးထွက်လာတာမို့ …ထဲမှာ မိုးကြိုးပစ်သလားတောင် အောက်မေ့ရပေသည်။ မေ …ည် ထွက်မသွားနိုင်သေးသော ထော်လာဂျီသမားကို စေ့စေ့ကြည့် … ဒေါသတွေ အလိပ်လိုက် ထွက်လာရသည်။

ဒီတော့မှ ထော်လာဂျီကိုယ်တော်ကား မေ့ရဲ့ အတွင်း …သောကိုရိပ်မိဟန်ဖြင့် မဲ့ပြုံးဆန်ဆန် တစ်ချက်ပြုံးကာ ထော်လာဂျီ …မောင်းထွက်သွားတော့တာဖြစ်သည်။ မေသည် လက်ဂ်ရေ့ချ်ပေါ် … စိတ်ပျက်လက်ပျက်ဖြင့် ထိုင်ချလိုက်ရင်း ဖင်ကပ်သာကျန်တော့ …သာ ရေသန့်ဘူးကိုမော့ချလိုက်သည်။ အဲဒီနောက်မှာတော့ ဒေါသ…



www.burmeseclassic.com

www.burmeseclassic.com



ထွက်တိုင်း မြင်ယောင်လာနေကျဖြစ်သည့် တစ်စုံတစ်ယောက်ထံ မြင်ယောင်လာကာ ရေသန့်ဘူးကို သူ ထင်သည့်အလား စိတ်၏ လက်ရှိ ဖျစ်ညှစ်ချပစ်လိုက်တော့လေသည်။

❦ ● ❦





သူ ခြံရှေ့သို့ ရောက်တာနှင့် သူ ပြန်ရောက်လာပြီ ဆိုတာကို ခြံလုပ်သားတွေအား ဟွန်းတီး၍ ခေါ်စရာမလိုချေ။ လမ်းအကွေ့သို့ ရောက်တည်းကပင် သူ ပြန်လာပြီ ဆိုတာကို ဆော်လာဂျီစက်သံ ကြားတာနှင့် သူ့ခြံထဲက လူတွေအားလုံး သိပြီးဖြစ်သည်။ အဲဒီအခါမှာလည်း ခြံတံခါးက အဆင်သင့်ဖွင့်ပြီး သား။ သူက ခြံထဲသို့ ထော်လာဂျီကို ချိုးကွေ့ဝင်လိုက်ကာ ရပ်နေကျအတိုင်း ခြံထောင့်မှာ ရပ်ထားလိုက်သည်။ ထော်လာဂျီပေါ်က ခုန်ဆင်းလာလျှင် သူ့တပည့် နှောင်ထွေးက အနားသို့ရောက် လာကာ ...

"အဆင်ပြေခဲ့ရဲ့လား ကိုခြိုး"

သူက နှောင်ထွေးကို အပြုံးနှင့် ခေါင်းတစ်ချက်ဆတ် ပြရင်းမှ ပခုံးဖက်ကာ အိမ်ရှေ့က ကွပ်ပျစ်ဆီသို့ လျှောက်လာခဲ့ကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အရင်နေ့တွေက သူနှင့် နှောင်ထွေးတို့နှစ်ဦးသာ အမြဲတမ်း နွားနို့ပို့၊ ကြက်ဥပို့သည့်တာဝန်ကို အမြဲအတူထမ်းဆောင်ခဲ့ရာ၊ နှောင်ထွေး နေမကောင်းဖြစ်နေသောအခါ ဒီတာဝန်ကို သူ တစ်ဦး တည်း ဒီနေ့ယူသည်။

"မင်းရော သက်သာရဲ့လား"

"သက်သာပါတယ် ကိုခြူးရ၊ ကျွန်တော်က ကိုခြူးကို စိတ်ပူနေတာ"

"ဟား … စိတ်ပူရအောင် ငါက မိန်းကလေးမှမဟုတ်တာ ငါတစ်ယောက်တည်းလည်း ဖြစ်ပါတယ်ကွာ၊ မင်းနေ ပန်းလာယူတဲ့ ဖောက်သည်တွေနဲ့ အဆင်ပြေလား"

သူ့စကားကို နှောင်ထွေးက တဟဲဟဲနဲ့ ရယ်လေ လေသည်။ တကယ်တော့ သူလည်း တစ်ကောင်ကြွက်၊ နှောင်ထွေး ကလည်း တစ်ကောင်ကြွက်ဘဝမှာ တစ်ယောက်နဲ့တစ်ယောက် ဆရာတပည့်ဆိုတာထက် ညီအစ်ကိုတွေလိုဖြစ်နေကြပြီဖြစ်သည်။

"ဒါနဲ့ မင်း … ဖိုးလုံးတို့ကိုရော ကြက်ခြံတွေဘက် သေချာ စစ်ခိုင်းရဲ့လား"





"စစ်တယ် ကိုခြူး၊ အားလုံးပုံမှန်ပါပဲ"

"အေး … ဂရုစိုက်ကွာ။ ကြက်ငှက်တုပ်ကွေးက အရမ်းစိုး ရိမ်ရတယ်၊ ချက်ချင်းသိမှဖြစ်တာ …

မင်းတို့လည်း နှာခေါင်းစည်းတို့ လက်အိတ်တို့ သုံး ဖို့မပျင်းကြနဲ့၊ ဟိုကောင်တွေကိုလည်း သေချာမှာထားမှ ဖြစ်မယ်"

သူ့ခြံသည် ဒီနယ်တစ်ဝိုက်မှာတော့ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို တွဲဖက်လုပ်ကိုင်သော ခြံကြီးအဖြစ် ကျော်ကြား သသည်။ ခြံကြီးမှာ (၃)ဧကကျော် ကျယ်ဝန်းကာ အတော်သာ သာ၍ စနစ်တကျရှိသော ခြံဟူ၍လည်း နာမည်ကြီးသေးသည်။ ခြံရဲ့ အနောက်ဘက်စွန်းတွင် တောင်ကုန်းများ၊ ဆင်ခြေလျှောများ နှင့် အဝေးမှ မှိုင်းပြာရှမ်းရိုးမတောင်တန်းကြီးများက တကယ့် ပန်းချီကားတစ်ချပ်လိုပဲ အသက်ဝင်နေသော ရှုခင်းပုံရိပ်များဖြစ် သည်။ စိုက်ပျိုးရေးအပိုင်းနှင့် မွေးမြူရေးအပိုင်းကို သီးသန့်စီခွဲထား ကာ အားလုံးကို သူက စနစ်တကျနှင့် စီမံအုပ်ချုပ်သလို သူ ကိုယ်တိုင်လည်း ကိုယ်ဖိရင်ဖိ ကြိုးစားသဖြင့် အခုချိန်တွင် သူ့ရဲ့ ခြံလုပ်ငန်းမှာ အတော်တိုးတက်အောင်မြင်သည်ဟု ပြောရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် မသိလျှင် သူ့ကို ခြံပိုင်ရှင်တစ်ယောက်ဟု ဘယ်သူကမှ မထင်ကြချေ။ သူက ကိုယ်တိုင်လည်း ထော်လာ မောင်းသလို ကိုယ်တိုင်လည်း အပင်တွေကို ဆေးဖျန်းတတ်သေး သည်။ ပြောရလျှင် သူ့ဘဝကို ဒီခြံကြီးထဲမှာသာ မြှုပ်နှံထားခဲ့တာ ဖြစ်လေသည်။

အသက်ရှည်ချင်စရာကောင်းသော အပင်တွေ၊ သူ မဖောက်တတ်သော တိရစ္ဆာန်တွေကိုသာ အခင်တွယ်ဆုံးဖြစ်သည်။

"ကိုခြိုး ဒီမှာ ကော်ဖီ"

"အေး ..."

သူက ဒေသထွက် သဘာဝကော်ဖီမှုန့်ကို နှပ်ဖျော် ထားသော ဓာတ်ဘူးထဲမှ ကော်ဖီကို ကြွေမတ်ခွက်ထဲ ငှဲ့က ပူပူနွေးနွေး မော့သောက်လိုက်သည်။ အဲဒီအချိန်မှာပဲ ခြံတံခါး မပိတ်ရသေးသဖြင့် မြင်ကွင်းကျယ်ဖြစ်နေသော သူတို့မြင်ကွင်းထဲသို့ ပုံရိပ်တစ်ခုက ဝင်ရောက်လို့လာတာပဲဖြစ်သည်။

ဟော ... အနနက မိန်းမ။ အဖြူရောင်ဇာတ်စုံဖြင့် အိတ်တစ်လုံးကို ယိုင်တိယိုင်တိုင်ဆွဲကာ လျှောက်လို့လာနေသည်။ သူက လိုက်ခဲ့ပါဆိုတာတောင် သူ့ထော်လာဂျီကို စီးရမှာသနသည်





မျိုးဖြင့် မလိုက်ချင်သောမိန်းမသည် အခုတော့ လျှာထွက်အောင် လမ်းလျှောက်လာခဲ့ရပြီဖြစ်သည်။

"ကိုခြိုး ... ဟိုမှာ မိန်းကလေးတစ်ယောက်ပါလား၊ အထုပ် အပိုးတွေနဲ့၊ ဘယ်ကိုလာတာပဲ မသိဘူး၊ သွားမေးကြည့်ရ မလား၊ ကူညီသင့်ရင် ကူညီရအောင်လို့"

အဲဒါက သူတို့နယ်ဒေသတွေရဲ့ ချစ်စရာဓလေ့စရိုက် တစ်ခုဖြစ်သည်။ သူတို့ဆီမှာ ဘယ်သူ့ကိုပဲဖြစ်ဖြစ် ကူညီပေးဖို့ အဆင်သင့်ဖြစ်ကြသည်။ အကူအညီ လာမတောင်းခင်တည်းက ဆီးချင်နေကြသော ဖော်ရွေပွင့်လင်းသည့် စိတ်ထားတို့ကို လူ ငင်းလိုလို ပိုင်ဆိုင်ကြလေသည်။

"သွားမေးမနေနဲ့၊ အဲဒီမိန်းမက ခွဲခြား ခွဲခြားနဲ့၊ ဘဝင်က ခပ်မြင့်မြင့်ရယ်"

သူ့စကားကို နှောင်ထွေးက အံ့သြသလိုဖြင့် မျက် လုံးကြီးမြှုံးကာ ကြည့်သည်။ အဲဒီအချိန်မှာပဲ ထိုမိန်းကလေးက ဟိုဟိုဒီဒီ ဝေ့ဝဲကြည့်ကာ သူတို့ကို မြင်ပုံရသွားသည်။ သို့သော် သူ့ကို မြင်မြင်ချင်းမှာကိုပဲ မျက်နှာကို ဆတ်ခနဲလွှဲသွားလေသည်။

ဟာ ... ဘလိုင်းကြီး။



www.burmeseclassic.com

www.burmeseclassic.com



"ကိုခြူး ... ဟိုမှာ သွားပြီ"

နှောင်ထွေးက အိတ်ကိုဆွဲကာ ဆက်လျှောက်သွာ
သော မိန်းမကို မကူညီပေးလိုက်ရဟန်ဖြင့် နှမြောတသစွာ လ
ညှိုးထိုး၍တောင် ပြလိုက်သေးသည်။

"သွားပစေပေါ့၊ အဲဒါ ဘာဖြစ်လဲ"

"သူ့ကြည့်ရတာ ညှော်သည်ထင်ပါတယ် ကိုခြူးရာ"

"မင်း အဘကြီး၊ မှန်းတာလည်း တော်လိုက်တာ။ ခက်
ဦးမယ်၊ အတော်တော်တဲ့ပညာရှိ၊ သေရင် အတော်ပုပ်
မယ့် ပညာရှိပဲ၊ ဒီအိတ်ကြီး ဆွဲလာမှာတော့ ဒီမြို့က ဟုတ်
မလားကွ"

"အင်းလေ ... ညှော်သည်လည်း ညှော်သည်၊ မိန်းကလေ
လည်း မိန်းကလေးတစ်ယောက်တည်းဖြစ်တဲ့ဟာကို ကိုခြ
က ..."

နှောင်ထွေးက စကားကို ဆက်မပြောတော့သေ
လည်း သူက ဒီကောင် ဘာကိုဆိုလိုချင်တယ်ဆိုတာကို သိသည်
နှောင်ထွေးရဲ့ ပခုံးတစ်ဖက်ကို ခပ်ဖွဖွပုတ်ကာ ...





"အဲဒီမိန်းမကို ငါ လာတုန်းက တွေ့ခဲ့ပြီးသားပါကွာ၊ ငါ ကတောင် သူ့ကို လိုက်မလားလို့ ခေါ်သေးတယ်၊ အမယ်လေး ... ကြီးကြီးကျယ်ကျယ်နဲ့ မရှေ့ရှောက စက်ကိုတောင် ပိတ်ခိုင်းထားသေးတယ်၊ နားငြီးတဲ့ပုံစံနဲ့ ...

ငါက အကောင်းခေါ်တာတောင် ရှင့်အရေးလားတွေ ဘာတွေနဲ့ ရန်တွေ့လွှတ်သေးတာ၊ လာကတည်းက ယဉ်သကိုပဲ ...

မင်း သွားမေးလည်း ဘာလာရောတာလဲ၊ ဘာကြောင့်တာလဲဆိုပြီး ကောလွှတ်ရင် လွှတ်ဦးမှာ၊ တို့ရဲ့စိတ်ရင်းကို သူတို့က နားလည်တာ မဟုတ်ဘူးကွ"

သူ့စကားကို နှောင်ထွေးက နားလည်လက်ခံသွားပုံ ...

"အင်း ... အဲဒါတော့ ဟုတ်မယ်နော်၊ မြို့ကြီးသူတွေက မာနကြီးကြတယ်နဲ့တူတယ်၊ ကိုခြူးက မန္တလေးမှာ ကျောင်းတက်လာတာပဲ ပိုသိမှာပေါ့"

"မသိပါဘူးကွာ၊ ငါက လူတွေထက် အပင်တွေနဲ့ တိရစ္ဆာန်တွေကိုပဲ ပိုစိတ်ဝင်စားတာ ..."



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ အကောင်းဆုံးပဲ”

သူ့စကားကို နောင်ထွေးက သဘောပေါက်ဟန်[illegible]

ဘာမှ ပြန်မပြောပေ။ သူကတော့ တကယ့်ဘဝမှာလည်း အဲဒီ[illegible]

ခံယူထားခဲ့တာဖြစ်သည်။





၂

မေသည် လက်နှစ်ဖက်ကို နောက်သို့ပစ်ထားလျက် [illegible]ခန်းထဲကို လျှောက်ရင်းမှ စိတ်ထဲက တနုံ့နုံ့ဖြစ်မှုကို ဘယ်လိုဖွင့် [illegible]တ်ရမလဲဆိုတာ စဉ်းစားခဲ့သည်။ မေ ခေါက်တုံ့ခေါက်ပြန် [illegible]မ်းလျှောက်နေတာကို ခြံစောင့်လင်မယားက မျက်လုံးအကြောင် [illegible]းဖြင့် ရှေ့သွား ရှေ့လိုက်ကြည့်။ နောက်သွား နောက်လိုက် [illegible]ကြည့်လျက်ရှိနေသည်။

မေက လမ်းလျှောက်နေရာမှ ဆတ်ခနဲရပ်ကာ [illegible]တ်ခနဲကြည့်လိုက်လျှင် ထိုလင်မယားနှစ်ယောက်စလုံးမှာ ခေါင်း [illegible]မတ်ခနဲဖြစ်သွားသည်။ ဒီခြံစောင့်လင်မယားဟာ အတော့်ကို



www.burmeseclassic.com

www.burmeseclassic.com



စည်းကမ်းမရှိ ညစ်ပတ်အကျင့်ပျက်ကြသော လင်မယားဖြစ်သည်။ သူတို့ကို သော့ပိတ်ထားသော အိမ်တစ်လုံးရဲ့သော့ကို အပ်ထား ကာ ခြံထောင့်က တန်းလျားလေးမှာ နေစေတာကို အဲဒီမှာမနေကြ၊ သူတို့က တစ်ထပ်တိုက်ပေါ်မှာ တက်၍နေသည်။

လူမရှိတာမို့ အိမ်ပေါ်မှာ တက်နေကြတာကို မေ အပြစ်မတင်လိုတော့ပြီ။ သို့သော် တစ်အိမ်လုံးကို ရစရာမ ညစ်ပတ်နေအောင် မရှင်းမလင်းဘဲ ထားတာကိုတော့ နည်းနည်း ခွင့်မလွှတ်နိုင်တော့ချေ။ အိမ်ရှေ့ဧည့်ခန်းမှ ဖုန်များသည် အိမ်ထဲ လူလာသတ်သွားလျှင်တောင် တရားခံ၏ခြေရာကို အထူးရှာစ လိုမည်မထင်ပေ။ နောက်ဖေး ထမင်းစားခန်းထဲမှာတော့ စားပြီး သား အိုးခွက်ပန်းကန်တွေက မဆေးဘဲ တောင်လိုပုံပြီးနေသည်။

မေ ရောက်လာတဲ့အချိန်အထိ လင်မယားနှစ်ယော ကား အိပ်ရာမထကြသေး၊ အသက်ထွက်မတတ် လမ်းလျှောက်လာ ခဲ့ရသမျှ ဒီရောက်တော့ သေချင်စော်နံအောင်ပင် အမောဆို့ရသေ သည်။

"ရှင်တို့ လုပ်ပုံ ကောင်းကြသေးရဲ့လား"





"ဗျာ ..."

"ရှင် ..."

လင်မယားနှစ်ယောက်ထံမှ ပြိုင်တူပင် အသံကထွက် လာသည်။ မေက မျက်လုံးများကို မေးစင်းကြည့်ကာ ...

"ရှင်တို့အပြစ်ကို ရှင်တို့ မသိကြဘူးလား၊ ဒီမှာ ရှင်တို့ ကို ဘာလုပ်ဖို့ တာဝန်ပေးထားတာလဲ"

"ဟို ... အိမ် ... အိမ်စောင့်ဖို့ပါ"

"အိမ်စောင့်တယ်ဆိုတဲ့စကားကို လက်လွှတ်စပယ်မပြောနဲ့၊ ဒီအိမ်ရဲ့အဆိုးအကောင်း အားလုံးကို တာဝန်ပေးထားတာ ...

အခုကြည့်စမ်း ဒီအိမ်ကိုလည်း တက်နေသေးတယ်၊ ရစရာမရှိအောင်လည်း ညစ်ပတ်ထားကြတယ်၊ ခြံထဲမှာ ဆိုတာလည်း တောကိုထလို့။ စားပြီးသားပန်းကန်တွေက အပုံလိုက်၊ ဟား ... တော်တော်ခုတ်ပဲ့တဲ့လူတွေ"

မေ့ရဲ့ ပျစ်ပျစ်နှစ်နှစ်အပြောကို မိန်းမဖြစ်သူက တ်ခမ်းကို မဲ့ပြသည်။ မေက စားပွဲခုံကို ဖြန်းခနဲမြည်အောင် ိုက်လိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟို အမျိုးသမီး ... ရှင် ကျွန်မစကားကို ဘာမှ မဲ့ရွဲ့ပြနေ
စရာမလိုဘူး၊ ကောင်းပြီ ရှင်တို့ကို ကျွန်မ တစ်ခုပဲပြောမယ်_
အဲဒါကတော့ ရှင်တို့လင်မယားကို အလုပ်ဖြုတ်ပစ်
တယ်ဆိုတာပဲ"

မေ့ရဲ့စကားကို ကြားလျှင် လင်မယားနှစ်ယောက် စလုံးက ရှုံ့ရှုံ့ရွဲ့ရွဲ့တွေ ဖြစ်လို့သွားသည်။ ယောက်ျားလုပ်သူက အရှိန်မပြေသေးသော မျက်လုံးများဖြင့် နှာခေါင်းကို တစ်ချက်ပွတ် ကာ ...

"ဟာ ... ဒီလိုမျိုး ခင်ဗျား ဖြုတ်ချင်တိုင်း ဖြုတ်လို့တော့ ဘယ်ရမလဲ။ ကျွန်တော်တို့ကို ခန့်ထားတာက ခင်ဗျားမှ မဟုတ်တာ"

လာသေးတယ် ကဇော်သမားကများ။ မေဟာ စိတ် ထဲမှ ပျစ်ပျစ်နှစ်နှစ် ကျိန်ဆဲလိုက်ပြီးနောက် ဒီလင်မယားနှစ်ယောက် ကို ဒီအိမ်မှာ ဘယ်လိုမှ ဆက်ထား၍မရတော့ဘူးဆိုတာ အလိုလို သိမြင်သွားသည်။ ယောက်ျားလုပ်သူက အချိန်ပြည့် မူးရူးနေမည့် ပုံပေါ်လျက် မိန်းမလုပ်သူက ပျင်းစရာရှိလျှင်တောင် ဝယ်ပျင်းမည့်





မျိုးဖြစ်သည်။ အိုး ... မေနဲ့တော့ ဒီလိုလူမျိုးတွေနှင့် လုံးဝ သည်မထင်ချေ။

မေသည် ညစ်ပတ်တာ၊ စည်းကမ်းမရှိတာ၊ အပျင်း လောက် မုန်းတာမရှိတော့ပေ။ ပြီးတော့ ဒီလူတွေရဲ့ပုံစံ မေ မကြိုက်။ ရိုးသားမှုမရှိဘူးဟု မေက ထင်သည်။

"ဒီမှာ ရှင်တို့ကို ကျွန်မ အလုပ်မခန့်ခဲ့ပေမယ့် အလုပ်ဖြုတ် ပိုင်ခွင့်ရှိတယ် ဆိုတာတော့ သိထား၊ ကျွန်မက ရှင်တို့လို ခြံစောင့်မပြောနဲ့ စီမံကိန်းထဲက လူတွေကိုတောင် စိတ် မတွေ့ရင် အလုပ်ဖြုတ်ပစ်လို့ရတယ်ဆိုတာ မှတ်သွားလိုက် ဦး ...

ဒီမှာရှိတဲ့လုပ်ငန်းကြီးတစ်ခုလုံးကို အုပ်ချုပ်ဖို့ ရောက် လာတာ၊ ကဲ ... ဒီလောက် တရှည်တလျား ပြောရရင် သဘောပေါက်တော့၊ အထုပ်အပိုးကို မြန်မြန်ပြင်ပြီးသာ ကြွပေတော့"

အဲဒီနောက် လင်မယားနှစ်ယောက်စလုံးက မေ့ကို င်ပေပေနှင့်ကြည့်ကာ စောင်းငန်း စောင်းငန်းနှင့် ထွက်သွားကြ



www.burmeseclassic.com

www.burmeseclassic.com



လေသည်။ မေသည် သူတို့ထွက်သွားမှ လေပူတစ်ချက်ကို ဖူး
မှုတ်ထုတ်ကာ တစ်အိမ်လုံးကို ဝေ့ဝဲကြည့်လျက် တောက်တ
ချက်ခေါက်မိသည်။ ကြည့်ပေဦး ... ဒီတစ်အိမ်လုံးကို မေတ
ယောက်တည်းနှင့် ဘယ်လိုများ ရှင်းရလေမည်နည်း။

မေသည် ဖုန်အထပ်ထပ်ဖြင့် ညစ်နေသော ဆက်
ခုံပေါ်မှာတောင် ထိုင်ရမှာမသတီ၍ လက်ရန်းနေရာကိုသာ တစ်
နှင့် ပွတ်သုတ်၍ တင်းပါးစွန်းလေး တင်လျှဲထိုင်ရင်း ဒီအိမ်
ဘယ်လိုရှင်းရပါ့ဆိုတာကို စဉ်းစားအကြံထုတ်နေမိသည်။ အဲဒီအခ
မှာပဲ မေ့ရဲ့လက်ကိုင်ဖုန်းက အသံမြည်လာခဲ့သည်။ မေသည
Display ပေါ်မှ ဖုန်းနံပါတ်ကိုကြည့်လျက် တစ်ဖက်က မမြင်နိ
မှန်းသိပါရက်နှင့်ကို မျက်လုံးပြူး နှုတ်ခမ်းကိုက်ပြမိသည်။

ဖုန်းဖွင့်လိုက်လျှင် ...

"ဟိုင်း ... မေလေး နေကောင်းရဲ့လား" ဆိုသေ
သာယာချိုမြနေသည့် အသံတစ်ခုကို နားဆင်ရလေသည်။

"နေကတော့ ကောင်းတယ်၊ စိတ်ကတော့ ရူးချင်နေ
သိလား၊ ဒီနေ့တော့ လုံးဝ တလွဲချည်းပဲ"





"ဟာ ... ဟုတ်လား။ ဘာတွေဖြစ်တာလဲ ပြောပါဦး"

"ဘာဖြစ်ရမှာလဲ၊ လာကြိုတဲ့ကားကလည်း အစုတ်ပလုတ်၊ ခြံကိုရောက်အောင် အဝေးကြီးပဲ လမ်းလျှောက်ရတယ်။ ဒီရောက်တော့လည်း ရင်ဝကို တမင်ဆီးကန်နေသလား တောင်မှတ်ရတယ်။ ခြံစောင့်ဖောတိကလင်မယားက ကျွန်မ ရောက်တဲ့အထိတောင် နိုးတော်မမူသေးဘူး ...

အသံပြာအောင်နှိုးယူရတယ်။ အိမ်ထဲမှာဆိုတာလည်း ပုရွန်တောင်အမှိုက်ပုံသား ဖောက်နေသလား မှတ်ရတယ်။ ယောက်ျားက ကဖော်သမား၊ မယားက အပျင်းထူ လိုက်လည်းလိုက်တဲ့ လင်မယား ...

ကိုရျာန် ဘယ်လိုလူတွေကို အလုပ်ခန့်ထားတာလဲ"

မေ့ရဲ့အပြောကို ကိုရျာန်က မဖြေသေးဘဲ တဟား
ားနှင့်သာ အော်ရယ်၍ နေလေတော့သည်။

"ကျွန်မ ပြောတဲ့စကားထဲမှာ ဘာများရယ်စရာပါနေလို့လဲ"

"မဟုတ်ပါဘူးကွာ။ မေလေးလိုလူမျိုးနဲ့ ဒီအဖြစ်မျိုးနဲ့ ကြုံရတယ်လို့ တွေးမိလို့ပါ၊ ပြီးတော့ မေလေးပြောတာလည်း သဘောကျလို့ ...



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် မေလေးကို ပြောတာပေါ့၊ ဟိုတယ်မှာ တည်းပါလို့၊ ဟိုတယ်ပြင်ဦးလွင်ဆို အခုမှ အသစ်ဆောက် နေတာ၊ အရမ်းမိုက်တယ်၊ မှာ့ဟိုတယ်ကိုပဲ ပြောင်းတည်း ကွာ၊ မေလေး တစ်ယောက်တည်း ကိုယ် စိတ်မချဘူး"

"အာ ... ဒီမှာ ခြံနဲ့ အိမ်နဲ့ တစ်လုံးကြီး ရှိနေတဲ့ဟာ ဟိုတယ်မှာ နေစရာလား။ ကျွန်မက ဟိုတယ်မှာနေချင်လို့ ပြောနေတာ မဟုတ်ဘူး ...

ဒီလိုပဲ စည်းမရှိ ကမ်းမရှိ လက်လွှတ်စပယ် ပစ်ထား တဲ့ ကိုချာန့်ကို အပြစ်ပြောနေတာ သိလား"

မေလေးရဲ့အပြောကို ချာန့်ရဲက တိုးဖွဖွရယ်မောရင်း မှ ဖွေမယူမိချေ။ သူချစ်သော မေလေး ဆိုသည့် ကောင်မလေးဟာ အင်မတန်မှ အသန့်အရှင်းကြိုက်သူ။ စည်းကမ်းကြီးသူ။ စနစ်ကျ သူ။ ကောင်ပေ့ ညွှန့်ပေ့ဆိုတာမှ ကြိုက်တတ်သူ၊ ဘယ်အလုပ်ကို မဆို အားကြိုးမာန်တက်နဲ့ ကောင်းကောင်းမွန်မွန် လုပ်တတ်သူ စသဖြင့် အဲဒီဂုဏ်တွေနဲ့ ပြည့်စုံသော မိန်းကလေးတစ်ဦးဖြစ် သည်။





သူမ မုန်းတယ်ထင်လျှင် ဘယ်သူ့ကိုမဆို အကြောက် နဲ့မရှိဘဲ ဝေဖန်ပြောဆိုတတ်သော ဉာဉ်တစ်မျိုးကိုလည်း ဆိုင်ထားပြန်သေးလေရာ အဲဒီဉာဉ်ဆိုးလေးကိုတော့ သူက နှင်သက်ဆုံးပဲ ဖြစ်တော့သည်။

"မေလေး ပြောရင်လည်း ခံရတော့မှာပဲကွာ၊ လျှော့ကလဲ ချက်ပေးရင်တော့ ရတာပေါ့၊ ဒါပေမဲ့ မပေးတော့ပါဘူး ...

ကဲ ... အခု အိမ်ရှုပ်ပွကြီးနဲ့ မေလေးတစ်ယောက် ဘာဆက်လုပ်မလဲ"

"အခုလောလောဆယ် ဆက်လုပ်မှာတော့ ဖုန်းချပစ်ဖို့ပဲ"

"ဟာ ... အဲဒီလိုတော့ မလုပ်နဲ့လေကွာ"

"လုပ်ရမှာပဲ၊ ကြာရင် လူတစ်ကိုယ်လုံး နွားလာသလို ဖြစ် လာလိမ့်မယ်။ ကားဂိုဒေါင်ထဲက ဂျစ်ကားကရော ဘယ်လို ပုံစံဖြစ်နေပြီလဲ မသိဘူး၊ အဲဒီကားနဲ့ မန်နေဂျာကို သွား ခေါ်ပြီး အလုပ်သမားတွေနဲ့ ဒီခြံကို ရှင်းဖို့လင်းဖို့ စီစဉ် ရဦးမယ် ...

နို့မို့ကတော့ ဒီညအဖို့ အိပ်ပျော်မှာကို မဟုတ်ဘူး ရှင်ကြီးရေ သိပြီလား"



www.burmeseclassic.com

www.burmeseclassic.com



မေက ပြောပြောဆိုဆိုနှင့်ပင် ဖုန်းကို ပိတ်ချ
လိုက်လေသည်။ အဲဒီနောက်မှာတော့ ခရီးရောက်မဆိုက်ပင် မနား
နိုင်တော့ဘဲ ဂိုဒေါင်ထဲမှ ချစ်ကားကိုထုတ်၊ မြို့ခံမန်နေဂျာထံ
သွား၊ အလုပ်သမားတွေကိုခေါ်၊ အရင်ဆုံး အိမ်ထဲကို ရှင်းလင်း
နောက်တစ်နေ့မှာ ခြံထဲကို ရှင်းဖို့ ထပ်လာဖို့မှာကြားကာ ရော
ရောက်ချင်း တစ်နေ့မှာတော့ မေသည် အတော့်ကို အီစလံဝေ
သွားရလေသည်။





"ဖြစ်ပါ့မလား နောင်ထွေးရာ၊ မင်း မဖြစ်လောက်သေးပါ
ဘူး"

"အာ … အစ်ကိုကလည်း ကျွန်တော့်ကို အထင်သေးလိုက်
တာ။ ကျွန်တော် ကိုခြူး မောင်းတာကိုကြည့်ပြီး မျက်စိ
ရည်ဝနေပါပြီဗျ …

ဖြစ်ပါတယ်၊ မနက်စောစော လူရှင်းနေတဲ့ဟာပဲ"

"ကဲ … ဒါဆိုလည်း မောင်းကွာ"

သူက ခွင့်ပြုလိုက်သဖြင့် နောင်ထွေးက ဝမ်းသာအား
ဖြစ်သွားကာ ထော်လာဂျီကို အားကုန်လှည့်၍ စက်နှိုးသည်။
နေ့ သူတို့ရဲ့ ပစ္စည်းတွေကို ပို့တာစောသဖြင့် အပြန်လမ်းမှာ
နောင်ထွေးက ထော်လာဂျီကို စမ်းပြီးမောင်းပါရစေဟု ခွင့်တောင်း
ခြင်းဖြစ်လေသည်။ တဖုန်းဖုန်း တဒိုင်းဒိုင်းနှင့် စက်နှိုးသွား



www.burmeseclassic.com

www.burmeseclassic.com



လျှင် နောင်ထွေးက တက်မောင်း၍ သူက နောက်ထဲမှ နို... များနှင့် ကြက်ဥကတ်အလွှတ်များကို ထိန်းကာ လိုက်ပါလာခဲ့...

နောင်ထွေးကား အတော်ကြီး ဟုတ်နေသဖြင့် ... သွယ်ဘက်ကို ချိုးကွေ့တာတောင် အရှိန်ကမလျှော့ချေ။ ... စောစောမို့ လူရှင်းတာမှန်သော်လည်း အရှိန်များပါက မထိန်းနိုင်... နိုးသဖြင့် သူက သတိပေးရလေသည်။

"နောင်ထွေး လျှော့ထားဦး"

"အေးဆေးပါ ကိုခြူးရ"

"အကွေ့ရောက်ခါနီးပြီနော်၊ မင်း များတယ်"

"မှိုင်နာပါ ကိုခြူးရာ"

"ဟ ... ဟောကောင် ... ဟိုမှာ စက်ဘီး ... စက်ဘီး ... ရှောင် ... ရှောင်"

ထော်လာဂျီဆိုတာမျိုးက ကားစင်တီရာတိုင်တွေ... လွယ်လွယ်ကူကူ ကွေ့လို့ရတာမဟုတ်။ ပြီးတော့ နောင်ထွေး... မကျွမ်းကျင်သေးတာရော၊ လူကိုတိုက်မိမှာ စိုးတာရောကြော... ကြောက်ကြောက်လန့်လန့်နှင့် ဖွတ်ပဲကွေ့လိုက်လျှင် ဘယ်လို...





...နိုင်တော့ဘဲ သူတို့ ထော်လာဂျီမှာ ဝုန်းခနဲမှောက်သွားတော့... သည်။ အဲဒီလိုပဲ တစ်ဖက်က စက်ဘီးဟာလည်း ကိုးရိုးကား... ...ဖြစ်ကာ ခြံတစ်ခြံကို သွားတိုက်၍ ပစ်လဲကျသွားသည်။

သုံးဦးသားစလုံးမှာ ဘယ်သူ့ဘယ်သူကိုမှ ဂရုမစိုက်... ...အားသေးဘဲ ကိုယ့်ဟာကိုယ်သာ ကုန်း၍ထနေရသည်။ သူတို့... ...ဆရခက်တာရော ပို၍နာသွားတာရောကြောင့် တော်တော်နှင့်... ...တတ်မရပ်နိုင်အားသေးခင်မှာပဲ စက်ဘီးနှင့် မိန်းကလေးက... ...သတကြီးပဲ အပြေးရောက်လာကာ ...

"ဒီမှာ ရှင်တို့ ထော်လာဂျီအစုတ်ပလုတ်ကို ဘယ်လိုမောင်းလာတာလဲ၊ တောက် ... စိတ်ပျက်ဖို့ ကောင်းလိုက်တာ၊ မမောင်းတတ်ဘူးလား၊ မမောင်းတတ်ရင်လည်း လမ်းပေါ်တက်မောင်းမနေနဲ့၊ လူနုံလူဖျင်းတွေ"

သူတို့တောင် ကောင်းကောင်းထမရပ်ရသေး။ ထိုမိန်း... ...က ရန်တွေ့နေသည်မှာ ကက်ကက်လန်၍နေလေသည်။ သူသည် ...ဘော်တာဆဖြစ်တာကို တော်တန်ရုံဒေါသမထွက်ဘဲ ချိုးချိုးနှိမ်နှိမ် ...ပြောနေသော ထိုမိန်းမကို တစ်ချက် မော့ကြည့်မိသည်။ မနေ့က...



www.burmeseclassic.com

www.burmeseclassic.com



သူ တွေ့ခဲ့သောမိန်းမ။ သူ့ထော်လာဂျီကိုစီးရမှာ မတူသလို မတန်သလိုလုပ်နဲ့သော မိန်းမဆိုတာ ချက်ချင်းမှတ်မိလို့သွားသည်။ သူကထောင်းခနဲ ထွက်လာသော ဒေါသတို့နဲ့အတူ သူမကို ဘာမှပြန်ပြောဖို့စိတ်မကူးတော့ဘဲ နောင်ထွေးကိုသာ ဆွဲထူမ,လိုက်သည်။

နောင်ထွေးကို မျက်ရိပ်တစ်ချက်ပြလိုက်ပြီးနောက် လဲနေသော ထော်လာဂျီကို ပြန်ထောင်ဖို့ပြင်သည်။ သူမကိုကားဖုတ်လေသည့်ငါးပိ ရှိသည်လို့တောင်မထင်သည့်ပုံစံ ဖမ်းထားလေည်။ သူမသည် ခုန်အုပ်တော့မည့် ကျားရဲမအသွင်ဖြင့် ရောက်သာပြီးလျှင် ...

"ဒီမှာ ရှင်တို့ နားတွေကန်းနေလား ... ဟမ်၊ ပြောနေတာမကြားဘူးလား"

သူနှင့် နောင်ထွေးက လှည့်ကိုမကြည့်ချေ။ သူကနောင်ထွေးကိုပင် စောစောစီးစီး လေ့ကျင့်ခန်းလုပ်ရဦးမှာပေါ့ကွာဟု လှည့်ပြောလိုက်သေးသည်။ သူမကား ဆွေ့ဆွေ့ခုန်အောင်ဒေါသထွက်လာဟန်ဖြင့် သူ့ပခုံးကို ဆွဲလှည့်ပစ်လိုက်လျှင် မျက်နှာနှစ်ခုက တကယ့်ကို အနီးကပ် မျက်နှာချင်းဆိုင်ဖြစ်သွားရသည်။





ဘာသနပ်ခါး၊ ဘာမိတ်ကပ်မှ လိမ်းကျံထားခြင်းမရှိ ဝန်းနုရောင် သဘာဝရှိသည့် မျက်နှာသည် လှချင်ပါရက်နှင့် ်မာဒေါသထွက်မှုကြောင့် ရုပ်ဆိုးအကျည်းတန်နေရသည်။ မျက်လုံးပြူး၍ အံကြိတ်ကြည့်နေပုံမှာ မှားလောက်စရာပင်။

"ရှင်တို့ ဘယ်လိုလူတွေလဲ၊ ကိုယ့်ကြောင့် မိန်းကလေးတစ်ယောက် စက်ဘီးလဲရတဲ့ကိစ္စကို ဘာကိစ္စ မဆိုင်သလိုလုပ်နေရတာလဲ ...

ယဉ်ကျေးမှုခေါင်းပါးလှချည်လား ... ဟင်"

"မင်းကရော ဘယ်လောက် ယဉ်ကျေးနေလို့လဲ၊ ပုံစံကိုကလုကို မတူမတန် အချိုးမျိုးနဲ့၊ ဒီမှာ အားလုံးမတော်တဆဖြစ်တာချည်းပဲ၊ တမင်လုပ်တာ မဟုတ်ဘူး၊ မင်းကစပြီးကက်ကက်လန် စွာနေလို့ ဘာမှ မမေးတော့တာ ရှင်လား"

"အောင်မာ ... အောင်မာ ... ဘရိတ်မမိတဲ့ ထော်လာဂျီအစုတ်ကိုလည်း မောင်းလာသေးတယ်၊ လေကမလျှော့ဘူး၊နေစမ်းပါဦး၊ မကျွမ်းကျင်ဘဲနဲ့ ဘာကိစ္စ လုပ်စားနေရတာလဲ၊ ပြောစမ်းပါဦး"



www.burmeseclassic.com

"ဒီမှာ အမိ။ ငါဘာသာ ထော်လာဂျီအစုတ်မကလို့ ဘာ

မောင်းမောင်း မင်း ဘာမှ ဝေဖန်စရာမလိုဘူး။ မင်းက

ဘယ်လောက်ချမ်းသာနေတဲ့ မိန်းမမို့လို့လဲ။ ရထား

တောင် မငှားနိုင်တဲ့သူကများ"

သူ့စကားကို သူမက ဒေါသချောင်းချောင်းထွ

သွားဟန်ဖြင့် အသားတွေတောင် တဆတ်ဆတ်တုန်လာသည်

ထင်ရလေသည်။

"ရှင် ဘာစကားပြောတာလဲ၊ ရထားလုံး မငှားနိုင်ဘူး

ရှင့်ကိုပြောမိခဲ့လို့လား၊ တောက် ... ယဉ်ကျေးမှုမရှိတဲ့လူ

မိန်းကလေး တစ်ယောက်ကို ဒုက္ခရောက်အော

လည်း လုပ်သေးတယ်၊ နည်းနည်းလေးမှ မတောင်းပန်

အပြင် ယောက်ျားတန်မဲ့ ကဲ့ရဲ့လိုက်သေးတယ်။ အလ

လူ"

သူမရဲ့ ပျစ်ပျစ်နှစ်နှစ်အပြောကြောင့် သူက

လုံးများကို မေးစင်းကြည့်လိုက်ရင်းမှ ခနိုးခနဲ့ပြုံးလိုက်သည်

"ငါ အလကားလူဆိုတာ မင်းက ဘယ်လိုလုပ်သိတာ

ပေါင်းကြည့်ဖူးလို့ ပြောနိုင်တာလား"





"ဘာ ... ရှင် ... ရှင် ... မိုက်ရိုင်းလှချည်လား"

"ဟာ ... ငါ့စကားထဲမှာ ယုတ်ရင်းကြမ်းတမ်းတာ တစ်ခု

မှမပါဘူး။ မြန်မာစကားပုံတစ်ခုရှိတာ မင်း မကြားဖူးဘူး

လား။ လူ့အကြောင်း ပေါင်းကြည့်မှသိတဲ့။ မင်းက ငါ့ကို

အလကားလူလို့ ပြောရအောင် ငါနဲ့ အပေါင်းအသင်းလုပ်ဖူး

လို့လား၊ ဒါကိုမေးတာ ဘာတွေးနေတာလဲ"

"တောက် ... ရှင့်လို ကျက်သရေတုံးတဲ့လူနဲ့ စကားဖက်

ပြောမိတာကိုက အမှား"

သူမက ဆောင့်ဆောင့်အောင့်အောင့်နှင့် ပြောကာ

နဲ့ လှည့်ထွက်သွားလေသည်။ ပြီးတဲ့နောက်မှာတော့ ပြိုင်ဘီး

ကျ် နင်းသွားပုံမှာ တရကြမ်း။ သူက ဂရုမစိုက်ဟန်ဖြင့်

တစ်ချက်တွန့်ကာ ပြန်လှည့်လိုက်လျှင် မျက်နှာငယ်လေးနှင့်

နေသော နောင်တွေးကို တွေ့လိုက်ရသည်။

သူက နောင်တွေးရဲ့ပခုံးက အားပေးသလို တစ်ချက်

ချက် ပုတ်လိုက်ကာ ...

"စိတ်မကောင်း ဖြစ်မနေနဲ့၊ တခါတလေ ဒီလိုပဲဖြစ်

တတ်ပါတယ်၊ ကဲ ... မ,လိုက်ရအောင်"

www.burmeseclassic.com



"ကိုခြူး ... အဲဒါ ဟို ... ဟိုဘက်မြက"

"ဟိုဘက်ခြံ !...။ ဟိုဘက်ခြံမှာက လင်မယားနှစ်ယော

တည်းနေတာပါ"

"အဲဒါက ခြံစောင့်တွေ ကိုခြူးရဲ။ အဲဒီမိန်းမက ပိုင်ရှ

မနေ့ကမှ ရောက်လာတာ။ အဲဒါ သူ့စိတ်နဲ့ မတွေ့လို

လင်မယားနှစ်ယောက်စလုံးကို ချက်ချင်းပဲ အလုပ်ထု

လိုက်တယ်တဲ့ ...

ဒီမိန်းမ ကြည့်ရတာ တော်တော်ဆိုးပုံ ပေါ

နော်"

"အလကားပါကွာ။ သူ့ကိုယ်သူ ဘာများထင်နေလဲမသိ

တစ်လောကလုံးမှာ သူ့လောက်မြင့်မြတ်တဲ့လူ မရှိဘူး

သွေးနားထင်ရောက်နေတဲ့ပုံစံမျိုးပဲ"

"ဒါပေမဲ့ အခုကိစ္စမှာတော့ ကျွန်တော်တို့က မှားတာပ

သူ့ဟာသူစက်ဘီးစီးလာတာ ကျွန်တော့်ကြောင့်သာ

မဖြစ်ရင် ဘာပြဿနာမှတက်စရာအကြောင်း မရှိဘူး

မှားတာကတော့ ကျွန်တော်ပေါ့"





နှောင်ထွေးက နဂိုတည်းက စိတ်ရှည်သည်းခံကာ တစ်ဖက်သားကို သနားတတ်သူမို့ အပြုသဘောဆောင်ကာ ပြောဆိုတတ်နေလေသည်။ မှားတာကတော့ ကိုယ့်ဘက်က စ,မှားတာ ဖြစ်ပေမယ့် သူမ ပုံစံက ဆတ်ဆတ်ထိမခံ နှိမ်ချစော်ကားဒေါသကြီးနေသည်မို့ သူကလည်း အောက်ကျနောက်ကျ မခံနိုင်ခြင်းပင် ဖြစ်လေသည်။

ပြောရလျှင် သူကလည်း မိန်းမတွေကို သိပ်သည်းခံတတ်သူ မဟုတ်တာလည်း ပါပါသည်။

"ဟုတ်ပါတယ်၊ ဒါပေမဲ့ မင်းလည်း သူ ပြောတာတွေကြားသားပဲ၊ သူ့ကို တောင်းပန်ဖို့ ငါတို့မှာ ကုန်းရုန်းထနေတုန်းရှိနေသေးတယ်၊ သူကတော့ ဒေါသစိတ်ကြောင့် နာရကျင်ရကောင်းမှန်းတောင် မသိဘူး၊ ကုန်းထလာပြီး အသားကုန် နွှာတော့တာပဲ"

သူ့စကားကို နှောင်ထွေးက သဘောကျဟန်ဖြင့် ဟက်ခနဲရယ်သည်။ ဒီလောက် အပြောခံထားရတာတောင် နာရကောင်းမှန်း မသိသောစိတ်ဓာတ်မှာ ကောင်းတော့ကောင်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် အိမ်နီးချင်းနားဆိုတော့ တွေ့တော့တွေ့နေရမယ်နဲ့တူတယ်။ အဆင်မပြေဖြစ်နေရင်တော့ မကောင်းဘူးထင်တယ်နော်"

သူက ရှေ့ရေးအတွက်ပါ တွေးပူနေသော နောင်တော်ရဲ့ ဦးခေါင်းလေးကို သဘောကျစိတ်ဖြင့် ပုတ်လိုက်ကာ ...

"ကဲ ... အခုလောလောဆယ် သူ့အကြောင်းကို ခေါင်းထဲက ထုတ်ထားလိုက်တော့ မင်း စ,ထားတဲ့ဓာတ်လမ်းကို ရှင်းကြဦးစို့"

အဲဒီနောက်မှာတော့ သူဟာ အပေါက်ဆိုးဆိုးမိန်းမကို ခေါင်းထဲက ထုတ်ထားပစ်တော့လျက် သူတို့နှစ်ဦးသည် နှိပ်စက်ပုံးတွေ၊ ကြက်ဥကတ်တွေ ကောက်ရှင်းရင်းနှင့် အလုပ်ရှုပ်မောဟိုက်ကြရတော့သည်။





၃

မေသည် အခုမှပဲ အိမ်နဲ့တူသွားသော သပ်ရပ်သန့်ပြန့်သွားသည့် အိမ်လေးကို ကြည့်ကာ သဘောကျစိတ်ဖြင့် ကျေနပ်ပြုံးနေမိသည်။ မန်နေဂျာက မေ ကျေနပ်နေတာကို သဘောကျဟန်ဖြင့် ...

"မတော်ဦးမေ စိတ်တိုင်းကျရဲ့လား"

"အိုး ... ကျတာပေါ့၊ ကျွန်မ ရောက်ခါစနဲ့စာရင် အများကြီး ကွာသွားပြီ။ အရင်နေခဲ့တဲ့ ခြံစောင့်လင်မယားဟာလေ ညစ်ပတ်လိုက်တာလည်း လွန်ပါရော ..."

ယောက်ျားကလည်း အချိန်ပြည့် မူးရူးနေတယ်နဲ့တူပါတယ်၊ အဲဒါကြောင့် သဘောမတွေ့တာနဲ့ ချက်ချင်းပဲ အလုပ်ထုတ်ပစ်လိုက်တာ ...



www.burmeseclassic.com

www.burmeseclassic.com



သူတို့က ပေးထားတဲ့ ဆားဗင့်ကွာတားမှာ မ
ဒီအိမ်ပေါ်မှာ တက်နေပြီး အားရအောင် ရှုပ်ဖွထားကြ

မန်နေဂျာက မေ့ရဲ့အပြောကို တသြော်သြော် ခေါင်းညိတ်ကာ ထောက်ခံသည်။ မန်နေဂျာသည် သွက်လက်ထ မြက်ပုံ အပြည့်ရှိသော၊ တစ်ခုခုဆိုလျှင် ဒိုးဒိုးဒေါက်ဒေါက် အားမနာစတမ်းပြောချဖို့ ဝန်မလေးသော အုပ်ချုပ်ရေးမှူးဟု အမည်ရာတူးဖြင့် တစ်နေ့ကမှ ရောက်လာခဲ့သည့် မိန်းမချော ငေးမောကြည့်နေမိသည်။

ကျောလယ်နားတစ်ဝိုက်ထိ အလိပ်လိပ် အရှေ တွေ ဖြာနှံ့စွာကျနေသော ရွှေညိုရောင်ဆံနွယ်တွေနှင့် အရပ် မြင့်ရှိသော တော်ဦးမေသည် မြင့်လိုက်တာနှင့် အဆင့်အတန်းတ ရှိသော ထူးခြားသည့် ရုပ်ရည်မျိုးကို ပိုင်ဆိုင်ထားသည့် မိန်းမ ယောက်ဖြစ်သည်။ သူမသည် ရေဆင်းစိုက်ပျိုးရေးတက္ကသို မဟာဘွဲ့ရထားသူတစ်ယောက်ဖြစ်သည်ဟု သိရလျက် ဒီမှာရှိ ခြံလုပ်ငန်းများနှင့် ရုံးခွဲကို အုပ်ချုပ်ရေးမှူးတစ်ယောက်အနေ ရောက်ရှိလာခဲ့သည်ဟု ဝန်ထမ်းတွေက သိထားခဲ့ကြရသည်။





သို့သော် တိုးတိုးတိတ်တိတ် ကြားသိရသော အတွင်းသတင်းတစ်ခုကတော့ လမ်းတံတားဆောက်လုပ်ရေးများ၊ ဆီအုန်း၊ ရာဘာစိုက်ခင်းများ၊ စက်ရုံများစွာတို့ကို လုပ်ကိုင်ဆောင်ရွက်နေသည့် "ရှီးမသစ္စာ"လုပ်ငန်းကြီး၏ သား ဈာန်ရဲ၏ ရည်ရွယ်သူတစ်ယောက်ဖြစ်သောသူ၊ ထို့အတွက်ကြောင့် အထူးအလေးထားဆက်ဆံဖို့လိုကြောင်း သိနားလည်ပေးထားရသောသူဖြစ်သည်။

"ဒီမှာ မတော်ဦးမေ တစ်ယောက်တည်းနေဖို့မဖြစ်ဘူးနဲ့တူကယ်၊ ဟို မဖြစ်ဘူးဆိုတာ အဖော်တစ်ယောက်ယောက်ရှိဖို့"

တော်ဦးမေက မန်နေဂျာကို လှပစွာပြုံးပြသည်။ စိတ်မပူဖို့ ပြုံးပြသောအပြုံးမျိုးဖြစ်သဖြင့် အဲဒီအပြုံးတွင် မန်နေဂျာတောင် ငေးခနဲ ဖြစ်သွားရလေသည်။

"စိတ်မပူပါနဲ့ ဒီရက်ပိုင်းအတွင်းမှာပဲ ကျွန်မနဲ့ အတူတူနေမယ့် သူငယ်ချင်းတစ်ယောက် ရောက်လာမှာပါ"

"ဟို စားရေးသောက်ရေးကကျတော့"

"ကျွန်မက ကျွန်မ အမေချက်တဲ့ ထမင်းဟင်းကလွဲရင် တခြားဘယ်သူချက်တာမှ စားဖို့စိတ်မသန့်ဘူး။ ဒီတော့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကိုယ်တိုင်ပဲ ချက်ဖို့စိတ်ကူးတယ်၊ အဆင်ပြေပါ တယ်"

မန်နေဂျာက စိတ်ထဲမှသာ ပခုံးတစ်ချက်တွန့်လိုက်မိ လေသည်။ ဒီမိန်းမဟာ ကိုယ်တိုင်ချက်ပြုတ်စားသောက်သတဲ့၊ အိမ်သန့်ရှင်းရေးကိုလည်း ကိုယ်တိုင်ကိုယ်ကျလုပ်မည့် သဘောရှိ သေးသည်။ ပုံစံက စနစ်ဖယားကြီးသည့်ပုံစံ ဖြစ်သော်လည်း ဘယ် အရာမဆို ကိုယ်တိုင်လုပ်ပြီး ကိုယ်တိုင်အပင်ပန်းခံမည့်ပုံစံအပြည့် ကို ရှိလေသည်။

အင်း ... တော်တော်တော့ သတိထားရမယ့်မိန်းမပဲ။

"ဟုတ်ကဲ့ ဒါဆိုရင်လည်း လိုအပ်တာရှိရင် ကျွန်တော့်ကို ပြောပါ၊ အလုပ်ကိစ္စမှာပဲဖြစ်ဖြစ် တခြားဘာကိစ္စမဆို မကျေနပ်တာတွေရှိရင်လည်း ပြောပါခင်ဗျာ"

"အိုကေ ... အိုကေ ... လိုအပ်တာရှိရင်ပြောပါ့မယ် သင့်ခ်ယူ"

မေက နှုတ်ဆက်လိုက်လျှင် မန်နေဂျာဖြစ်သူက အလုပ်ကိစ္စအကြောင်း တစ်ခဏတာ စကားပြောဆိုပြီးနောက် နှုတ်ဆက်ကာ ပြန်သွားသည်။





မေသည် မန်နေဂျာကို ဆိုင်ကယ်ရပ်ထားရာ နေရာ အထိ လိုက်ပို့ရင်းမှ ခေါင်းထဲ၌ အကြံတစ်ခု လက်ခနဲပေါ်လာသည်။ ယခုက ရန်ကုန်သူတစ်ယောက်မို့ ဆိုင်ကယ်နှင့် ရင်းနှီးကျွမ်းဝင် ခြင်းမရှိခဲ့သော်လည်း ဆိုင်ကယ်စီးရတာကိုတော့ အတော်သဘောကျ သည်။

မန္တလေးမြို့သို့ အလည်ရောက်လေတိုင်း ဧမန်းသူ ဆာ့ ဆိုင်ကယ်စီးတတ်တာကို မေ သဘောတကျ ငေးမောနေခဲ့ဖူး သည်။ ဆိုင်ကယ်စီးရတာသည် ကားမောင်းရတာထက် လွတ်လပ် ပေါ့ပါးမှု အပြည့်ရှိသည်ဟု ထင်သည်။ ပြီးတော့ ဆိုင်ကယ်က ကားထက်စာလျှင် ထသွားလာသွားလုပ်၍ ပိုကောင်းသည်ဟုထင် သည်။

"ဒီဆိုင်ကယ်မျိုးတွေကျတော့ ဒီမှာ ဘယ်လောက်ပေါက် သလဲဟင်"

မေ့ရဲ့အမေးကို မန်နေဂျာက မျက်ခုံးပင့်ကာ လှည့် ကြည့်သည်။ မေက ပြုံးပြုံးနှင့် ခေါင်းညိတ်ပြလိုက်လျှင် ...

"မတော်ဦးမေက စိတ်ဝင်စားလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ကျွန်မ ဆိုင်ကယ်ကို သဘောကျတယ်၊ ဒို(DT)တွေကို ပိုသဘောကျတယ်။ မန္တလေးမှာ ရှမ်းတရုတ်လေးတွေ အဲဒီဆိုင်ကယ်ကြီးတွေ စီးသွားတာမြင်ရရင် အရမ်းသဘောကျတာပဲ ...

ဒါပေမဲ့ မိန်းကလေးကျတော့ နေရာတိုင်းစီးလို့ မသင့်တော်ဘူး"

"ဟုတ်တယ် ဒို(DT)တွေကျတော့ လူငယ်တွေက ပိုကြိုက်ကြတယ်၊ ဒီဆိုင်ကယ်မျိုးတွေကျတော့ ယိုးဒယားဘီးတွေပေါ့၊ Dreamလို့ခေါ်တယ်၊ ဟွန်ဒါကထုတ်တဲ့ ဂျပန်ဘီးတွေလည်း ရှိတယ် ...

ဆူပါကပ်တွေလေ ဒက်ခ်ဂရင်းတို့၊ ခဲဘီးတို့ အစီးများကြတယ်၊ မိန်းကလေးတွေကျတော့ အဲဒါမျိုးတွေနဲ့ ပိုလိုက်တယ် ...

ဘာလဲ မတော်ဦးမေက ဆိုင်ကယ်စီးချင်လို့လား"

"အင်း ... စိတ်ကူးကြည့်တာပါ"

"ဟုတ်ကဲ့ စဉ်းစားရင် ကျွန်တော့်ကိုပြောလေ၊ ကူညီပေးပါမယ်"





မေက ပြုံးကာ ခေါင်းညိတ်ပြလိုက်သည်။ အဲဒီနောက် [illegible]ဂျာက နှုတ်ဆက်ပြီး ပြန်သွားလျှင် မေသည် ခြံဝင်းထဲသို့ [illegible]ဒီဒီ လျှောက်ကြည့်ရင်းမှ တစ်ဖက်ခြံ၏ ခြံစည်းရိုးနားသို့ ရောက်လာခဲ့သည်။

စူးစမ်းတတ်သော သူမရဲ့ မျက်လုံးများသည် ဘာ[illegible]ဟုတ် တစ်ဖက်ခြံထဲသို့ လှမ်းကြည့်ပြီး စူးစမ်းမိသားဖြစ်[illegible]သည်။

အဲဒီအချိန်မှာပဲ ရှုခင်းတစ်ခုက မေ့ကို လှပစွာ ဆွဲ[illegible]င်ဖြားယောင်းလိုက်တာကို ရင်သပ်ရှုမောဖွယ် ခံလိုက်ရလေ[illegible]၏ ဆေးရောင်တစ်ခုဖြင့် စုတ်ချက်တို့ထားသလို ရှုမဆုံးနိုင်[illegible] ပန်းခင်းကြီးရဲ့မြင်ကွင်းသည် အသက်ဝင်နေသော ပန်းချီ[illegible]တစ်ချပ်လိုပဲဖြစ်သည်။ ဂန္ဓမာပန်း၊ သစ္စာပန်း၊ နှင်းဆီပန်း၊ [illegible]ယာ စသဖြင့် သူ့အကန့်နဲ့သူ စိုက်ပျိုးထားသော ပန်းခင်း[illegible]မှာ ဘယ်လိုမှ မျက်စိမခွာချင်စရာကောင်းအောင်ပဲ လှပလို့ နေသည်။ မေ့နှာခေါင်းထဲကိုတောင် ပန်းရနံ့တွေ တိုးဝင်လာနေ[illegible]ပဲ။



www.burmeseclassic.com

www.burmeseclassic.com



မေသည် သန့်ရှင်းလတ်ဆတ်လွန်းသော လေထု အားပါးတရ ရှူရှိုက်သွင်းကာ တစ်ခဏအတွင်း၌ စိတ်ရောကိုယ် ပါ ငြိမ်းချမ်းအေးမြသွားရသည်။ ဒီလောက်လှပတဲ့ ပန်းခြံကြီး အလှစိုက်ထားတာတော့ မဟုတ်နိုင်ဘူးဟု ထင်သည်။ မေသည် ဖြူဖွေးနေသော ဂန္ဓမာပန်းခင်းကြီးကို မြင်ကာ သဘောကျမိ ဖြင့် ဓာတ်ပုံရိုက်ယူဖို့ စိတ်ကူးမိသည်။ အဲဒီပုံကို မေ့လက်ကိုင် ဖုန်းရဲ့ background ပုံအဖြစ် သုံးချင်လေသည်။

မေသည် ခြံထဲမှ လှရိပ်လှခြေကို တစ်ချက်အ ခတ်လိုက်ပြီးသည့်နောက်တွင် ကုတ်အင်္ကျီထဲမှဖုန်းကို ထုတ် ခြံစည်းရိုးအနားသို့ တရွေ့ရွေ့တိုးကပ်သွားမိသည်။ အဲဒီနောက် focus ကို အသေအချာချိန်ရွယ်နေပြီးနောက် စိတ်ကြိုက်တစ်ပုံ ဖျတ်ခနဲရိုက်ယူလိုက်သည်။

အားပါး တယ်လှပါလား။ ဂျပန်မှာရိုက်တဲ့ဓာတ် ကျနေတာပဲ။ လာဦးမယ်။ ထောင့်တစ်မျိုးက နောက်တစ်ပုံ ကဲ ...။

"ဟဲ့ ... ဘာကြီးတုံး"





အဲဒီအချိန်မှာပဲ မေရဲ့ ကင်မရာချိန်ထားသော မြင် ကွင်းထဲသို့ နှာခေါင်းကြီးတစ်ခုက မော့ပြီးတိုးဝင်လာသဖြင့် မေ သည် ဖုန်းကိုလွှတ်ချမိတော့မလိုတောင် ဖြစ်သွားသည်။ ဂန္ဓမာ ဖြူတွေကို ချိန်ထားသောမြင်ကွင်းထဲသို့ နှာခေါင်းကြီးတစ်ခုက သွားခနဲ ပေါ်လာခြင်းသည် မေ့ကို ရုတ်တရက် ထိတ်လန့်သွား သည်။

မေက ဖုန်းကို ဖယ်လိုက်လျှင် မေ့ကို ရှုတင်းတင်း ကြည့်နေသော မျက်နှာတစ်ခုကို ရင်ဆိုင်လိုက်ရသည်။ မေသည် အဲဒီလူကို အမြင်တွင် ချက်ချင်းပဲ မှတ်မိလိုက်သွားသည်။ ဒီလူ ဆော်လာဂျီသမား။

"ရှင် ... ဒါ ဘာလုပ်တာလဲ"

မေ့ ပါးစပ်မှ ယောင်ယမ်းပြီး ထွက်သွားသောစကား ကြောင့် ထိုလူက အမြင်ကတ်ဖွယ်ကောင်းအောင်ပင် ခေါင်းကို ဆောင်းကာ ဟက်ခနဲ တစ်ချက်ရယ်သည်။

"သူခိုးက လူလူဟစ်လို့ပါလား။ ဒီစကားကို ငါက မင်း ကို မေးရမှာကွ၊ သူများခြံထဲကို ခိုးကြောင်ခိုးဝှက်နဲ့ မင်း ဘာလုပ်နေတာလဲ ...



www.burmeseclassic.com

www.burmeseclassic.com



ဘာကိစ္စ ဓာတ်ပုံရိုက်နေရတာလဲ"

မေသည် ထော်လာဂျီသမားရဲ့အပြောကြောင့် မျက်လုံးပြူးသွားကာ ဖုန်းကို နောက်သို့ ကွယ်ဝှက်လိုက်ရင်းမှ –

"ဘာ ... ဓာတ်ပုံရိုက်တယ် ဟုတ်လား၊ ဘယ်မှာ ဓာတ်ပုံရိုက်နေလို့လဲ၊ ဘယ်မှာလဲ ဓာတ်ပုံရိုက်တဲ့ ကင်မရာက"

မေက ထော်လာဂျီသမား မသိလောက်ဘူးအထင်ဖြင့် ခပ်တည်တည်ပဲ လိမ့်လိုက်သည်။

ထော်လာဂျီသမားက ပိတ်ရိုက်ပစ်ချင်စရာ ကောင်းအောင်ပင် မနိုးမခန့်ရယ်မောကာ ...

"မင်းက ကိုယ့်ကိုယ်ကိုယ်မှ အဟုတ်ကြီးထင်ပြီး သူများကိုတော့ တော်တော်အထင်သေးတတ်တဲ့ မိန်းမပဲ ...

ကဲပါ ... အခု မင်း မဝန်ခံဘူးပေါ့။ ရပါတယ် ဒါပေမဲ့ ဘယ်သူ့ကိုပဲညာညာ ကိုယ့်ကိုယ်ကိုယ်တော့ညာလို့မရဘူး ...

ဟုတ်တယ် မဟုတ်လား"

ထော်လာဂျီသမားက မေ့ကို ခပ်တည်တည်နှင့်ပင် ဒဿနစကားတွေကို ဆိုနေလိုက်သေးသည်။ မေသည် ရှုံ့ကြောင်





ကြောင် ထော်လာဂျီသမားနှင့် ခြံချင်းကပ်ရပ် လာဖြစ်နေရသည့်အတွက် စိတ်ပျက်စွာဖြင့် ကျစ်ခနဲ စုတ်သပ်မိသည်။

"ဒီမှာ ... ရှင် ကျွန်မကို ဘာမှ စကားရောဖောရော လာလုပ်ဖို့ ကြိုးစားမနေနဲ့ ...

ရှင်တို့နဲ့ ဖြစ်ခဲ့တဲ့ကိစ္စကိုလည်း အခုထိ အစာမကြေသေးဘူးမှတ်ပါ"

"အစာမကြေဘူး ... စောစောကပြောပါလားဗျာ၊ မြန်မာ့ဆေးဝါးတွေ ပါ၊ အစာကြေလျက်ဆားလောက်ကတော့ ဒါနလုပ်နိုင်ပါတယ်"

မေသည် ထော်လာဂျီသမားကို စူးစိုက်ကြည့်ကာ နှုတ်ခမ်းကို ကိုက်ထားမိလေသည်။ ကြည့်ပေဦး ... ဝတ်ထားသော စစ်အင်္ကျီဆွယ်တာအစုတ်နှင့် အတော်ဟောင်းနွမ်းနေမှန်းသိသာနေသည့် ဂျင်းန်ဘောင်းဘီ ခပ်မွဲမွဲတစ်ထည်။ ပါးမြိုင်းမွေးများက ဟိုတစ်စ ဒီတစ်စနှင့် ပေတူးတူး ဂျစ်ကန်ကန် ကောင်းဘွိုင်ပုံမျိုးနှင့် ထော်လာဂျီမောင်းသမားက မေ့ကို စ,လားနောက်လား လုပ်နေတာကို မေသည် မခံချိ မခံသာဖြင့် အတော်ဒေါသထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ထော်လာဂျီသမား၊ ရှင့်ကို တစ်ခုပြောထားမယ် ကျွန်မကို စ,လားနောက်လား လာမလုပ်နဲ့။ ကျွန်မ ရှင် စ,နောက်ရမယ့်မိန်းမမျိုး မဟုတ်ဘူး ...

အဲဒါကို မြဲမြဲမှတ်ထား"

"ဟာ ... မင်းကို ငါ ဘယ်မှာ စ,နောက်နေလို့လဲ။ မင်း ပဲ အစာမကြေဘူးလို့ ပြောခဲ့တယ် မဟုတ်လား ...

အဲဒီစကားကို မင်း တကယ်ပဲပြောခဲ့ဖူးလား။ အဲ လေးတင်ပဲ မင်း ပြောလိုက်တာလေ။ ဘာလဲ ဦးနှောက် အဲဒီလောက်တောင် ယိုယွင်းနေပြီလား"

မေသည် စကားကို လက်တစ်လုံးခြား လိုသ လှည့်ပြောနေသော ဂျစ်တူးကောင်ကို မျက်လုံးပြူးဖြင့် စိုက်ကြည့် နေမိသည်။

"ဒါနဲ့ နေပါဦး။ မရှင်းလို့ ထပ်မေးပါရစေဦး။ မင်းလို မိန်းမမျိုးကို မစ,နောက်ရဘူးဆိုတော့ ဘယ်လိုမိန်းက လေးမျိုးကို စ,နောက်ရမှာလဲ ...

အဲဒါမျိုးက ဥပဒေထုတ်ထားတာရှိလို့လား။ တကယ် ကို မကြားဖူးလို့ပါ။ သိရင် ပြောပြပေးစမ်းပါ"





"တွေ့တယ်မဟုတ်လား။ စကားပြောနေတာကိုက အဆင့် မရှိတဲ့အကြောင်း ပြနေတာ"

မေ့ရဲ့ မကျေမနပ် ရေရွတ်သံကို သူက မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် ဘေးဘီကို ဝေ့ဝဲကြည့်ရှုကာ ...

"ဟာ ... ခင်ဗျား ဘယ်သူ့ကို ပြောနေတာလဲ။ ခင်ဗျား ဘေးမှာလည်း တစ်ယောက်မှမရှိဘူး။ စိတ်တော့ကောင်းပါ တယ်နော်"

"ရှင်သာ ဦးနှောက်ပျက်နေတာ။ အပေါ်အကြောင်းသမားက"

"ဟား ... ငါပြောတာ ဘာမှားနေလို့လဲ။ အခုချိန်ထိ မင်း ပြောတဲ့ စကားတွေနောက်ကို လိုက်ပြီးပြောနေတာပဲ ရှိသေး တယ်နော် ...

မင်းက မင်းကိုယ်မင်း စ,နောက်စရာ မိန်းကလေး မဟုတ်ဘူး ဆိုတော့ ဘယ်လို မိန်းကလေးမျိုးတွေကိုမှ ယောကျ်ားတွေက စ,နောက်ရမှာတဲ့လဲ ...

ပန်းစိုက်တဲ့ မိန်းကလေးတွေ၊ မက်မန်းယိုလုပ်တဲ့ မိန်းကလေးတွေ အဲဒါမျိုး မိန်းကလေးတွေကိုပဲ နောက်ရမယ် ပေါ့။ အဲဒီလိုလား"



www.burmeseclassic.com

www.burmeseclassic.com



...ည် အတော့်ကို မာနကြီးကာ ခွဲခြားမောက်မာတတ်သည့် ...းမဖြစ်သည် ဆိုတာပင်။

လူတစ်ဖက်သားကို အထင်သေးသည့် မျက်လုံးတွေ ... ကြည့်တတ်သူမှာလည်း သူမအပြင် နှစ်ယောက်မရှိချေ။ ...ရဲ့ လက်ကိုင်ဖုန်းထဲက ကင်မရာဖြင့် သူ့ရဲ့ ဂန္ဓမာပန်းခင်း ...ကို ဓာတ်ပုံရိုက်ယူနေတာကို သူက အစောကြီးတည်းက မြင် ...ခဲ့ပြီးသားဖြစ်သည်။ သူမ ခြံစည်းရိုးနားသို့ ရောက်လာတာ၊ ...ခင်းကြီးကို စိတ်ဝင်တစားဖြင့် ကြည့်ရှုကာ နောက် ဘေးဘီ ...ကိုကြည့်ရှုပြီးနောက် အင်္ကျီအိတ်ကပ်ထဲမှ ဖုန်းကိုထုတ်ယူ ...တာ စသဖြင့် သူက အားလုံးကို မြင်နေခဲ့သည်။

ဒါတောင် သူ့ကို ဖုန်းထဲမှာ ကင်မရာပါတာကို ...လောက်ဘူး အသယင်ဖြင့် ခပ်တည်တည်ဖြင့် ဖိန့်လိုက်သေးလေ ...ည်။

ဟင်း ... မောပါ။

"ကိုခြူး ကျွန်တော့်ကို မလှုပ်ပါနဲ့ဗျ ပြောပြပါ။ ကိုခြူးနဲ့ အဲဒီအစ်မကြီးနဲ့ ခင်သွားပြီပေါ့ ဟုတ်လား"





မေလည် စကားကို ကပ်သတ်ပြောနေသော ထော်... လာဂျိုသမားကို စေ့စေ့ကြည့်ကာ ဆက်ပြောနေလျှင် အရှည်တွေ... ဖြစ်နေသဖြင့် ချာခနဲလှည့်ထွက်လို့လာခဲ့လေသည်။ အဲဒီအချိန်မှာ... ပဲ မေ့ရဲ့နောက်ကျောဘက်ဆီသို့ သူ့ရဲ့လှောင်ပြောင်ရယ်မောသံ... ကြီးက ကပ်ငြိလို့ ပါလာခဲ့သေးသည်။

တောက် ... ကိုရှာန်တို့များ ဘယ်လိုနေရာမျိုးမှာ... ခြံဝယ်ပြီး အိမ်လာဆောက်ခဲ့တာပါလိမ့်။

"ဟား ဟား ဟား ... နောက်တစ်ခါကျရင် မိန်းမတို... အကြောင်းကို ခွဲခြားပြီး စာတမ်းလုပ်ခဲ့ဟေ့ ... ဟား ဟား... ဟား"

"ကိုခြူး ဘာတွေ သဘောကျနေတာလဲ၊ ဟိုဘက်ခြံက... အစ်မနဲ့ ခင်သွားပြီလား"

ခြူးမင်းက နောက်မှ ရောက်လာပြီးနောက် အထင်... တကြီးနှင့် လှမ်းမေးနေသော နောင်ထွေးကို ပခုံးတစ်ချက်တွန့်... လိုက်ပြီး ကွပ်ပျစ်ရှိရာဘက်သို့ ပြန်လျှောက်လာခဲ့သည်။ ရေနွေး... ကြမ်းကို ငှဲ့သောက်ရင်းမှ တွေးမိသည်မှာ တစ်ဖက်ခြံက မိန်း...



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကလာ ခင်ရမှာလဲကွာ၊ ဒီလောက် မာနကြီးပြီး အပေါက်ဆိုးတဲ့မိန်းမကို"

"ဟာ ... ကိုခြူးနဲ့ သူနဲ့ စကားတွေပြောနေတာပဲ မဟုတ်လား"

"အဲဒါ ရန်ဖြစ်နေတာကွ၊ ဒီမိန်းမကွာ တစ်ဖက်သား တော်တော်အထင်မြင်သေးတတ်တဲ့ မိန်းမပဲ။ ငါတို့ကိုများ ဘာမှမသိနားမလည်တဲ့ ခပ်တုံးတုံးတွေများ ထင်နေလား မသိပါဘူး ...

ငါ့ကို ထော်လာဂျီသမား ထော်လာဂျီသမားနဲ့ တော်တော်အထင်သေးနေတဲ့ပုံပဲ၊ လူတစ်ကိုယ်လုံးကိုလည်း ထက် အောက်စုန်ဆန် အထင်သေးတဲ့မျက်လုံးတွေနဲ့ ကြည့်နေတာ"

သူ့စကားကို နောင်ထွေးက တဟားဟားနှင့် အော်ရယ်လေသည်။

"ဒီတော့ ကိုခြူးက ပြလိုက်ရောပေါ့"

"ဟော့ကောင် ... ဘာကိုပြရမှာလဲ မင်း စကားက"





"မဟုတ်ဘူးလေ၊ သူ အထင်သေးစရာလူမျိုး မဟုတ်ဘူး ဆိုတာကို သိအောင်ပြလိုက်ပေါ့လို့ ပြောတာပါ။ သူ့ကြည့် ရတာ ဒီခြံပိုင်ရှင်မှန်း မသိလို့နေမှာပေါ့ ...

နောက် ကိုခြူးကို ထော်လာဂျီမောင်းတာပဲ သူက မြင်ဖူးထားတာကိုး။ ကိုခြူး မန္တလေးဆင်းရင် မောင်းသွားတဲ့ ဟိုင်းလပ်ကားတို့၊ တောထဲက ခြံတွေဆီကိုသွားရင် စီးတဲ့ DT ဆိုင်ကယ်တို့ သူ မြင်အောင် စီးပြလိုက်ပေါ့"

"ဟူး ... တော်စမ်းပါကွာ၊ ဒါတွေမြင်မှ အထင်ကြီးမယ့် မိန်းမတွေကိုတော့ အထင်မကြီးလည်းနေကြ မပတ်သက်ရုံပဲ ...

အဲဒီမိန်းမတွေဟာလေ ဘယ်လိုအတွေးအခေါ်တွေနဲ့ လူလုပ်နေကြလဲတော့ မပြောတတ်ဘူး။ အပေါ်ယံကိစ္စတွေ အရေးပြားတစ်ထောက်စာကိစ္စတွေကို သိပ်ဦးစားပေးလွန်း တယ် ...

မမိုက်ဘူး ..."

သူက ရှုံ့ရှုံ့မဲ့မဲ့ပြောလိုက်ရင်းမှ မိန်းမတွေ၏ အတွင်း စိတ်သဘောကို ရွတ်ချမိလေသည်။ မိန်းကလေးတွေဟာ ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



လေးတွေကို ဘာကြောင့် အပေါ်ယံလေးပဲကြည့်ပြီး ဆုံးဖြတ်ချင်ရလဲဆိုတာ သူ စဉ်းစားလို့ကို မရချေ။ ပြီးတော့ ဘာကြောင့်များ ဂုဏ်ပကာသနတွေကို မက်မောနေကြတာပါလိမ့်။ တစ်ချိန်က သူ့အနားမှာ ရှိခဲ့ဖူးသော မိန်းမတစ်ယောက်ဟာလည်း ဂုဏ်ပကာသနတွေကို မက်ခဲ့ဖူးသည်။

ဒါကြောင့် သူဟာ အခြေကြီးကြီး မိန်းမတွေကို သိပ်ကြည့်မရတတ်ပါ။

"အဲဒီ အစ်မက အဲဒီအိမ်မှာ တစ်ယောက်တည်း နေတယ်နဲ့ တူတယ်နော်၊ ဒီကို ဘာလာလုပ်တာလဲ မသိဘူး။ သူ့ကြည့်ရတာ အလည်အပတ်လာတဲ့ ပုံမျိုးနဲ့လည်း မတူဘူး"

"ကဲပါကွာ သူ့ဟာသူ ဘာပဲလာလုပ်လုပ် ငါတို့နဲ့ မဆိုင်ပါဘူး။ မင်းကလည်း သွားစိတ်ဝင်စားမနေစမ်းပါနဲ့"

နောင်ထွေးက သူ့ကို စပ်ဖြဲဖြဲနှင့် ရယ်ပြကာ ...

"ကျွန်တော် စိတ်ဝင်စားတာက ကိုခြူးအတွက်ပါ။ ကိုခြူးကလည်းဗျာ ကိုယ်နဲ့ ခြံချင်းကပ်ရပ်မှာ ဒီလောက်လှတဲ့ အစ်မကြီးရှိနေတာတောင် အသိအမှတ်ပြုဖော်မရဘူး၊ ဖတ်လမ်းမလုပ်တတ်ဘူး"





"အောင်မာ ... မင်းကများ ငါ့ကို၊ ဒီမှာ ဟေ့ကောင် ဒီလိုမိန်းမမျိုးနဲ့ ဘယ်လောက်လှလှ စိတ်ကိုမဝင်စားဘူးကွ သိလား ..."

လှုတစ်ဖက်သားကို စာနာစိတ်မရှိဘဲ အဆင့်အတန်းခွဲချင်တဲ့ မိန်းမမျိုးကို ငါ စိတ်ဝင်စားခဲ့ရင်လည်း အဲဒါက ပညာပေးဖို့ပဲဖြစ်မှာပဲ"

"ဟွန်း ... ကဗျာမဆန်လိုက်တာ ကိုခြူးရာ"

နောင်ထွေးက သူ့ကို ရှုံ့မဲ့ညည်းပြရင်း အနားမှထွက်သွားလျှင် သူက တကိုယ်တည်း တွေးတောကျန်နေရစ်ခဲ့သည်။ လူတစ်ဖက်သားကို အပေါ်ယံကြည့်ပြီး အထင်အမြင်သေးချင်တဲ့မိန်းမအတွက် သူက အထင်ကြီးလာအောင်နေပြမှာ မဟုတ်ချေ။ တမင်တောင် ရွဲ့ကာဖြင့် အထင်မကြီးအောင် နေပြဦးမည်ဟု စိတ်ကူးလိုက်သေးလေသည်။

❦ ✿ ❦



www.burmeseclassic.com

www.burmeseclassic.com



## ၄

ပြင်ဦးလွင်သို့ မေ ရောက်ရှိခဲ့ပြီး နှစ်ပတ်အကြာတွင် မေနှင့် အတူတူနေမည့် သူငယ်ချင်းဖြစ်သူ နေခြည်ပါ ရောက်ရှိလို့ လာခဲ့လေသည်။ နေခြည်က သပ်ရပ်သန့်ရှင်းကာ နေချင့်စဖွယ် ဖြစ်နေသော အိမ်ခြံဝင်းလေးကို သဘောကျစိတ်ဖြင့် တဖွဖွပြော၍မဆုံး ဖြစ်လို့နေသည်။ မေသည် ရောက်ခါစက ဖြစ်ပျက်နေသော ပုံစံကို ပြလိုက်ချင်စိတ်တောင် ပေါ်သွားသေးသည်။

"အိမ်လေးက တကယ့်နေချင်စရာလေးဟယ်၊ ကြည့်ပါဦး ပတ်ဝန်းကျင်ကလည်း သာယာလိုက်တာ ...

မေရေ တို့တော့ ကံကောင်းတာပဲနော်"





မေက ဆက်တီပေါ်မှာ ခြေချိတ်ထိုင်နေရင်းမှ နေခြည့်ကို ပြုံးမဲ့မဲ့ဖြင့် ပြန်ကြည့်နေမိသည်။

"ဒါပေမဲ့ တကယ်တမ်း ကံအကောင်းဆုံးကတော့ နင်ပေါ့။ ဟဲ့ ... မေ"

နေခြည်က အရေးကြီးသည့် တစ်ခုခုကို ပြောတော့မည့်အလား မေ့ရဲ့အနားသို့ တိုးကပ်ကာ လာထိုင်သည်။ မေသည် နေခြည် ဘာမေးတော့မယ် ဆိုတာကို ရင်ထဲကနေပြီး အလိုလို သိနေလေသည်။

"မေ ... နင်နဲ့ ကိုရျာန်ရဲ့ အခြေအနေကရော ဘယ်လိုလဲ"

"ဘယ်လိုလဲမရလဲ ဒီလိုပဲပေါ့"

"ဟာ ... နင်ကလည်း ငါပြောတာ အဲဒီလိုမဟုတ်ဘူးလေ၊ နင်တို့ တစ်ခုခုထူးခြားပြီလား၊ အဲဒါကို ငါ မေးတာ"

နေခြည်ရဲ့ အမေးကြောင့် မေသည် တွေခနဲဖြစ်သွားသည်။ မျက်လုံးထဲတွင် အပြောချိုချိုနှင့် သဘောကောင်းသော ကိုရျာန်ရဲ့ရုပ်သွင်ကို မြင်ယောင်လို့လာလေသည်။ ကိုရျာန်နှင့် မေရဲ့ ဆုံတွေ့ပုံသည် ရိုးရိုးလေးမျှသာဖြစ်သည်။ ကိုရျာန့်အမေနှင့်



www.burmeseclassic.com

www.burmeseclassic.com



မေ့ရဲ့အဖေသည် ကျောင်းနေဖက်သူငယ်ချင်းတွေဖြစ်ကာ လူငယ် ချင်း အလိုလိုရင်းနှီးသိကျွမ်းခဲ့ကြသည်။

မေ ကျောင်းပြီး၍ ဘွဲ့ရသောအခါ ကိုချာန်က မေ ကို ကုမ္ပဏီမှာ အလုပ်ပေးခဲ့သည်။ နောက်တော့ မေ မျှော်လင့် ထားသည့်အတိုင်း လက်ထပ်ခွင့်တောင်းဆိုခဲ့သည်။ ဒီကမ္ဘာ တွင် ကိုချာန်လိုလူမျိုးကို လက်မထပ်ချင်သော မိန်းကလေးမှာ ချစ်သူရှိထားပြီး ချစ်သူအပေါ်မှာ ရာနှုန်းပြည့်သစ္စာရှိစွာ ချစ်မြ နီးသောမိန်းကလေးမျိုးပဲ ရှိပေလိမ့်မည်။

ကိုချာန်သည် တော်တန်ရုံ ရည်းစားသနာရှိသော မိန်းကလေးတို့ကပင်လျှင် စိတ်ဝင်စားခြင်း၊ မငြင်းပယ်နိုင်ခြင်း ခံရသည်မှာ သူ့ရဲ့ကြီးမားသော ဓနအင်အားကြောင့်သာ ဖြစ် သည်။ မေ့အတွက်လည်း ကိုချာန်က ဘယ်ဘက်ကမှ ငြင်းစရာ သော ယောကျ်ားတစ်ယောက်ဖြစ်သည်။ ကိုချာန်ရဲ့ ချစ်ခြင်းတို့ ရရှိသူတစ်ယောက်အဖြစ် မေသည် လူတကာရဲ့ ငေးမော အားကျ ကိုခံခဲ့ရသည်။ သို့သော် အဲဒီအတွက် မေဟာ ရာနှုန်းပြည့် ကျေနပ် ပျော်ဝင်ခြင်း မရှိဆိုတာကိုလည်း ကိုယ့်ဟာကိုယ်ပဲ သိလေသည်။





"ကိုချာန်က နင့်ဆီက အဖြေတောင်းထားတယ်ဆို"

"အင်း ... ဟုတ်တယ်၊ သူက မိဘတွေဆီက ဝင်တဲ့နည်းကို မသုံးချင်ဘူးတဲ့ ...

အချစ်ကို နှလုံးသားနဲ့ ကြိုးစားတဲ့နည်းကိုပဲ သုံးချင်တယ်လို့ပြောတယ် ...

ဒါကြောင့် ငါ့ကို Propose လုပ်တယ်။ အဖြေတောင်းထားတယ်"

"နင်က မပေးရသေးဘူးပေါ့"

မေက ခေါင်းညိတ်ပြလိုက်လျှင် နေခြည်က မေ့ကို ...လို အားမရ မျက်လုံးများဖြင့် ကြည့်လာကာ ...

"မေရယ် ... ကိုချာန့်လို လူမျိုးကိုများ နင်က စဉ်းစားနေရသေးတယ်တဲ့လား၊ သူ ပြည့်စုံတာကို ဘေးဖယ်ထားဦး၊ နင့်ကိုချစ်တဲ့ အချစ်တွေကိုက သူ့ကို ပြန်ချစ်ဖို့ လုံလောက်စေတယ် မဟုတ်လား ...

ငါ့ကို သူတို့ကုမ္ပဏီမှာ အလုပ်ခန့်ခဲ့တာကလည်း နင့်မျက်နှာကြောင့် ...



www.burmeseclassic.com

www.burmeseclassic.com



ဟော ... အခုလည်း ဆီအုန်းစိုက်ခင်းတွေက

ဒီမှာ နင်နဲ့အတူတူ တာဝန်ကျတာကလည်း သူ တမင်

စီစဉ်ပေးခဲ့တာပဲ၊ မဟုတ်ဘူးလား ...

နင့်ဘဝအတွက် တစ်သက်လုံး စိတ်ချမ်းသာမှု

ပေးနိုင်မယ့် ယောကျာ်းတစ်ယောက်ကို နင် ဒီလောက်

စဉ်းစားဖို့ လိုသေးလို့လား"

"ဒါပေမဲ့ ငါ့စိတ်ထဲမှာ မဆုံးဖြတ်တတ်ဘူး ဖြစ်နေတယ်"

"ဟူး ... ဖြစ်ရသေးတယ်၊ ကိုချာန်ကရော နင့်ကိုမ

ဘူးလား"

"မလောပါဘူး၊ သူက အဲဒီလို စဉ်းစားတာကို ပိုကြိုက်

တယ်၊ သူကလည်း သူ့ကို တကယ်ချစ်လာတဲ့ နှလုံးသ

တစ်ခုကိုပဲ အလိုရှိတယ်တဲ့"

"ဟင်း ... လိုက်လည်း လိုက်တဲ့အတွဲ"

နေခြည်က ခေါင်းတယမ်းယမ်းနှင့် ပြောပြီးနော

ဘာရယ်မဟုတ်ဘဲ စားပွဲပေါ်တွင်ချထားသော မေ့ရဲ့လက်ကိုင်

ကိုယူကာ ဟိုဟိုဒီဒီ ကလိရင်းမှ background အဖြစ် အသုံး

ထားသော ဂန္ဓမာပန်းခင်းပုံကို မြင်သွားကာ ...





"ဟယ် ... ပန်းခင်းကြီးက လှလိုက်တာ၊ ဘယ်နားကို

သွားရိုက်ထားတာလဲ၊ ငါ့ကိုလည်း ဟိုဟိုဒီဒီတွေ လိုက်ပို့

ဦးလေ"

မေက နေခြည့် လက်ထဲမှဖုန်းကို လှမ်းကြည့်ကာ

တစ်ချက်မဲ့လိုက်ရင်း ...

"ငါတောင် ဘယ်မှမရောက်သေးဘူး။ ကျုပ်အလှည့်တုန်း

က တော့်လို ရောက်ရောက်ချင်း ခုလို အဆင်ပြေတယ်များ

မှတ်မနေနဲ့ ဒေါ်နေခြည်ရဲ့ ...

ပေတရာကနေ ဒီခြံအထိ လှတ်ဂေ့ရျကြီးကို ဆွဲပြီး

လမ်းလျှောက်လာရတာ၊ ဒီအိမ်ရောက်တော့လည်း အမော

ဆို့စရာက အိမ်စောင့်လင်မယားက ပြောင်းဆန်အောင်

လုပ်ထားတာကို၊ နှစ်ရက်လောက် ရှင်းရလင်းရသေးတယ်"

"ဩော် ... ငါ့သူငယ်ချင်းလေး တော်တော်ပင်ပန်းသွား

တာကိုး။ ငါ ဒီကိုလာတုန်းက ကိုချာန်က မှာလိုက်သားပဲ၊

ခင်ဗျားသူငယ်ချင်းကို ဟိုတယ်မှာတည်းဖို့ နားချပါတဲ့။

ကိုချာန်တို့ဟိုတယ် ရှိတယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ရှိသားပဲ။ မနေချင်ပါဘူးဟာ၊ ငါတို့က တစ်ပတ် နှစ်ပတ် နေရုံမှ မဟုတ်တာ၊ ပြီးတော့ ငါ ဘယ်သူလဲဆိုတာ ဟိုတယ်ကလူတွေ သိနေကြမှာ ...

ငါက အဲဒီလို သိနေတာမျိုးကြီးကို မကြိုက်ပါဘူး—

ဒီအိမ်လေးမှာ နေရတာက စိတ်ချမ်းသာတယ်"

"အင်း ... အဲဒါတော့ ငါ အပြည့်အဝ ထောက်ခံတယ်။ ဟုတ်တယ်၊ တခြားအကြောင်းတွေ ဝေ့နေတာနဲ့ပဲ အလုပ်ကိစ္စအကြောင်းကို မပြောရသေးဘူး။ ဒီမှာ ဘယ်လိုအခြေအနေရှိလဲ"

"မဆိုးပါဘူး၊ ဓာတ်မြေသြဇာတွေအတွက် ခြံဆင်းတဲ့အလုပ်တွေတော့ ငါ မလုပ်ရသေးဘူး ...

နင် လာတော့မှပဲ ရောထဲက ခြံတွေဘက်ဆင်းဖို့ ငါက စိတ်ကူးထားတာ"

"အေး ... ကိုချာန်ကလည်း ဓာတ်မြေသြဇာတွေအတွက် အရမ်းကို တက်ကြွနေတာ၊ တီဗီအတွက် ဒီမှာ ကြော်ငြာလာရိုက်မလို့ ဆိုပြီးတော့ ငါ့ကိုပြောတယ် ...



ဟဲ့ ... နင့်ဖုန်းထဲက ဂန္ဓမာပန်းခင်းကြီးဆို ကြော်ငြာရိုက်ရင် ဘယ်လောက် လှလိုက်မလဲနော်"

ဖုန်းထဲက ဓာတ်ပုံလေးထဲမှာတောင် ဒီလောက်လှပ ...ဝင်နေသော ဂန္ဓမာပင်တွေကို အပြင်ဘက်မှာသာ နေခြည် ...လိုက်လို့ကတော့ ဘယ်လောက်များ ဆွေ့ဆွေ့ခုန်အောင် ...ောကျလိုက်မလဲ မသိချေ။ သို့သော် မေ့ကတော့ အဲဒီဂန္ဓမာ ... ဘယ်မှာရှိတယ်ဆိုတာ နေခြည့်ကို မပြောပြခဲ့တော့။

ထော်လာကျိုးမောင်းသမား၏ ခနဲ့တဲ့တဲ့၊ ရွှဲ့တိရွှဲ့စောင်း ...ကို သဘောမကျ၍ ဖြစ်လေသည်။

❦ ✿ ❦

www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး မေရယ်၊ နည်းနည်းပါးပါးလေးများ နားပါဦး တော့လား၊ ဒီလောက်တောင်ပဲ အားကြိုးမာန်တက်လုပ် ရလားဟဲ့ ...

ဟင် ... ဦးရဲမြင့်တို့များ ဒီလိုတော်တဲ့ ချွေးမ ရရင်တော့ ကမ္ဘာတစ်ခြမ်းကိုတောင် ဝယ်မယ့်သဘော တယ်"

"မဆိုင်ပါဘူး၊ ဒါက ငါ့အလုပ်ငါ ကြိုးစားတာ"

မေက ပြောင်လက်ချောမွတ်နေသော လိမ္မော် တစ်လုံးကို လှည့်ပတ်ကြည့်ရှုရင်းမှ နေခြည့်ကို လှည့်ပြီးပြောလို တာဖြစ်သည်။ သစ်ပင်တွေကို ချစ်တတ်သော မေ့အတွက် သစ်ပင်တွေရှိသော ခြံတွေဆီသို့ လှည့်လည်သွားလာရမှာ ပန်းတယ်လို့ကို မရှိပေ။



ရှီးမသစ္စာကုမ္ပဏီမှ စိုက်ပျိုးထားသော လိမ္မော်ခြံ နှင့် စမ်းသပ်စိုက်ပျိုးနေသော ပျားလိမ္မော်၊ GM နည်းပညာနှင့် ပျိုးနေသော ကြက်ဥပေါက်စအရွယ်ခန့်ရှိရမည့် စတော်ဘယ်ရီ များကို မေက ကိုယ့်သားသမီးတွေပမာ ဂရုစိုက်နေသည်မှာ ကြာက်စတည်းကပင်ဖြစ်သည်။

အခုလည်း မနက်တည်းက ခြံထဲကိုရောက်၍ လှည့် ကြည့်ရှု ကွပ်ကဲနေသည်မှာ နေမွန်းတည့်လာသည်အထိ နားနိုင်သေးချေ။

စကပ်ဖိုပဝါကို ခေါင်းမှာစည်းလျက် စပို့ရှပ်သား လက်ရှည်အနက်ရောင်နှင့် နေတိုးဘောင်းဘီ မပွတပွဝတ် သော မေသည် အလုပ်ထဲတွင် စိတ်ပါဝင်စားမှု အပြည့်ရှိနေ မော‌ရမှန်းကို မသိ။

"မေရေ ... ဒီနားက တခြားခြံတွေကိုတော့ တို့ရဲ့ဓာတ် မြေသြဇာ အသစ်အကြောင်း လှည့်ပတ်မိတ်ဆက်ပြီးပြီ ...

တချို့ကကျတော့လည်း သုံးဖို့ သိပ်စိတ်မဝင်စား ဘူးဟ။ အစွဲရှိပုံရတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ ... ဒါက တို့လူမျိုးတွေရဲ့ ထုံးစံပါပဲ။ ဒါ
တို့ခြံက ထွက်လာတဲ့ အသီးတွေရဲ့ အခြေအနေကို မြ
ရင်တော့ သဘောကျချင် ကျလာမှာပေါ့"

"ငါ မိုက်ဆာလာပြီဟ၊ ပြန်ရအောင်ဟာ ရုံးကိုဝင်ရဦးမှ
မဟုတ်လား။ မြို့ထဲမှာပဲ ထမင်းစားခဲ့ကြရအောင်"

"အေးပါ ... ငါ ခြံသမားတွေကို မှာစရာရှိတာ မှာပြီးမှ
သွားကြတာပေါ့"

မေက ခြံအလုပ်သမားတွေကို မှာနေစဉ်မှာပဲ နေခြ
က ဝီရိယမိုဗွာဖြင့် ခြံရဲ့အရှေ့သို့ ထွက်ထားနှင့်လိုက်သည်။ အဲ
အချိန်မှာပဲ ခပ်လှမ်းလှမ်းရှိ ခြံတစ်ခြံထဲမှာ DT ဆိုင်ကယ်စီးပြီ
ထွက်လာသော လူတစ်ယောက်ကို မြင်လိုက်လေသည်။ နေခြည်က
အဲဒီလူကို မြင်လိုက်တာနှင့် မျက်မှုံးတစ်ချက် ပင့်သွားမိသည်

အလဲ ... ပုံစံကတော့ တယ်မိုက်ပါလား။ ကောင်း
ဘွိုင်လိုလို ဆိုင်ကယ်ပြိုင်သမားလိုလိုနှင့် အပြတ်မိသောလူသည်
အဲဒီခြံရဲ့ပိုင်ရှင် ဖြစ်နိုင်သည်။ အခုနတုန်းကတော့ မေတို့ သွား
မေးစဉ်က မတွေ့ခဲ့ရချေ။ နေခြည်သည် ဒီဘက်ကို မျှော်ခနဲလှည်





ကြည့်လာသော မြန်မာပြည်က ကောင်းဘွိုင်ကို လှစ်ခနဲ ပြုံးပြ
လိုက်မိသည်။

ကောင်းဘွိုင်က ဆိုင်ကယ်စက်ရှိန်ကို တုံ့ခနဲရပ်
လိုက်ကာ နေခြည့်ကို ဖဝေဖဝါဖြင့် ကြည့်လာလျက် ...

"ဟို ... ခင်ဗျားက ကျွန်တော့်ကို သိလို့လား မသိဘူး"

သူ့အပြောကို နေခြည်က ပြုံးရင်း ခေါင်းတစ်ချက်
ယမ်းလိုက်ရင်းမှ ...

"ဟင့်အင်း ... မသိပါဘူး။ ကျွန်မတို့ အခုနတုန်းက အဲဒီ
ခြံကို လာသေးတယ်။ ကျွန်မက ရိုးမသစ္စာ ကုမ္ပဏီကပါ ...

ကုမ္ပဏီက ဒီဘက်မှာ ခြံတွေလုပ်ပါတယ်၊ GM
နည်းနဲ့ သီးနှံတွေကိုလည်း စမ်းသပ်စိုက်ပျိုးနေပါတယ်။
အခုတော့ ဓာတ်မြေဩဇာတွေပါ ထပ်ထုတ်နေတယ်ပေါ့။
အဲဒါကိုလည်း ဒီနားက ခြံတွေကို လိုက်ပြီးမိတ်ဆက်နေ
တာပါ"

"ဪ ... ဪ ... ဒီမှာ ကျွန်တော်တို့ သုံးနေတာတော့
တစ်မျိုးပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... ကျွန်မတို့ ဆေးတွေကိုလည်း စမ်းသပ်သုံးပေးဖို့ တိုက်တွန်းပါတယ်၊ ဒါနဲ့ ဒီက အစ်ကိုက အဲဒီခြံပိုင်ရှင်ပေါ့နော်"

"သြော် ... အင်း"

အဲဒီအချိန်မှာပဲ အနောက်မှ ကားစက်သံကြားရလျှင် နေခြည်က ထိုလူကို အာရုံစိုက်နေရာမှ အနောက်သို့ လှည့်ကြည့်လိုက်မိသည်။ မေက ဂျစ်ကားကိုမောင်းကာ ခြံထဲမှထွက်လာခြင်း ဖြစ်လေသည်။ မေက နေခြည်နှင့် စကားရပ်ပြောနေသော ဆိုင်ကယ်သမားကိုမြင်လျှင် မျက်မှောင်ကြုတ်ကာ ကြည့်သည်။ ဆိုင်ကယ်သမားကလည်း မေ့ကိုမြင်တာနဲ့ မျက်ခုံးပင့်သွားလျှင် နေခြည်က အလျင်အမြန်ပင် မိတ်ဆက်ပေးဖို့ ကြိုးစားရသည်။

"မေ ... ဒါကလေ ..."

မေက နေခြည့် အပြောကို ဆုံးအောင်နားမထောင်ဘဲ ကြားဖြတ်ဝင်ကာ ...

"နေခြည် ကားပေါ်တက်"



"သြော် ... မဟုတ်ဘူးဟဲ့၊ ဒီမှာ ငါ ပြောနေတာက ..."

"ကျွတ် ... ရှည်လိုက်တာဟာ၊ တက်မှာသာ တက်စမ်းပါ"

နေခြည်က ဘာမှနားမလည်ဟန်ဖြင့် မေ့ကို မျက်...ပြီး ကြည့်နေသည်။ ကားပေါ်ကိုတော့ တက်မလာသေး... မေသည် နေခြည့်ကို စိတ်ရှိလက်ရှိ ဆွဲကုတ်ပစ်ချင်စိတ်... တဖွားဖွားပေါ်၍ နေလေသည်။ ဟို ... ထော်လာဂျီသမား... ...ည်း ဘယ်လိုလုပ်ပြီး ဒီကို ရောက်လာတာပါလိမ့်။

"ဟဲ့ ... တက်လေ"

မေ့ရဲ့ ဆောင့်အောင့်အော်သံကြောင့် ခြူးမင်းက... ...ထဲမှာ နှာခေါင်းတစ်ချက် ကျိတ်ရှုံ့လိုက်လေသည်။ ဒီမိန်းမ... အပေါင်းအသင်းချင်းတောင် အတော့်ကို နိုင်ထက်စီးနင်း... ...ချင်တဲ့ မိန်းမပဲ။ ပုံစံကိုလည်း ကြည့်ပေဦး။ ခေါင်းကိုပဝါ... ...ထားကာ နေကာမျက်မှန်အနက် ဂျစ်ကားပေါ်က ပေ... ...စောင်းရုပ်ပုံသည် ရုပ်ရှင်ဇာတ်ကားထဲက လူဆိုးမလိုပဲဖြစ်...

သူက ဒီလူဆိုးမကို ရန်စချင်လာဖြင့် ...

www.burmeseclassic.com



"မင်းက ဘာလို့ ဒီနေရာက ဖွတ်သွားချင်နေရတာလဲ ငါ့ကို တော်တော်ရင်မဆိုင်ရဲ ဖြစ်နေတယ်နဲ့ တူတယ်"

သူ့အပြောကြောင့် ထိုမိန်းမက ကျားသစ်မတေ ကောင်လို ဆတ်ခနဲ ဖြစ်သွားကာ ...

"ရှင် ဘာစကားပြောတာလဲ၊ ကျွန်မကများ ရှင့်ကို ရင်မဆိုင်ရဲဘူး ဟုတ်လား။ ဖွီ ... ရယ်စရာ ကောင်းလိုက်တာ"

"ဟား ဟား ဟား ဟား"

သူက အဲဒီမိန်းမရဲ့စကားကို အူလှိုက်သည်းလှိုက် ရယ်မောထောက်ခံပေးလိုက်သည်။ သူ့ကို မိတ်ဖွဲ့သောမိန်းကလေး မှာ သူတို့နှစ်ယောက်ရဲ့ ပြောပုံဆိုပုံတွေကိုကြည့်ကာ မျက်လုံးအေ လည်ထွက်နေလျှက်ရှိသည်။

သူ့ပုံစံကိုတော့ ထိုမိန်းမက တော်တော်ဒေါသထွက် လာဟန်ဖြင့် ...

"တောက် ... အရူးလိုလူနဲ့ လာတွေ့နေပြန်ပြီ။ ဒီနေ့အဖို့ တော့ ကျက်သရေကို မရှိတော့ဘူး ..."

ကဲ ... နေခြည်၊ နင်ကလည်း မြန်မြန်တက်စမ်းပါ ဟာ၊ ခက်တော့တာပါပဲ"





"ကြက်သားရေ လိုချင်လို့လား၊ ဒါများ စောစောကပြောရော ပေါ့ကွာ၊ ငါ့ခြံထဲမှာ ကြက်သားရေရော ဘဲသားရေရော ပေါမှပေါ ...

လာပို့ပေးရမလား"

"ဒီမယ် ... ရှင် ကျွန်မ ခြံရှေ့က အခုထွက်သွား"

"ဟား ... မင်း သွားခိုင်းတာနဲ့ပဲ ငါက သွားရတော့မှာ လား။ မသွားတော့ မင်းက ဘာလုပ်ချင်လဲ"

"အေး ... မသွားနဲ့"

သူမက ပြောပြောဆိုဆိုနှင့်ပင် ကားပေါ်မှ လွှားခနဲ ခုန်ဆင်းကာ သူ ထင်မထားသော အပြုအမူကို လုပ်လိုက်တာ ဖြစ်သည်။ အဲဒါကတော့ အနားမှာရှိသည့် ခဲလုံးကိုယူကာ သူ့ ကို လှမ်းပေါက်တာပင်။ သူသည် အဲဒီလိုလုပ်မယ်ဟု ထင်မထား သဖြင့် ပထမတစ်လုံးမှာတော့ နဖူးတည့်တည့်ကို ထိမှန်သွားသည်။

"ဟာ ... ဟေ့ ... ဟေ့ ... မင်း ဘယ်လိုမိန်းမလဲ"

"ကဲဟာ ... ကဲဟာ ... ဒီလောက်တောင် လူကို ထိကပါး ရိကပါး လုပ်ချင်တဲ့လူ၊ ငါ့စိတ်ကို လာမစမ်းနဲ့၊ မှတ်ထား"



www.burmeseclassic.com

သူမကား ထင်မထားအောင်ပင် လုပ်တတ်သူဖြစ်သည်။ သူ့ကို ခဲတွေနှင့် တစ်လုံးပြီးတစ်လုံး ကောက်ပေါက်နေသည်မှာ တော်တော်ထိလာသည်။ ကြာသောအခါ သူက သည်းမခံနိုင်တော့ချေ။ အဲဒီအခါမှာ သူလည်း လက်နက်ပုန်းတစ်ခုကို ထုတ်သုံးရတော့သည်။

သူဟာ မိန်းကလေးတစ်ယောက်ကို ခဲနဲ့ပြန်ပေါက်တဲ့အထိတော့ အောက်တန်းမကျသေးပါ။ ဒါပေမဲ့ ဒီအတိုင်းငြိမ်ခံပြီး လှည့်ပြန်လည်း မပြေးချင်သဖြင့် သူက ခဲတစ်လုံးကိုကောက်ကိုင်ကာ အနီးရှိသစ်ပင်ပေါ်သို့ လှမ်း၍ပစ်လိုက်လေသည်။ အဲဒီနောက်မှာတော့ သူ့ဆိုင်ကယ်ကို စက်နှိုးကာ တစ်ချိုးတည်း မောင်းပြေးတော့တာဖြစ်သည်။

အဲဒါကို ကျန်ခဲ့တဲ့ မေနဲ့ နေခြည်မှာ နားမလည်နိုင်ချေ။ မေကတော့ ဒေါသထွက်နေသူမို့ ကိုယ့်ဒေါသကိုယ် ပြန်မျိုချနေရတာနှင့် တရှူးရှူး တရှဲရှဲ ရှိနေတုန်း။ နေခြည်ကတော့ ဟိုလူလုပ်သွားပုံကို နားကိုမလည်နိုင်။ စိတ်ဆိုးလွန်းအားကြီးလို့ ခဲနဲ့ပေါက်ရင်လည်း မေ့ကိုပဲ ပြန်ပေါက်မှာပေါ့။ ဘာဖြစ်လို့ သစ်ပင်ပေါ်ကို ပေါက်သွားရတာပါလိမ့်။



သို့သော် နေခြည့်မှာ ကြာကြာမစဉ်းစားလိုက်ရချေ။ နားထဲသို့ တဝီဝီအသံများက တိုးဝင်လို့လာကာ ပါးတစ်ဖက်မှာ ဆစ်ခနဲ ဖြစ်သွားရသည်။

"အား ... အမလေး၊ ဘာကြီးတုန်း ... မေ ... မေရေ"

မေသည်လည်း ရုတ်တရက် နားမလည်ပေ။ သို့သော် အခြေအနေကို ခေါင်းမော့ကြည့်လိုက်တာနှင့် တစ်ပြိုင်နက် ချက်ချင်းပဲ သဘောပေါက်လို့သွားသည်။

"ဟင် ... ပျား ... ပျားတွေ၊ နေခြည် ... ပျားတွေပါလား"

ပျားတွေသည် ရက်ရက်စက်စက် အသားလွတ် ခဲနှင့်အပေါက်ခံရသဖြင့် ဒေါသတကြီး ပြေးလာကြသည်မှာ မီးပွင့်တွေ ဖြာလာသလားဟုတောင် ထင်ရလေသည်။ မေသည် ပျားအုပ်ကြီးကို မြင်လိုက်ရလျှင် ခေါင်းက ဆံပင်မွေးတွေတောင် ထောင်သွားသလားဟု ထင်ရသည်။ ရုတ်တရက် ရှောင်ရကာ ကြောင်ပြီး ကြည့်နေမိတုန်းမှာပဲ လုပ်သားပျားလား ပျားဘုရင်မလား မသိသော ပျားတစ်ကောင်က မေ့ရဲ့မေးစေ့နားကို တစ်ချက် တင်ထိုးစစ်ဆင်သွားသည်မှာ အပ်အချောင်းတစ်ရာနှင့် ထိုးလိုက်သလိုပင်။

www.burmeseclassic.com

www.burmeseclassic.com



"အား ..."

မေ့ရဲ့ အော်သံကျယ်ကြီးမှာ တေဘာသုံးတောင်ကိုတောင် ပဲ့တင်ရိုက်သွားသလားဟု ထင်ရလေသည်။ နောက်တစ်ခါထပ်ပြီး အော်သူက နေခြည်ပင်။ အသားတစ်ချက်နာတော့မှ ဘာလုပ်ရ မယ်ဆိုတာကို သတိဝင်လာသော မေ့မှာ ရုတ်ခြည်းပဲ ခြေလှမ်းကို ခြံဘက်သို့ ပြန်လှည့်ပြေးရတော့သည်။

မေ့ရဲ့အနောက်က နေခြည်က လိုက်ပြေးသည်။ သို့သော် ဘယ်လိုပဲပြေးပြေး ပျားတွေက ကိုယ့်ထက်မြန်သဖြင့် ကျောကုန်းတွေ၊ နားရွက်တွေမှာ ဆစ်ခနဲ ဆစ်ခနဲ ပူသွားသည့် ဒဏ်ကို အတော်ပဲ ခံရလေသည်။ ခြံတွေက ခြံအလုပ်သမားတွေ မှာလည်း မေတို့ ပြေးလာတာကိုမြင်လျှင် ပထမတော့ သူတို့လည်း ကြောင်နေကြပုံရကာ ဘာမှနားမလည်သေး။ နောက်တော့ ကိုယ့် အသားကို တစ်ချက်လောက်နာမှ ဘာကြောင့်ဆိုတာ သိသွားကြ လေရာ တစ်ခြံလုံးပဲ ဝရုန်းသုန်းကား ဖြစ်လို့သွားကြသည်။

ပျားအုံကြီးကား ဘယ်လောက်တောင်များ ကြီးသလဲ တော့ မပြောတတ်ပေ။ ပျားများမှာ တစ်ခြံလုံးကို လှည့်ပတ်လက်





ချနေကြသည်မှာ ဘယ်သူမှကို ဒဏ်မခံနိုင်ကြတော့ချေ။ သည်လည်း ဒဏ်မခံနိုင်တော့။ နောက်ဆုံးမှာတော့ မေသည် တွေ့နေရသော အုတ်ကန်ထဲသို့ ဒိုင်ဗင်ပစ်ချလိုက်တော့လေ သည်။

အေးစက်ကျဉ်ထုံနေသော တောင်ပေါ်ညသိပ်ရေများ သည် မေ့တစ်ကိုယ်လုံးကို ချက်ချင်းပင် အေးခဲထုံကျင်သွားစေသည် ရေထဲမှာပင် လေဖြတ်သွားပြီလားဟုတောင် ထင်မှတ်ရလေ သည်။ အရိုးကွဲမတတ် အေးသည်ဆိုသော အရသာကို အခုမှ င်ခံစားဖူးသလို အရိုးကွဲမတတ် မုန်းတီးမိတယ်ဆိုသောခံစား ကိုလည်း ထော်လာဂျီသမားနဲ့ကျမှ ခံစားဖူးတာ ဖြစ်တော့ သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁

"အား ... ကျွတ် ... ကျွတ် ... ဖြည်းဖြည်းကွ"

နှောင်ထွေးက နဖူးနေရာကို ကြပ်ထုပ်ထိုးပေး သော်လည်း နာကျင်မှုက သက်သာမသွားချေ။ သို့သော် သူကို ပြီး ကျေနပ်ရသည်မှာ သူတောင် ခဲတစ်ချက်စာနှင့် ဒီလော နာနေလျှင် ဟိုမိန်းမတော့ ပျားတွေလက်ချက်ဖြင့် ဘယ်လော များ အီစလံဝေနေမှာပါလိမ့်။

အဲ ... ဒါပေမဲ့ အဲဒီမိန်းမရဲ့ အဖော်ဖြစ်သူ မိန်း ကလေးအတွက်တော့ သူ စိတ်မကောင်းပါ။ ထိုမိန်းကလေးလည် သက်သာမှာတော့ မဟုတ်။ သို့သော် ဒီကိစ္စဟာ ဒီလိုပဲ ဖြစ် မှာမို့ သူက သိပ်တော့မတတ်နိုင်ရချေ။ စကားနဲ့တင် ကျော





ဟုတ်ဘဲ ကိုယ်ထိလက်ရောက်ပါ ပါလာသည်မို့ သူကလည်း ဘယ်လိုမှ သည်းမခံနိုင်တော့ခြင်းဖြစ်သည်။

ဒါပေမဲ့လည်း သူ့လုပ်ရပ်ဟာ မိန်းကလေးတစ် ယောက်အတွက် ရက်စက်ရာများ ကျနေမလားဟု မကြာခဏတော့ တွေးနေမိခဲ့သည်။

"ကိုခြူး လုပ်ခဲ့တာ ဟိုအစ်မကြီးတော့ တော်တော်ဒေါသ ထွက်နေမှာပဲ"

သူက ချက်ချင်းမဖြေမိ။ ပျားတွေနှင့် သူမတို့နှစ် ယောက် ဘယ်လိုလုံးထွေးနေမလဲဆိုတာ မြင်ချင်လှသော်လည်း ကြမ္မာက သူ့ကို အဲဒီလောက်ထိ အခွင့်အရေး မပေးချေ။ သို့သော် ပျားတုပ်ခံရတယ်ဆိုသော လူတစ်ယောက်ရဲ့ ခံစားချက် ကိုတော့ သူ နားလည်သည်။ သူတင်မက ကျန်တဲ့လူတွေလည်း နားလည်မည်ဟု ထင်သည်။ ဒါကြောင့်လည်း အရပ်ထဲမှာတောင် ပျားတုပ်ပြီ"ဆိုတဲ့ ဗန်းစကား ပေါ်လာတာပဲ မဟုတ်လား။

"ကိုခြူးကလည်းဗျာ၊ ဘာလို့ ပျားအုံကြီးကိုမှ ခဲနဲ့ပေါက် ပစ်ခဲ့ရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟ ... ပျားအုံကို မပေါက်လို့ သူတို့ကို ပေါက်ရမှာလား
ဒီလောက်တောင် ငါ့ကို ခဲနဲ့ပေါက်နေတာကွာ၊ ဆယ်
မကဘူး။ သည်းမခံနိုင်တော့တာနဲ့"

"ဟား ဟား ... ကိုခြူးက အဲဒီအပင်မှာ ပျားအုံရှိတာ
အရင်တည်းက သိတယ်ပေါ့"

"သိတာပေါ့ကွ။ နည်းတဲ့ပျားအုံကြီးမှ မဟုတ်တာ။ ပျား
တွေက သူတို့အသိုက်အမြုံကို ဖျက်ဆီးဖို့ မပြောနဲ့ အနား
ကပ်လာရင်တောင် ကြိုက်တာမဟုတ်ဘူး။ ချက်ချင်းတွ
လွှတ်တာ ...

ဒီလို အဖျက်ခံရတာမျိုးကျတော့ ဘယ်ပြောကောင်း
မလဲကွာ၊ ကံမကောင်းရင် သူတို့ခြံထဲကလူတွေပါ အဆ
ပါနိုင်တယ်၊ ဟား ဟား"

သူက ပျားတွေလိုက်၍ ဖနောင့်နဲ့တင်ပါး တစ်သား
တည်းကျအောင် ပြေးနေရမည့် သူမရဲ့ပုံစံကို မျက်လုံးထဲမှာ
ပုံဖော်ကြည့်ကာ တသိမ့်သိမ့် သဘောကျလျက်ရှိသည်။ အင်း ...
မြင်ခွင့်ရခဲ့မယ် ဆိုရင်တော့ တော်တော်နဲ့ကို မျက်လုံးထဲက
မထွက်နိုင်တဲ့ ဟာသပြကွက် ဖြစ်မှာပဲ။





"အဲဒီ အစ်မကြီးက နဂိုတည်းကမှ ကိုခြူးကို ကြည့်မရပါ
ဘူးဆို အခုတော့ ပိုမုန်းသွားတော့မှာပဲနော်"

"မုန်းပစေပေါ့ကွာ၊ သူ့ကိုရော ငါက ချစ်နေတာကျ
လို့"

သူသည် အဲဒီစကားကို ပြောလိုက်စဉ်မှာတော့ ရင်
သိမ့်ခနဲ ဖြစ်သွားတာကို ကိုယ့်ကိုယ်ကိုယ် သတိပြုမိလိုက်
"ချစ်"တဲ့။ သူ့ဘဝတွင် အဲဒီအသုံးအနှုန်းကို မသုံးခဲ့တာ
တော်ကို ကြာနေပြီဆိုတာကို သတိပြုမိသည်။ နှလုံးသားကို
ပြုခဲ့တာလည်း ကြာပြီဖြစ်သလို နှုတ်ဖျားမှလည်း အဲဒီစကား
သုံးဖြစ်ခဲ့တော့တာ သူ ဘွဲ့ရပြီးတဲ့ အချိန်ကစလို့ဖြစ်သည်။

"ချစ်ခြင်းရဲ့အစ ဆိုတာ မုန်းခြင်းကတဲ့နော် ကိုခြူး"

"အောင်မာ ... မင်းကို အဲဒါ ဘယ်သူပြောတာလဲ"

"ဒီလိုပဲ ဝတ္ထုတွေထဲမှာ ဖတ်ဖူးတာပေါ့ ကိုခြူးရ၊ ကျွန်တော်
က ဝတ္ထုတွေ အမြဲဖတ်နေကျပဲ ဥစ္စာ။ မုန်းတယ်ဆိုတာ
လည်း လူတစ်ယောက်ကို မသိစိတ်မှာ နေရာတစ်ခုပေး
ထားတာမျိုးပဲလေ ...



www.burmeseclassic.com

www.burmeseclassic.com



အဲဒီ အမုန်းဟာလည်း ကိုယ့်စိတ်ထဲမှာပဲ ရှိနေတာ မို့ အခြေအနေတစ်ခု ပေးလာရင် အချစ်ဆိုတာကို ပြောင်းပြ သွားနိုင်တယ်တဲ့"

"ကဲ ... ဆရာသမား၊ အချစ်အကြောင်း ပြောမှာလား ကြပ်ထုပ်ထိုးမှာလား၊ သွား ... ပန်းတွေဖြတ်ဖို့လုပ်တော့"

"ကျွန်တော်ပြောတာ ဟုတ်၊မဟုတ်လည်း စဉ်းစားထားဦး နော်"

နောင်ထွေးက သူ့ကို ပြောင်စပ်စပ် ပြောရင်း ထွက်သွားလျှင် သူဟာ နဖူးပေါ် လက်တင်ရင်း တစ်ကိုယ် တည်း စဉ်းစားတွေးတောကာ ကျန်ရစ်ခဲ့သည်။ သူ မန္တလေး တက္ကသိုလ်ကြီးရဲ့ ရင်ခွင်ကို မှီလှုံခဲ့စဉ်က ချစ်သူတစ်ယောက် ရှိခဲ့ဖူးသည်။ သူမရဲ့အမည်ကို စန္ဒီ ဟုပဲ လွယ်လွယ်မှတ်ထားပါ။

စန္ဒီသည် သူ့ရဲ့ ငယ်နသော နှလုံးသားမှ ဦးစွာ မွေ့လန်းခဲ့သည့် ရင်ခုန်သံများ၏ ပိုင်ရှင် ဖြစ်ခဲ့သည်မို့ သူက ... ကို ဘဝတစ်သက်တာ၏ လက်တွဲဖော်အဖြစ်ပါ ရည်ရွယ်မျှော်... ခဲ့ဖူးသည်။ အဖေတစ်ခု သားတစ်ခု ဘဝမှာ အဖေရှိစဉ်တုန်း...



...တာ့ သူ့မှာ အေးချမ်းစွာပညာသင်ခွင့် ရခဲ့သော်လည်း သူ ...နောက်ဆုံးနှစ်အရောက်မှာပဲ အဖေက ရုတ်တရက် ဆုံးပါးသွားခဲ့ ...သာခါ သူသည် စန္ဒီမျှော်လင့်ထားသလို မန္တလေးမှာ အခြေချ ...နေထိုင်နိုင်မည့်သူ မဟုတ်တော့။

သူက အဖေရဲ့အမွေ ပန်းစိုက်ခြင်းနှင့် မွေးမြူရေး ...လုပ်ငန်းကို စိတ်ဝင်စားသည်။ စန္ဒီက အဲဒီဘဝကို သဘောမကျ ...ဖြင့် သူမအိမ်က သဘောတူထားသော သူဌေးသားတစ်ယောက် ...နှင့် ကျောင်းမပြီးခင်ပင် လက်ထပ်သွားခဲ့လေသည်။

ကဲ ... ဘယ်မှာလဲ မိန်းမတစ်ယောက်ရဲ့ အချစ်နဲ့ ...သစ္စာ။

သူက အဲဒီအချိန်တည်းက မိန်းမတွေရဲ့ အချစ်ဆို ...တာကို အယုံအကြည် မရှိတော့တာဖြစ်သည်။ အထူးသဖြင့် ...ချစ်သူတစ်ယောက်လုံး ဖခင်ဆုံးပါးသွားပြီး စိတ်ထိခိုက် ကြေကွဲ ...နေရချိန်မှာတောင် ရက်စက်စွာ စွန့်ပစ်ထားနိုင်ခဲ့သည့် မိန်းမတစ် ...ယောက်ကို အသဲပင် မကြားချင်တော့လောက်အောင် နာကြည်း ...ခဲ့တော့တာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဆက်တည်းမှာပင် ငွေတွေ ဂုဏ်တွေကို... သော မိန်းမတွေဆိုလျှင် ကြည့်ကိုမရတော့ချေ။ အလို... ခါးသီးနေလေ့ရှိသည်။

ဒါတောင်မှ ကံကြမ္မာသည် သူ့အနားသို့ မော... ရင့်သီးသော မိန်းမတစ်ယောက်ကို ရောက်လာစေခဲ့သည်မှာ... အတော်ဆိုးဝါးသော တိုက်ဆိုင်မှုပဲ ဖြစ်တော့သည်။

❦ ● ❦



"အမယ်လေး… ငါ့ကို ကယ်ပါဦး မေရယ်။ ငါ သေတော့မှာလား မသိဘူး၊ ငါ့မျက်နှာတစ်ခုလုံးလည်း ရစရာကို မရှိတော့ပါလား …

ကြောက်စရာ ကောင်းလိုက်တာ၊ အမလေး သေချင်တာပါပဲ၊ ဒီရုပ်ကြီးနဲ့ ညှိုသည်တွေကို ဘယ်လိုတွေ့ကြမှာလဲ"

မေသည် မြင်းအီးပေါက်သလို တဗျစ်ဗျစ်နဲ့ ညည်း...နေသည့် နေခြည်ရဲ့အသံကိုကြားလေ ပိုစိတ်တိုလာရနေလေ...သည်။ ဒေါသတွေ ထွက်လွန်းသဖြင့် တင်းမာနေသော မေ့...မျက်နှာသည် ပျားတုပ်ထားသောဒဏ်ကြောင့် ဖူးရောင်နေသေး...သရာ ဘီလူးမရုပ်ထွက်၍နေသည်။ ဒီကြားထဲ အုတ်ကန်ထဲ...ခေါင်းထိုးချထားသဖြင့် အအေးပတ်သွားသေးလေရာ နေကလည်း...ကောင်း။ နှာတချေချေနှင့် ဖျားလည်းဖျားနေသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကြီးသော ပျားများသည် အုတ်ကန်ထဲ ခုန်ဝ သွားတာတောင် အခဲမကျေနိုင်ပုံမျိုးဖြင့် အုတ်ကန်ပေါ်မှ ညာသံ ပေး၍ တဝီဝီ မာန်ဖီကာ စောင့်ဆိုင်းနေပုံမှာ အီရတ်ကိုဗုံးကြဲမည့် ဟယ်လီကော်ပတာမည်းမည်းတွေ ဘဂ္ဂဒက်မြို့တော်ပေါ်မှ ဝဲပျံနေ သည့်အတိုင်းပဲဖြစ်သည်။ ဒါကြောင့် မေမှာ တော်တော်နှင့် အပေါ် ပြန်မတက်နိုင်ပေ။ မေသည် ရေထဲတွင် ဆယ်မိနစ်လောက်ကြာ အောင် ငုပ်နေလိုက်ရသည်။

ပြန်အတက်မှာတော့ ထုံကျဉ်တုန် တက်နေသဖြင့် အလုပ်သမားတွေက ဝိုင်းဆယ်တော့မှပဲ ပြန်တက်နိုင်တော့သည် အထိ အဖြစ်ဆိုးခဲ့လေသည်။

အင်မတန် အသန့်ကြိုက်သော မေမှာ ခြံအလုပ် သမားတွေရဲ့ မှိုစော်နံ ဖလံထည်အနွေးထည်ကြီးနှင့် ရှမ်းဘောင်း ဘီကြီးကိုဝတ်ကာ ခိုက်ခိုက်တုန်ပြီး အောက်မေးရိုက်ခဲ့ရသည်။ မေက အဲဒီလို ဖြစ်ခဲ့သလို နေခြည်မှာလည်း မသက်သာပေ။ နေခြည်ကတော့ မေ့လို ရေထဲခုန်မချခဲ့သဖြင့် မပျားအုံ့သော်လည်း ပျားတုပ်သည့်ဒဏ်ကို ကောင်းကောင်းကြီး ခံလိုက်ရသူဖြစ်သည်။





နေခြည့်မျက်နှာတစ်ခုလုံးသည် ဆယ်ပေါင်တူနှင့် အထုခံထားရသလို ဖောင်းကားရောင်ရမ်းနေသည်။ မျက်လုံးနှစ် လုံးစလုံး ဖွင့်၍မရဘဲ မျက်လုံးတွေမှာ တစ်လလောက် ငိုချင်းချ ထားသူလို မို့မောက်တက်နေသည်မှာ အဝေးကလှမ်းကြည့်လျှင် မျက်လုံးပေါ်မှာ ကြက်ဥအခွံကို မှောက်ပြီးတင်ထားသလို ထင်ရ သေသည်။

ဒီလို ရောင်ရမ်းနေမှုတွေဟာ သုံးလေးရက်ကြာမှ သူ့ဟာသူ ပျောက်မှာမို့ ဘယ်လိုမှ မရှိတော့အောင် လုပ်လို့က လည်းမရ။

မနက်ဖြန်မှာ လားရှိုးဘက်က ဧည့်သည်တွေနဲ့ တွေ့ ရောက်စရာကလည်း ရှိသေးလေရာ မေသည် ဒီကို မယ်ကုဝဏ်ရုပ်မျိုး နှင့် တွေ့ရမှာကို သာ၍စိတ်ပျက်နေမိတော့သည်။

"နင်ကလည်း နင်ပဲ မေရာ။ အလကားနေရင်း ဒေါ်သတွေ ဇွတ်ကြီးပြီး ခဲနဲ့သွားပေါက်တာကိုး ...

ပြဿနာဖြစ်ရင်တော့ ဘာဆိုလဲ ကျွတ် ... ကျွတ်... ပြောရင်းနဲ့ နာလာပြန်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ခြေဘ် ... တော်တော်,တော်တဲ့ သူငယ်ချင်း။ ဖျား
အောင်လုပ်သွားတဲ့ လူကိုကျတော့ တစ်စက်လေးမှ အပြ
တင်ဖော် မရဘဲနဲ့ ငါ့ကိုကျမှ လာအပြစ်တင်တယ် ဟုတ်
လား ...

နင်နဲ့ အဲဒီလူနဲ့ ပေးစားမယ်၊ ပြီးရင် နှစ်ယောက်
စလုံးကို သေခန်းဖြတ်မယ် ဟင်း ... တောက်"

နေခြည်သည် နည်းနည်းလေးမှ ဆက်ဆက်ထိမ်း
နိုင်သော မေ့ရဲ့မျက်နှာကိုကြည့်ကာ ရယ်ချင်စိတ်ကို အောင့်အည်
ထားရလေသည်။

ဖျားတွေလိုက်တုပ်၍ ပြေးရသော ကိုယ့်အဖြစ်ကိုယ်
ပြန်တွေးကြည့်လျှင် ရယ်လည်း ရယ်ချင်သလို၊ စိတ်လည်းပျက်
သည်။

ဟိုလူကိုလည်း အပြစ်လုံးလုံး မဆိုနိုင်သေးချေ
မေက စတင်ပြီး ခဲနဲ့ကောက်ပေါက်နေတာ တစ်လုံးလည်းမဟုတ်
နှစ်လုံးလည်းမဟုတ်တော့အဖြင့် ဟိုလူ့ခမျာလည်း ကြံမိကြံရာ
ကြံလိုက်တာလည်း ဖြစ်နိုင်သည်။





"ငါက နင့်ကို အပြစ်တင်နေတာ မဟုတ်ပါဘူး၊ ဒါပေမဲ့
နင်က ခဲနဲ့စ,ပေါက်တာလေဟာ၊ ငါ အမှန်တွေကိုပြော
တတ်မှန်း နင်လည်း သိသားပဲ ...

သူက အဲဒီခြံကမို့ ငါကစပြီး မိတ်ဆက်ထားတာ။
ငါတို့ ဆေးတွေအကြောင်းလည်း ပြောရင်းပေါ့၊ ဒါနဲ့နေ
စမ်းပါဦး၊ နင်က ဘာလို့ သူ့ကို ဒီလောက်အစာမကြေ
ဖြစ်နေရတာလဲ"

"ငါ ရောက်ခါစက မနက်စောစော စက်ဘီးစီးတုန်း
သူတို့ထော်လာဂျီနဲ့ တိုက်မိမလိုဖြစ်ပြီး စက်ဘီးလဲ ဒူးပြဲရ
တယ်လေ ...

ဒါကို နည်းနည်းလေးမှ တောင်းပန်ဖော် မရဘဲနဲ့
ငါ့ကိုတောင် ပြန်ပြောနေသေးတယ်၊ အဲဒီတည်းက အမြင်
ကတ်ပြီး ကြည့်မရတာ ...

အလကား အရိုင်းအစိုင်းတွေ၊ နင်ကလည်း ဘာကိစ္စ
သွားပြီး နှုတ်ဆက်နေရတာလဲ၊ သူ့ရုပ်လား ခြံပိုင်ရှင်ဖြစ်
မှာ။ ဖွီး ... ဝေးသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... ဟုတ်လောက်ပါတယ်ဟယ်၊ သူ့ပုံစံက အဲလော
ကြီးလည်း အလုပ်သမားပုံ မပေါက်ပါဘူး"

"အမယ်လေး ... ဒီလိုသူငယ်ချင်းမျိုး ကြုံဖူးပေါင် ဂုဏ်ယူ
ဆောင်ပါပဲလား၊ ဒီမှာ ပျားတုပ်ခံရတာ ငါတစ်ယော
တည်း မဟုတ်ဘူးနော် ...

နင်က ငါ့ထက်တောင် ပယ်ပယ်နယ်နယ် အတု
ခံထားရတာ၊ မျက်နှာတစ်ခုလုံး အနှံ့လက်သီးဆုပ်
ဖြစ်နေတာ သိလား ...

ငါ ဖြစ်တယ်ဆိုတာက ငါက ခဲနဲ့ပေါက်ထားရသေး
တယ်။ နင်က ကြားထဲက အရှောင်ဝင်ခံရတာ၊ ဒါကို နင်
က ရွှေပြည်အေးတရား လာဟောနိုင်သေးတယ် ဟုတ်လား
မယ်ခန္တီမရဲ့"

မေ့ရဲ့ စက်သေနတ်ပစ်သလို တရစပ်အပြောကို
နေခြည်က တဟားဟားနှင့် ရယ်လေသည်။ မျက်စိနှစ်ကွင်းအလင်း
မရရှာဘဲ ဖူးယောင်နေသော မျက်လုံးပိတ်ကြီးနှင့် ရယ်မောနေ
သော နေခြည့်ပုံစံဟာ မေ့ကို စိတ်ပျက်လက်ပျက် ကြားထဲကကို
ရယ်စရာ ကောင်းနေစေသည်။



"သြော် ... ဒါကလည်း အကြောင်းရှိလို့ အကျိုးဖြစ်တာ
ပေါ့ဟာ၊ သူ ရည်ရွယ်တာက ငါ့ကို မဟုတ်ဘူးဆိုတာ
သိနေတာပဲ၊ ခွင့်လွှတ်ပါတယ် ...

ကြည့်နေ ... နောက်တစ်ခါ ထပ်တွေ့ရင် ငါ့ကို
သေချာပေါက် လာတောင်းပန်လိမ့်မယ်"

"ဟွန်း ... မျှော်လင့်နေသေးတယ်။ ဒီအရိုင်းအစိုင်းလား
လာတောင်းပန်မှာ"

"မေရယ် ... နင့်ပါးစပ်ကလေ ပြောထွက်လိုက်တာများ၊
ရုပ်လေးနဲ့တောင် မလိုက်ဘူး"

"အေး ... ရုပ်နဲ့လိုက်အောင် အိသျှောင်ညက် လုပ်နေလိုက်
တော့ ယောက်ျားတွေလား ခေါင်းပေါ်ကတောင် နင်းသွား
ဦးမယ် ...

တောက် ... ငါ့ကိုများ ပျားနဲ့ရှူးတိုက်တဲ့အကောင်
ကောင်းကောင်းကြီးကို ပြန်ကျွေးဦးမယ်၊ ယောက်ျားတန်မဲ့
စိတ်မာတ်ကိုက မြေကြီးထဲမှာ ... ဟင်း"

"အင်း ... မတော်တဆပါသွားတဲ့ ဓါးချဉ်ကောင်ကိုက်ခံရ
တာတောင် စုဠသူဘာ့ါက ဘာမခြားတဲ့အထိ အငြိုးကြီးနဲ့

www.burmeseclassic.com

www.burmeseclassic.com



တာ တမင်သက်သက် ပျားတုပ်အောင် လုပ်ခဲ့တာကိုတော့ မငြိုးနဲ့တော့လို့ မတားတော့ပါဘူး ...

အဲဒါက အရေးမကြီးဘူး၊ မနက်ဖြန်မှာ တို့ ကုန်သည်တွေနဲ့ ဘယ်လိုတွေ့ကြမလဲ၊ ဒီမျက်နှာတွေနဲ့"

မေက တစ်ချက် တွေခနဲ ဖြစ်သွားသည်။ အဲဒီနောက်မှာတော့ တစ်စုံတစ်ခုကို တွေးမိကာ ဖျတ်ခနဲ ပြုံးလိုက်မိလေသည်။

"ဟုတ်ပြီ၊ ငါ အကြံရပြီ"

"ဘာအကြံလဲ၊ ဒီပုံတွေနဲ့ တို့ ရုံးကိုသွားလို့ရမယ့်အကြံလား"

"ဒါပေါ့"

မေ့ရဲ့ ပြုံးစစ မေးဆတ်အပြောကို နေခြည်က အံ့ဩသလို တွေဝေငေးကြည့်နေခဲ့သည်။ မေကတော့ ကိုယ့်ကို နာကျင်စေရုံသာမက လူတောမတိုးအောင်ပါ လုပ်ထားသော ဖော့လာဂျီအစုတ်အပြတ်သမားကို မျက်လုံးထဲမှာ မြင်ယောင်လာရင်း တွေ့ရာသင်္ချိုင်း ဓားမဆိုင်းဟု ကောင်းကောင်းကြီးပဲ ကြိမ်းဝါးနေခဲ့မိတော့သည်။





၆

"ဟဲ ဟဲ ... ဒီလိုဆိုတော့လည်း နင့်အိုက်ဒီယာက ဘယ်ဆိုးလို့လဲ မေရဲ့။ ဖော်မြူလာဝမ်း ကားမောင်းပြိုင်ပွဲ ဝင်နေရသလိုလို ဘာလိုလိုနဲ့၊ မိုက်တော့ မိုက်သားဟ"

"အဲဒါကြောင့် ငါ ပြောတယ် မဟုတ်လား။ ဘယ်နေရာမှာပဲဖြစ်ဖြစ် ဒါ ကောင်းဖို့ လိုတယ်လို့"

မေက ဦးခေါင်းကို လက်နှင့်ပုတ်ပြလိုက်ပြီးနောက် ...ာတကျ ရယ်မောလိုက်သည်။ မေနှင့် နေခြည်သည် ဆိုင်...ယ်ဟဲလက်မက် ကိုယ်စီဆောင်းထားသဖြင့် မေတို့မျက်နှာက ...အယောင်တွေကို တော်ရုံလူက မမြင်တော့ချေ။ မေကဆိုလျှင် ...မှန်တောင် တပ်ထားလိုက်သဖြင့် လုံးဝမသိသာတော့။



www.burmeseclassic.com

www.burmeseclassic.com



ကားမောင်းရင်း ဆိုင်ကယ်ဟဲလ်မက်ဆောင်းထား…
နည်းနည်းတော့ ကြောင်တောင်တောင် နိုင်သော်လည်း ဒီ…
လမ်းကလွဲ၍ တခြားနည်း မရှိသဖြင့် မေသည်လည်း အကြံ…
ဂျွန်ဆားချက် လုပ်လိုက်ရတာပင်။

ရုံးရောက်သည်အထိ ဟဲလ်မက်မချွတ်၊ မျက်…
မချွတ်သော မေတို့ကို ရုံးကလူတွေနှင့် ဧည့်သည်တွေက …
လည်းသလို မေးနေကြတာကိုလည်း မေက ခပ်တည်တည်…
ပြောလိုက်သည်မှာ ...

"ကျွန်မတို့ကို သိပ်စိတ်မဝင်စားကြပါနဲ့။ မနေ့က ဖြ…
ဘက် ဆင်းကြည့်ရင်း ရှိုင့်ထဲချော်ကျလို့ မျက်နှာ…
ဒဏ်ရာနည်းနည်း ရထားလို့ပါ"

မန်နေဂျာကား ပျာပျာသလဲပင် မေ ရှိရာသို့ …
လာလျက် ...

**"မတော်ဦး၊ မေရယ်၊ မသေကောဝ်၊ မပျောက်ကောင်း…
နောက်ဆို တောထဲဘက်ကို မသွားပါနဲ့၊ အဲဒီလောက်လို…
လုပ်ဖို့ မလိုပါဘူး ..."**



ကျွန်တော်တို့မှာ တာဝန်ရှိပါတယ်"

"အြော် ... ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ၊ ကျွန်မကလည်း စိတ်ဝင်စားလို့ပါ၊ စိတ်မပူပါနဲ့၊ အပြောင်းအလဲပေါ့"

ဟဲလ်မက်ကြီးဆောင်းကာ ခပ်တည်တည်နှင့် လက်
…ပြောနေသော မေ့ကို ရုံးကလူတွေက အထူးအဆန်းသဖွယ်
…ကြည့်လို့ နေကြလေသည်။ သူတို့ မေ့နောက်ကွယ်မှာ ဘာ
…ပြောကြမှာပါလိမ့်။ ပြောချင်ရာ ပြောကြစမ်းပါစေ၊ လောလော
…ယ်မှာ ဖူးရောင်နေတဲ့ မျက်နှာကို မမြင်ဖို့က အရေးကြီးတယ်။

မေသည် ရုံးမှာတစ်နေ့ကုန်ပင် ဟဲလ်မက်ဆောင်း
…ကာ အလုပ်လုပ်သည်။ ဧည့်သည်တွေနဲ့ တွေ့သည်။ စကားပြော
…သည်။ ဟဲလ်မက်ဦးထုပ်နှစ်လုံးဖြင့် စတိုင်လ်အပြည့် ဝတ်စားထား
…သော မေနှင့် နေခြည်သည် ကမ္ဘာမြေကို အလည်ရောက်လာသော
…ဂြိုဟ်သားတွေလိုပင် အားလုံးရဲ့ ရှုစမ်းမှုကို တစ်နေ့ကုန် ခံကြရ
…သည်။

မေသည် လူတွေရဲ့ အကြည့်တစ်ချက်ကို ခံရလေ
…ချင်း မျက်လုံးထဲတွင် ထော်လာဂျီသမားကို ပြေး၊ပြေးမြင်လာ
…ာ တောထဲက ကျားတွေ ခြင်္သေ့တွေ သင်းကို ဝိုင်းဆွဲနေကြပုံ…

www.burmeseclassic.com

www.burmeseclassic.com



ကို မြင်ချင်လာသည်။ ခါင်က လည်ပင်းကိုနှင်းသတ်၊ ကျားက သင်းရင်ဘတ်ကို ဆွဲဖြဲကာ ခြသေ့်နှင့် ကျားတို့ သင်းရဲ့အသည်း နှလုံးကို ဝေစားမျှစား လုပ်နေပုံအား မက်မန်းဝိုင်တစ်ခွက်ဖြင့် အရသာခံကာ ကြည့်ချင်လွန်းလှသည်။

အဲဒီလိုဖြစ်အောင် ဘယ်လိုလုပ်ရပါ့။

နေခြည်က မေ့ရဲ့အတွေးကို ရိပ်မိနေသည့်အလာ မေ့အနားသို့ကပ်ကာ ...

"မေ နောက်တစ်ခါ ဟိုလူကို ထပ်တွေ့ရင် လက်စားချေ တာတွေ ဘာတွေ မလုပ်ပါနဲ့တော့ဟာ။ ငါတို့က ဒီမြို့မှာ လူစိမ်း။ သူတို့က မြို့ခံ။ မြို့ခံတွေနဲ့ ပြဿနာဖြစ်တာ မကောင်းပါဘူး။ ပြီးတော့ ငါတို့က မိန်းကလေးနှစ်ယောက် တည်းနေရတာ ...

သူတို့ မကောင်းကြံရင် ကိုယ် ဘာမှ မတတ်နိုင် ဘူး"

"ရှစ်ထိ ... နင်ဟာလေ၊ ဘာမဆို ဒူးထောက်ဖို့ပဲ စဉ်းစား နေတဲ့ မိန်းမပဲ။ ငါ့ကို အနာတရဖြစ်အောင် လုပ်ထားတဲ့ သူကိုတော့ ခွင့်မလွှတ်နိုင်ဘူးဟေ့ ...





တွေ့ရင် တွေ့တဲ့နေရာမှာ ကျေးရမှာပဲ၊ ဟင်း ... ပြောရင်း ဆိုရင်းနဲ့ ရှေ့ကမောင်းနေတဲ့ ဆိုင်ကယ်က အဲဒီကောင် မဟုတ်လား"

အတေးအမှတ်ကြီးသော မေ့ရဲ့ မျက်လုံးများသည် ...က မောင်းနေသော ဆိုင်ကယ်ကိုမြင်လျှင် ချက်ချင်းလိုပဲ ...တ်မိသွားသည်။ နေခြည်က စိတ်ပျက် လက်ပျက်ဖြင့် ခေါင်းကို ...ကာ ... (ကုတ်လို့တော့မရ၊ ခေါင်းမှာက ဟဲလ်မက်ဆောင်းထား ...ကိုး)

"မဟုတ်ပါဘူးဟာ၊ နင်ကလည်း မည်းမည်းမြင်ရာ"

"ဘာမဟုတ်ရမှာလဲ၊ သင်း မျက်ခွက်မျိုး ငရဲပြည်ရောက် တောင် မှတ်မိနေတယ်၊ ဦးထုပ်လည်း ဆောင်းမထားဘူး၊ ဒီထက် သေချာတာ ဘာရှိဦးမလဲ ...

တောက် ... တွေ့ကြသေးတာပေါ့ ထော်လာဂျီသမား ရာ"

ထော်လာဂျီသမားကား သူ့ကံကြမ္မာသူ မသိရှာသေး ...ခါတိုင်းကထက် သပ်ရပ်နေကာ မိန်းမပိုးက ပြန်လာသည့်



www.burmeseclassic.com

www.burmeseclassic.com



နယ် ကြွစွနေသည်။ သို့သော် ဒီလူဟာ စိတ်ပုပ်ကောင်၊ အယုဒ်
တမာ၊ ယောက်ျားတန်မဲ့ မိန်းကလေးတွေကို ပျားနှင့်ရှူးတိုက်ထာ
သော အောက်တန်းကျသည့် လုပ်ရပ်ကို လုပ်ထားသူဟူသော
နာကြည်းချက်များဖြင့် မေက အငြိုးတကြီးကြည့်ကာ လီဗာ
ဖိနှင်းလိုက်သည်။

နေခြည်က အလန့်တကြား ဖြစ်သွားကာ ...

"မေ ဘာလုပ်မလို့လဲ မေရယ်၊ ငါ တောင်းပန်ပါတ
ဟာ၊ အားလုံး ဒုက္ခတွေ ရောက်ကုန်လိမ့်မယ်၊ မလုပ်
နဲ့"

"ကျွတ် ... နင်က ဘာဖြစ်နေတာလဲ နေခြည်ရာ၊ အ
တုန်ကြီးနဲ့"

"ဒါက အသက်အန္တရာယ်နဲ့ နီးစပ်လို့ပါ၊ မတော်တ
တစ်ခုခု ဖြစ်သွားရင် နင် ဒုက္ခရောက်မှာနော်၊ ကာ
ဆိုင်ကယ်နဲ့ အန္တရာယ်များပါတယ် ...

မလုပ်ပါနဲ့ မေရယ်၊ ငါ ကြားထဲက တောင်းပန်
တာပါ"



"ခက်တာပဲဟာ၊ ဘယ်သူက ကားနဲ့ဝင်တိုက်မှာလဲဟာ၊
သဘောလောက်ပဲဟာကို"

မေ ပြောလိုက်မှ နေခြည်က ပို၍ထိတ်လန့်သွား
...

"အမလေး ... လေး ... သဘောလောက်လည်း မလုပ်ပါနဲ့
ငါ ... ငါ ကြောက်လို့ပါ မေရဲ့၊ မလုပ်ပါနဲ့"

"ကျွတ် ... အသာနေစမ်းဟာ၊ ကြောက်ရင် နင် ခုန်ချဆင်း
နေနဲ့။ နင့်ခေါင်းမှာ ဟဲလ်မက်ပါတယ်၊ ခြေကျိုး လက်ကျိုး
ရုံအပြင် မပိုဘူး ...

နင် အော်နေရင် ပိုဆိုးမယ်၊ ငြိမ်နေတော့"

အော်နေရင် ပိုဆိုးမယ်ဟုဆိုလို့ပဲ ငြိမ်သွားတာလား၊
ကြောက်လွန်းလို့ပဲ ငုတ်တုတ်မေ့သွားတာလား မသိတော့သော
ခြည်က တကယ်ပင် ငြိမ်သက်သွားလျှင် မေသည် ဟွန်းမပေး
ဘဲနှင့် ဆိုင်ကယ်အနားသို့ တစ်ရှိန်ထိုး တိုးကပ်သွားသည်။
ကယ်နောက်မြီးကို ထိလုထိခင်မှာပဲ တစ်ခါ အရှိန်ပြန်လျှော့
ငြိမ်နေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် ဟွန်းတစ်ချက်တီးကာ လမ်းတော်
လိုက်လျှင် ဆိုင်ကယ်သမားက ရုတ်တရက်မို့ လန့်သွား
နောက်သို့ လှည့်ကြည့်သည်။ အဲဒီအကြည့်ကို အခွင့်ကောင်း
ကာ မေသည် ဆိုင်ကယ်အနားကနေ၍ ပွတ်ခါသီခါပင် ကား
ကိုယှမ်း၍ ကျော်တက်ပစ်လိုက်သည်။

ဆိုင်ကယ်က ချက်ချင်းပဲ ဟန်ချက်ပျက်ကာ လ
ဘေးသို့ လဲကျသွားလေသည်။ မေသည် သဘောတကျနှင့်
နှစ်ခြိုက်ခြိုက်ကြီး ပြုံးလိုက်ပြီးနောက် နေခြည့်ဘက်သို့လှည့်
လက်မတစ်ချက် ထောင်ပြလိုက်သေးသည်။ ကားနောက်မှန်
လှမ်းမြင်နေရတာက ထော်လာဂျီသမားတစ်ယောက် ဆိုင်က
ကာ ကျန်နေရစ်ခဲ့ပုံ ဖြစ်[illegible]သည်။ ဒါဟာ ပျားတုပ်ခံရတာနဲ့တ
အသေးအဖွဲ့ပါ စိတ်ပုပ်ကောင်းရယ်။

"မေ ... နင် ... နင် လုပ်ခဲ့တာ ဟိုမှာ သေပြီလား
ဘူးနော်"

အရေးထဲမှာ တုန်တုန်ယင်ယင် မေးနေသော နေခြ
ကို မေက စိတ်ပျက်လက်ပျက်ဖြင့်ကြည့်ကာ ...





"ဘယ်လိုလုပ် သေရမှာလဲ နေခြည်ရယ်၊ သေရအောင်
ကားနဲ့ တိုက်မိတာမှ မဟုတ်တာ၊ သူ့ဟာသူ လမ်းဘေး
ကို လဲကျတာပဲ ...

ဘာမှတောင် ဖြစ်မှာမဟုတ်ဘူး၊ ငါတို့လောက်
တောင် ခံရမှာ မဟုတ်ဘူး၊ ဘာလဲ ... နင်က တော်တော်
စိတ်ပူနေလား၊ ကားရပ်ပေးရမလား ...

ဆင်းမလား ... ပြော"

မေသည် အကဲပိုနေသော နေခြည့်ကို စိတ်တိုလာ
သဖြင့် ခပ်ဆတ်ဆတ် လှည့်ပြောနေရသောကြောင့် ကားကိုတောင်
ဖြောင့်အောင် မမောင်းနိုင်တော့ချေ။

"ဆင်းချင်လို့ ပြောနေတာမှ မဟုတ်တာ၊ ဟိုမှာက ဆိုင်
ကယ်ဦးထုပ်လည်း ပါတာမဟုတ်ဘူးလေ၊ တစ်ခုခုဆို
နင် ပြဿနာဖြစ်နေမှာစိုးလို့ ပြောတာ ...

သူ့ဖို့ပြောမှန်းမသိ ကိုယ့်ဖို့ပြောမှန်း မသိနဲ့"

"အေး ... ပြောနေတာတွေကတော့ သူ့ဖို့ ပြောနေသလို
ချည်းမို့ပဲဟော့၊ ဟင် ... ဒီလောက် ရောင်ကိုင်းနေတာတောင်
အမှတ်က မရှိသေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အမှတ်ကတော့ ... ဟင် ..."

မေ့ကို တစ်ခွန်းမကျန် တုံ့လှန်နေသည့် နေခြည်သည် စကားပြောရင်းမှ ဆက်မပြောနိုင်ဘဲ ဖြစ်သွားလျှင် မေက ဟဲ့ ... ဘာလဲဟုတောင် ပြန်မေးလိုက်သေးသည်။ နေခြည်က နောက်ကြည့်မှန်ကို လှမ်းပြကာ ...

"ဟဲ့ ... ဟို ... ဟိုမှာ ... ဟိုလူ ... လိုက်လာပြီ၊ လိုက်လာပြီထင်တယ် မေ"

"ဘာ"

မေက အံ့သြစွာနှင့် နောက်သို့ လှည့်ကြည့်လိုက်လျှင် အဟုတ်ကိုပဲ ဒေါသတကြီးနှင့် ဆိုင်ကယ်ကို တစ်ဟုန်ထိုးစီးကာ လိုက်လာသော ထော်လာဂျီသမားကို ကြောက်မက်ဖွယ်ရာ မြင်တွေ့လိုက်ရသည်။ ကြည့်စမ်း ... အသက်ပြင်းပြီး မာန်ဗီနေလိုက်တာ ...။

မေက အစမှ ဂီယာပြောင်းချိန်းကာ လီဗာတင်ဖို့ ကြိုးစားသော်လည်း အရှိန်ပြင်းလှသည့် သူ့ဆိုင်ကယ်က မေတို့ကားဘေးမှ မရမက ကျော်တက်သွားကာ လမ်းကိုပိတ်ရပ်ပစ်လိုက်လေသည်။





"ဟဲ့ ... မေ၊ ကားကိုရပ်"

နေခြည့်ရဲ့ အော်သံအဆုံးတွင် မေက ဘရိတ်ကို ဆောင့်နင်းလိုက်မိသည်။ မေ့ရဲ့ကားခေါင်းနှင့် ဆိုင်ကယ်ရပ်ထားသော နေရာတို့မှာ တစ်ပေမျှသာ ကွာတော့လေသည်။ မေ ကားရပ်သွားတာနှင့် တစ်ပြိုင်နက် သူက တစ်ဟုန်ထိုး ပြေးလာကာ မေ့ရဲ့အင်္ကျီလည်ပင်းကို ဆွဲယူလျက် ကားပေါ်မှ ဒေါသတကြီး ဆွဲချလေသည်။

ဒီလောက် ဒေါသတကြီး တုံ့ပြန်လိမ့်မည်ဟု ထင်မထားသဖြင့် မေသည် သူ့လက်ထဲမှာ အငိုက်မိလျက် ပါသွားသည်။

"မင်း ဘာကောင်လဲကွ ... ဟင်၊ ဘယ်လောက်သတ္တိရှိလို့လဲ၊ သတ္တိရှိရင် တစ်ယောက်ချင်း ရှင်းမယ်၊ ဒီလို မိန်းမလို မိန်းမရ အလုပ်မျိုးနဲ့တော့ ထွက်ပြေးဖို့ မကြိုးစားနဲ့ ...

မင်း ဘာကောင်လဲ၊ ပြောစမ်း ဟေ့ကောင်"

သူက ပြောရင်းဆိုရင်း အင်္ကျီကော်လာစကို ဆောင့်ဆွဲလိုက်လျှင် မေ့တစ်ကိုယ်လုံး ထူပူကာ ပြာခနဲ ဖြစ်သွားလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ မေ့ရဲ့ ရှပ်အင်္ကျီမှ ကြယ်သီးလေးနှစ်လုံးသည် မြေကြီးပေါ် သို့ လွင့်ခနဲ ကျသွားကြသည်။ အဲဒီအချိန်တွင် အရာအား တိတ်ဆိတ်ငြိမ်သက်လို့ သွားသည်ဟု ထင်သည်။

သူက ရုတ်တရက် ကြက်သေ,သေသွားကာ မေ့ အင်္ကျီရင်ဘတ်နားသို့ ငေးကြောင်ကာ လှမ်းကြည့်နေသည်။ နေခြည် ကတော့ အသံတောင်မထွက်နိုင်တော့။ သူက အခုမှ သတိဝင်လာ ကာ တအံ့တသြ တုန်ယင်နေသော မျက်နှာဖြင့် ...

"မင်း ... မင်း ... မိန်းကလေး ... မိန်းကလေးပေါ့"

မေသည် ရှက်လွန်းသဖြင့် ဝဲတက်လာသော မျက်ရည် စများနှင့်အတူ သူ့ကို ဆောင့်တွန်းပစ်လိုက်သည်။ ချက်ချင်း ရင်ဘတ်ကို လုံအောင်ဆွဲစိပစ်ကာ နှုတ်ခမ်းကို ကိုက်ထားရင်း ချာခနဲ လှည့်ထွက်လာခဲ့လေသည်။ ဖြစ်နိုင်လျှင် ဒီနေရာက ပြီးတော့ အငွေ့ပြန် ပျောက်ဆုံးသွားချင်စိတ်သည် မေ့ရင်ထဲတွင် တဖွားဖွား ဖြစ်ပေါ်လို့နေသည်။

အခုန အချိန်တုန်းက သွေးပူလှုပ်ရှားခဲ့သော ပုံရိပ် များသည် ချက်ချင်းပျောက်ဆုံးလျက် အားလုံးဟာ အိပ်မက်ထဲ





လမ်းလျှောက်နေကြသူတွေလို ဝေဝေဝါးဝါး ဖြစ်နေကြလေသည်။ နေခြည်က မေ့ရဲ့အနောက်သို့ လိုက်မည်အပြုတွင် သူက လက် လှမ်းကာ ...

"ဒီမှာ ... ခင်ဗျား ... ခင်ဗျားတို့ ... ဟိုဘက်ခြံက ..."

နေခြည်က ဟဲလ်မက်ကို ချွတ်ချလိုက်လျှင် ခြူးမင်း သည် အဲဒီမျက်နှာကိုကြည့်ကာ ထိတ်လန့်သွားမိသည်။ တခြား အချိန်မှာဆို ကောင်းကောင်းကြီး ရယ်မိမည် ဖြစ်သော်လည်း ဒီ အချိန်မှာတော့ သူ့နှုတ်ခမ်းတွေက ဖွင့်၍မရအောင် အာစေးထည့် ထားသလို ပိတ်ဆို့တစ်အ,၍နေသည်။

ပျားတုပ်ထားသော ဒဏ်ရာများဖြင့် ထိုမိန်းကလေး ၏ မျက်နှာမှာ ရောင်ရမ်းနီရဲနေပုံမှာ အတော်ဆိုးပြီးနေသည်။ ဒါကြောင့် သူတို့ ဟဲလ်မက်တွေဆောင်းကာ ဟိုတစ်ယောက် လည်း ...

ခြူးမင်း၏ ရင်ထဲတွင် ဟာ,ခနဲ မြည်သံတွေက အကြိမ်ကြိမ် ပွဲတင်လို့သွားသည်။

"ခင် ... ခင်ဗျားတို့ဗျာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ပြီးခဲ့တဲ့ ကိစ္စအတွေအတွက် ကျွန်မ အားလုံးကို တောင်းပန်ပါတယ်ရှင်၊ ရှင့်ရဲ့မကျေလည်မှုကို ဒီမှာပဲ အဆုံးသတ်ပေးပါတော့"

သူက တွေဝေအငိုက်မိနေတုန်းမှာပဲ ထိုမိန်းကလေးက အသာလှည့်ထွက်လို့ သွားလေသည်။ သူသည် စံစားချက်ပေါင်းများစွာဖြင့် နေရာမှာတင် ကျောက်ရုပ်ဖြစ်ကာ ကျန်နေရစ်ခဲ့သည်။ အဲဒီအထဲမှာ စံစားချက်တစ်ခုက အတော်ထူးဆန်းသည်။ ဆိုးလည်းဆိုးရွားပါသည်။

မိန်းကလေးတစ်ယောက်အပေါ်မှာ သူ့လုပ်ရပ်ဟာ ဘယ်လောက်အတိုင်းအတာထိ လွန်သွားပါပြီလဲ။





ခြူးမင်းသည် ဒီနေ့တစ်နေ့လုံး ဘယ်လိုဖြစ်နေမှန်းကို မသိချေ။ ထိုင်ရမလို ထရမလို နေမထိ ထိုင်မသာဖြင့် ဂနာငြိမ်ဖြစ်လျက် ရှိနေသည်။ ပုံမှန်လုပ်နေကျဖြစ်သည့် အလုပ်များကိုလည်း မလုပ်နိုင်။

သူ့မျက်လုံးထဲတွင် တစ်စုံတစ်ရာကိုသာ ထပ်တလဲလဲမြင်ယောင်လျက် ရှိနေလေသည်။

(ဒီလိုတွေးလို့တော့ သူ့ကို နှာဘူးဟုတော့ မထင်ချင်ပါ။) သူက ရိုးသားသည့်စိတ်နှင့် မြင်ယောင်နေခြင်းသာဖြစ်ပါသည်။ (အင်း … အရိုးသားကောင်းကြီးဟုလည်း မထင်စေချင်ကြဘူးနော်။) တကယ်ပါ သူ့မျက်လုံးထဲတွင် အဲဒီပြကွက်ကို ရုပ်ရှင်ထဲက စလိုးမိုးရှင်းပြကွက်လိုပဲ ငြိမ့်ငြိမ့်ညောင်းညောင်း ပြန်မြင်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက ဟဲလ်မက်ဆောင်းထားသောကောင်ကို(အဲ တုန်းကတော့ တကယ်ပဲ ယောကျ်ားလေးဟုထင်ခဲ့တာပါ။ လူ ကြီးကြီးကျယ်ကျယ်လည်း ဒဏ်ရာမရအောင် လဲလည်းလဲကျသွား အောင် အချိန်ကိုက် ကွက်တိလုပ်နိုင်ဖို့ ဆိုသည်မှာ တော်ရုံမိန်း ကလေးက မလုပ်နိုင်)။ စိတ်ထဲမှာ အတော်ကြီး သတ်ချင်နေသဖြ ကားပေါ်မှ ဆွဲချလိုက်တာဖြစ်သည်။

အဲဒီအချိန်ထိ အဲဒီတစ်ယောက်ဟာ ယက်ကန် ယ ကန်နှင့် ပါလာတုန်း၊ နောက်တော့ သူက ဒေါသကြီးသလော အင်အားကြီးစွာဖြင့် အင်္ကျီရင်ဘတ်ကို ဆောင့်ဆွဲပစ်လိုက်သည် အဲဒီမှာ ... အဲဒီမှာပဲ ... သူ့လက်ဟာ ဓာတ်လိုက်ခံရသူလို ဗို အား(၁၅၀၀)ကျော်လောက်ရှိမည့် ဓာတ်စီးအား တစ်ခုလုံးက လုံ တစ်ကိုယ်လုံးကို ထုပူတုန်ယင်သွားအောင် စွမ်းစေလိုက်တာဖြ သည်။

အဲဒီဓာတ်စီးအားသည် သူ့ကို အခုချိန်ထိ ထုံကျ ထုံအနေသော ဝေဒနာကို ပေးစွမ်းစေတုန်းပဲ ဖြစ်သည်။ လှပသော နီညိုရောင် အကွက်စိပ်စိပ် ရှပ်အင်္ကျီမှ နီညိုရောင် ကြယ်သီးနှ



ပြုတ်ထွက်လွင့်ကျသွားပုံ၊ အဲဒီနောက် ... သူ အံ့သြမင်သက် ရသောအကြောင်း ... ... သူမဘက်ကလည်း အံ့သြငြိမ်သက် ပုံ ... စသဖြင့် ... စသဖြင့် ... အဲဒီအကြောင်းအရာများသည် အဆုံးတိုင် တရစ်ဝဲဝဲဖြစ်လို့နေသည်မှာ အာရုံထဲမှလုံးဝမထွက်။

ပြကွက်တွေဟာ အားလုံးပြီးဆုံးသွားလည်းပဲ အစ နေပြီး ပြန်ပြန်ရောက်နေတာက ခက်သည်။ ပြီးတော့ သူ့ရင် ာ ခံစားမှုတစ်ခု။ အဲဒီခံစားမှုဟာ ကြယ်သီးနှစ်လုံး ပြုတ်ထွက် ရခြင်းရဲ့ နောက်ဆက်တွဲ အကြောင်းအရာကို စိတ်ဝင်စား လည်းမဟုတ်။ သူ့ကြောင့် မိန်းကလေးတစ်ယောက်ရဲ့ အရှက် ပွဲသွားတာကို တကယ် စိတ်မကောင်းစွာ ခံစားရတာပဲဖြစ် သည်။

သူ့အတွက်ကြောင့် သူမမှာ ပျားတုပ်ရုံမက မြွေပါ ပေါက်ခံရပစေဦး သူ ဘယ့်နှယ်မှ နေမှာမဟုတ်ချေ။ ဒါပေမဲ့ သိုက်စွမျိုးမှာတော့ သူ့ကိုယ်သူ ခွင့်မလွှတ်နိုင်ပါ။ သူ့ကို ခွင့်အရေးယူတတ်သော ယောကျ်ားဟုလည်း ထင်သွားမှာကို ာ့ သူက သေမလောက် ကြောက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုခြူး ဘာဖြစ်နေတာလဲ၊ ထမင်းစားရအောင်လေ"

သူ့မှာ ဘယ်လောက်တောင်များ တွေဝေငေး

နေမိလဲတော့ မသိချေ။ တစ်ညနေခင်းလုံး ကုန်ဆုံးလို့ ညစာထ

စားဖို့တောင် သတိမရ။ စားချင်စိတ်လည်း တကယ့်ကိုမရှိ

"မင်း ဆာရင် စားနှင့်ကွာ။ ငါ မစားချင်သေးဘူး"

"ဟာ ... ကိုခြူးကလည်း ဒီအချိန် ကိုခြူး အမြဲပဲစား

ကြကို၊ ကျွန်တော်တို့ မစားသေးရင်တောင် ဟောကောင်း

အချိန်နဲ့စား၊ ငါက ဘာမဆို စည်းကမ်းတရှိနဲ့ တိတိကျ

လုပ်မှ ကြိုက်တယ်၊ ဘာညာနဲ့ အမြဲဆုံးမတာ မဟု

လား ...

ကိုခြူး နေမကောင်းဘူးလား၊ ဘာဖြစ်နေတာ

"ဘာမှမဖြစ်ပါဘူးကွာ၊ မင်းဘာသာမင်း သွားစားစမ်းပါ"

"ဟာ ... ကိုခြူးက မဟုတ်သေးပါဘူး၊ ကျွန်တော် ကြ

နေတာ တစ်ခုခုတော့ တစ်ခုခုပဲ။ အပြင်က ပြန်လာတည်

က ဒီလို ဖြစ်နေတာ ...

ဘာဖြစ်တာလဲ၊ ကျွန်တော့်ကို ပြောပြပါ"





သူက ရှည်ကဲနေသော မိကျောင်းသားကို ဟင်းခနဲ

သက်ပြင်းတစ်ချက် ဆောင့်ချကာ လှည့်ကြည့်လိုက်သည်။

ဒီအခါမှာ သူ့အပေါ်တွင် တကယ်စိုးရိမ်ကြီးစွာ စိတ်ဝင်စားစွာ

ဖြင့် ငေးကြည့်နေသော နောင်ထွေးရဲ့ အားကိုးချင်စရာ မျက်နှာ

ကို မြင်ရသည်။

နောင်ထွေးက သူ့ကို ပြော်သာပြောပါဟူသော ပုံ

ဖြင့် ခေါင်းတစ်ချက် ညိတ်ပြသည်။ နောင်ထွေးသည် ပညာ

ရည်အချင်းအားဖြင့်လည်း ဒုတိယနှစ် အဝေးသင်တက်နေသူ၊

ပဗဟုသုတအနေဖြင့်လည်း သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း

ဖြင့် သူဖတ်သော စာအုပ်တွေ လိုက်ဖတ်ရုံသာမက ခေတ်

အချစ်ဝတ္ထုမျိုးစုံကိုတောင် သူ့ထက်သာလွန်စွာ ဖတ်ထားသူ

သဖြင့် သူ့အနေနှင့် ကိစ္စတော်တော်များများမှာ လိုက်၍ခံစား

လည်ပေးနိုင်သူ ဖြစ်သည်။ အခုချိန်မှာ နောင်ထွေးကလွဲ၍

မှာ ရင်ဖွင့်စရာလူ မရှိချေ။ ပြီးတော့ ဒီလိုကိစ္စမျိုးဟာ ယောကျ်ား

အချင်းချင်းသာ ပွင့်ပွင့်လင်းလင်း ပြောလို့ကောင်းသောကိစ္စ

သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါတောင် သူ့မှာ ဘယ်ကစပြောရမှန်း မသိ

"နောင်ထွေး"

"ဗျာ ... ကိုခြူး"

"ဟိုဒင်း ... မင်းမှာ ရည်းစားရှိလား"

မေးမယ့် မေးတော့လည်း သူ့ပါးစပ်က ထွက်သွား တာက တခြားဖြစ်သည်။ နောင်ထွေးက သူ့ကို အူကြောင်ကြော ဖြင့်ကြည့်ကာ ...

"ကိုခြူး ... ကိုခြူး တစ်ညနေလုံး အုံးစားနေတဲ့ ပြဿ ရဲ့ မေးခွန်းက အဲဒါလား"

"ကျွတ် ... ငါမေးတာပဲ ဖြေကွာ၊ မဖြေချင်ရင်လည် သွားတော့"

သူ့က ဗိုလ်အာဏာသုံးပြီး ဟောက်လိုက်တော့လည် နောင်ထွေးက ဇက်ပုသွားကာ ...

"မဟုတ်ပါဘူး ကိုခြူးရာ၊ ကျွန်တော်က ကြောင်သွား ပါ၊ ကိုခြူး မေးတာ အလကားမေးတာ မဟုတ်ဘူးဆို ကျွန်တော် သိပါတယ် ...





ဟဲ ... ဟဲ ... အခု ကိုခြူး ကြုံနေရတဲ့ ပြဿနာက ဒါနဲ့ဆိုင်တဲ့ ပြဿနာမဟုတ်လား"

နောင်ထွေးက ရင်ဘတ်ကို ပုတ်ပြကာ ပြောသည်။ သူက ရှုံ့မဲ့လိုက်ရင်းမှ တစ်ချက် ရယ်ချင်သွားကာ စိတ်ထဲကလည်း ကျိတ်၍ပြောလိုက်သေးသည်။

(ဟုတ်တယ်ဟေ့ ... အဲဒါနဲ့ အမိက သက်ဆိုင်နေ တဲ့ ပြဿနာ၊ လုံးဝမလွဲဘူး) သို့သော် အပြင်ဘက်မှာတော့ ဟုတ်တယ်ဟေ့ဟူ၍ သွားပြော၍ မရ။ ဟုတ်တယ် ဆိုလျှင် နောင်ထွေးက အတည်မှတ်ယူသွားတော့မည်။

လောကတွင် တစ်ခါတလေ၌ မူရင်းအဓိပ္ပာယ်က နဲ့ကန်နေပါလျက်နှင့် လူတွေ ဘာသာပြန်ထားကြသော အဓိပ္ပာယ် တွေကိုမှ အမှန်တရားဟု ယူဆရတာတွေလည်း (တကယ့်ကို) ဖြစ်တတ်ကြောင်း သူ လက်တွေ့သိရချေပြီ။

"ကဲ ... ငါမေးတာကို မဖြေတော့ဘူးလား"

"ဟာ ... ဖြေမှာပေါ့၊ ကျွန်တော်က အစတည်းကတောင် ပြောပြချင်နေတာ။ ဒါပေမဲ့ ကိုခြူးက အချစ်နဲ့ ပတ်သက်



www.burmeseclassic.com

www.burmeseclassic.com



လာရင် နည်းနည်း သဘောထားပြင်းထန်လို့ မပြောတော့တာ။ ကျွန်တော့်မှာ ရည်းစားတော့ မရှိသေးပါဘူး ကိုဖြူ"

"ရည်းစားမရှိသေးဘူး ဆိုတော့ ရှိတော့မယ့် အဓိပ္ပာယ်လား"

"အဟဲ ... အဲလိုတော့လည်း မဟုတ်ပါဘူး။ ကျွန်တော်က ကြိုက်နေတာပါ၊ ကြိုက်တုန်းပေါ့။ ဖွင့်တောင်မပြောရသေးပါဘူး ...

ဒါပေမဲ့ မျက်လုံးနဲ့တော့ စကားပြောပြီးပြီ"

"ဩော် ... ဒီလိုလား၊ ဒါဖြင့်ရင် မင်းကို တစ်ခုမေးမယ်ကွာ။ မင်းကြောင့် မိန်းကလေးတစ်ယောက်ရဲ့ အင်္ကျီကြယ်သီး ပြုတ်သွားဖူးလား"

"ဗျာ"

နောင်ထွေးက သူ့ကို ပုစွန်မျက်လုံးများဖြင့် အလန့်တကြား မော့ကြည့်သည်။ သူက အဓိပ္ပာယ်တစ်မျိုးပေါက်သွားသော နောင်ထွေးကို လက်တယမ်းယမ်းဖြင့် ...

"ဟော့ကောင် ... ငါ မေးတာ ရိုးရိုးမေးတာနော်၊ လုံးဆင်းပဲလ်ကို ပြောတာ"





"မဟုတ်သေးပါဘူး ကိုဖြူရယ်၊ ကိုယ့်ကြောင့် မိန်းကလေးတစ်ယောက်ရဲ့ အင်္ကျီကြယ်သီး ပြုတ်သွားရတာဟာ ရိုးသားတဲ့ကိစ္စ ဖြစ်မတဲ့လား၊ ဒါဟာ ..."

"ဟော့ကောင် ... တော်တော့ကွာ၊ မဟုတ်တရုတ်တွေ လျှောက်ပြောမနေနဲ့"

သူက ဆက်ပြောနေလျှင် ပိုဆိုးလာမည်ဖြစ်သော နောင်ထွေးရဲ့ပါးစပ်ကို အမြန်ပိတ်လိုက်ရသည်။ ခက်တာပဲ၊ ဒီကိစ္စမျိုးကို ဘယ်လိုအဓိပ္ပာယ်ဖွင့်ဆိုပြမှ တစ်ဖက်သားက သဘောပေါက်လွယ်မှာလဲ။ သူမသာ တစ်ခေါင်းလုံး လုံခြုံနေသော ဆိုင်ဘယ်ဟဲလ်မက်ကြီးကို ဆောင်းမလာခဲ့ဘူးဆိုရင် ဒီလိုကိစ္စတွေ ဘာမှဖြစ်စရာအကြောင်း မရှိဟု သူ ထင်သည်။

သူ ဆောင့်ဆွဲရာသို့ ကိုးရိုးကားရား ပါလာသော သူမ၊ နောက် ... အင်္ကျီရင်ဘတ်ကို ဒေါသတကြီး ဆောင့်ဆွဲခဲ့လိုက်ရသော သူမ၊ အဲဒီတော့မှ အခြေအနေတစ်ခုကို ရိပ်စားမိသောသူ၊ နောက် ... လွင့်ကျသွားသော နီညိုရောင်ကြယ်သီးနှစ်လုံး (အဲဒီကြယ်သီးနှစ်လုံးသည် အခုထိ သူ့အင်္ကျီအိတ်ကပ်ထဲမှာ ရှိနေသေးသည်။)



www.burmeseclassic.com

www.burmeseclassic.com



စသဖြင့် ... စသဖြင့် ... အရာအားလုံးဟာ ရိုးသား ပြီး မှားယွင်းစွာ စနစ်တကျ ဖြစ်ပေါ်ခဲ့တာပါ။

"ကိုခြူး ... ကိုခြူးကြောင့် ဘယ်မိန်းကလေးက အကျ ကြယ်သီး ပြုတ်ခဲ့လို့လဲဟင်"

သူက ငြိမ်သက်သွားသဖြင့် အကင်းပါးသော နောင်ထွေးက ချက်ချင်းပဲ မေးလာခဲ့သည်။

"ဟော့ကောင် ... ငါ့ကြောင့် ဖြစ်တယ်ဆိုလည်း အဲဒါ လုံးဝရိုးရိုးသားသားပဲနော်၊ လုံးဝ ... လုံးဝပဲ၊ မရိုးသားတဲ့ ကိစ္စဆိုရင် မင်းကို ဒီလိုတောင် မေးမနေဘူး"

"အင်း ... အင်း ... ထားပါတော့ ကိုခြူးရာ၊ ထူးတော့ ထူးဆန်းတယ်နော်၊ ဒါပေမဲ့ ကိုခြူး ဆိုတော့ ရိုးရိုးသား သား ဖြုတ်တယ်လို့ပဲ ကျွန်တော် ယုံပေးလိုက်ပါမယ်"

"ဟော့ကောင် ... မယုံချင် ယုံချင်တော့ လာယုံမနေနဲ့ တော်ပြီကွာ၊ မင်း သွားတော့၊ မင်းကို ပြောရတာ အဓ ကားပဲ ...

ဘာအကြိုးဥာဏ်မှလဲ မရဘူး"





သူက နောင်ထွေးကို တွန်းထုတ်လိုက်လျှင် ဒီကောင် သူ့လက်မောင်းကို ကပျာကရာ ဆွဲဖက်ကာ ...

"ဟာ ... အဲဒီလို မလုပ်ပါနဲ့ ကိုခြူးရာ၊ ကျွန်တော်က အံ့သြလို့ မေးကြည့်တာပါ။ အင်း ... အဲဒီတော့ ဘာဖြစ်လဲ ဆက်ပြောပြပါ ...

ကြယ်သီးပြုတ်သွားတယ်ဆိုတော့ စိတ်ဝင်စားတယ် ဟဲ ... ဟဲ"

"ကျွတ် ... အတွေးက ဒါပဲ။ အဲဒီကိစ္စက မတော်တဆ ဖြစ်သွားတဲ့ ကိစ္စပါကွာ။ မတော်တဆ ဆိုပေမယ့် တကယ့် ကို ကြီးမားစွာ မှားယွင်းတဲ့ မတော်တဆပေါ့ ...

ငါ စိတ်မကောင်းဘူးကွာ"

"ဘာလို့လဲ။ နှစ်လုံးတည်း ပြုတ်လို့လား"

သူက ဒီတစ်ခါတော့ နောင်ထွေးကို အသံတိတ်ဆဲ ရေးလိုက်သည်။ နောင်ထွေးက တဟက်ဟက် ရယ်မောကာ ...

"နောက်တာပါ ကိုခြူးရာ၊ ကိုခြူး မျက်နှာ တစ်ညနေလုံး စိတ်သောက ဖြစ်နေပုံထောက်ရင် ဒါဟာ တကယ့်ကို ရိုးသားတဲ့ မှားယွင်းမှုဆိုတာ ကျွန်တော် လက်ခံပါတယ် ...



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်ဗျ။ လောကမှာ တချို့ကိစ္စတွေဟာ တိကျစွာ မှားယွင်းတတ်ကြတယ်။ ပြန်ပြောပြဖို့ တော်တော် ခက်တယ်။ ဒါမျိုးကျတော့ အပေါ်ယံကိုပဲ ရုပ်ပြီး နားလည်ပေးလိုက်တာ အကောင်းဆုံးပဲ”

“သူ တော်တော် ရှက်သွားမှာပဲကွာ”

အဲဒီစကားကိုတော့ သူက တနင့်တပိုးဖြင့် ဆွေးဆွေးလျလျ ရေရွတ်လိုက်တာဖြစ်သည်။ နောင်ထွေးက ခေါင်းတဆတ်ဆတ်ညိတ်ကာ ...

“ဒါမျိုးက သွားတောင်းပန်လို့လည်း မကောင်းဘူးဗျ။ သူက ပြန်ပြောရတာကိုက ရှက်ဖို့ ဖြစ်နေမှာ ...

ဒီတော့ ဘာသိဘာသာပဲ နေလိုက်ပါတော့ ကိုဖြိုးရာ”

“ဟင် ... မင်းအကြံကလည်း”

“ဟာ ... ဟုတ်တယ်လေ။ ဒါဆို ကိုဖြိုးက သွားတောင်းပန်မလို့လား ... ပြော။ ဘယ်ကနေ ဘယ်လို စပြောမှာလဲ ...





ဟိုတစ်နေ့က မဟိုဒင်းရဲ့ အင်္ကျီကြယ်သီး ပြုတ်သွားတာ ကျွန်တော် ဘာမှမမြင်ရပါဘူး။ မရှက်ပါနဲ့ အဲဒီလိုပြောမှာလား”

သူက နောင်ထွေးရဲ့စကားကို စိတ်ညစ်သည့်ကြားမှ ရယ်ရသေးသည်။ တကယ်တမ်းမှာ ကြယ်သီးနှစ်လုံး ပြုတ်ရုံတင်ဟုတ်၊ လက်ကို ဓာတ်လိုက်သောကိစ္စပါ ပါသေးသည် ဆိုတာတောင် သူက ထည့်မပြောရသေးချေ။ ပြောလည်း မပြောချင်တော့ပါ။

အရာအားလုံးကို တွေးလိုက်တာနှင့် သူမကို ထပ်ဦး မျက်နှာချင်းမဆိုင်ရဲတော့လောက်ပဲ ဖြစ်ရလေသည်။ ဒါတောင် သူက အဲဒီတုန်းက ဖြစ်ပျက်ပြောင်းလဲသွားမည့် မျက်နှာကို မြင်တွေ့ရခဲ့တာ မဟုတ်သေးချေ။

ကျွတ် ... အမျိုးသမီးရယ်၊ အဲဒီနေ့က ကြယ်သီးပါတဲ့ ခေါင်းစွပ်တီရှပ်ပဲဖြစ်ဖြစ် ဝတ်ခဲ့ပါတော့လား။

အင်း ... အဲဒါဝတ်လည်း ဓာတ်ကလိုက်ဦးမှာက လိုက်ဦးမှာပါပဲ။ ခက်လိုက်တာကွာ။



www.burmeseclassic.com

www.burmeseclassic.com



သူက စိတ်ပျက်လက်ပျက်ဖြင့် သက်ပြင်းတစ်ချက်ကို ချလိုက်လျှင် ...

"အဲဒီလောက်လည်း သက်ပြင်းတွေ ချမနေပါနဲ့ ကိုခြ ရာ။ ဒါဟာ တိုက်ဆိုင်မှုတစ်ခုဆိုတာ သူလည်း သဘော ပေါက်မှာပါ။ ဒါကြောင့် ကိုခြူးကို ပါးရိုက်မလွှတ်တာ ပေါ့ ...

ဒီကိစ္စမှာ သူ့ပယောဂလည်း မကင်းဘူးထင်တယ် နို့မို့ဆို ဘယ်မိန်းကလေးက ဒါမျိုးကိစ္စကို ခေါင်းငုံ့ခံနေ မှာလဲ။ ကဲ ... စိတ်ထဲမှာ ထည့်မထားနဲ့တော့ ကိုခြူး စိတ်ထဲကို ထည့်ထားလွန်းရင် စိတ်ထဲမှာပဲ ရှိနေလိမ့်မယ် ဒါဆို ပြန်ထုတ်ဖို့ မလွယ်တော့ဘူး ...

ထမင်းစားကြစို့၊ ကျွန်တော် စောင့်နေမယ်"

နောင်ထွေး ထွက်သွားလျှင် သူသည် အိတ်ကပ်ထဲမှ ကြယ်သီးလေးနှစ်လုံးကို အသာထုတ်ယူ ကြည့်မိလေသည်။ နီညိုရောင်ကွက်စိပ် ရှပ်အင်္ကျီလေးရဲ့ အင်္ကျီကြယ်သီးလေးများတွင် GIORDANO ဟူသော စာသားလေးက ကြယ်သီးပတ်ပတ်လည်မှာ ပါရှိသည်။





ဒီရှပ်အင်္ကျီလေးအတွက် ကြယ်သီးလေးများကို သီးသန့်ထုတ်လုပ်ထားခြင်း ဖြစ်လေရာ ပြုတ်သွားသော ကြယ်သီးနေရာမှာ ကြယ်သီးအသစ် အစားထိုးဖို့ လွယ်မယ် မထင်တော့ချေ။ သူ့လက်ဖဝါးပေါ်တွင် တင်နေကြသော ကြယ်သီးလေးများမှာ နေရာမှန် မဟုတ်သဖြင့် သူ့ကို အားငယ်စွာ ကြည့်နေကြသည်ဟု ထင်သည်။

သူသည် ထိုကြယ်သီးလေးများကို နေရာမှန်ရောက်အောင် ပြန်ပို့ပေးချင်သော်လည်းပဲ ဘယ်လိုပို့ရမယ် ဆိုတာကိုတော့ ဘကယ်ပဲ မသိတော့ပါ။ အခုချိန်မှာ စဉ်းလည်းမစဉ်းစားတတ်တော့ချေ။ ပြန်ပို့ရမည့် နည်းလမ်းကောင်းကို မတွေ့ခင်အချိန်ထိတော့ လှပသော GIORDANO နီညိုရောင် ကြယ်သီးလေးနှစ်လုံးသည် သူ့အံဆွဲထဲက ပုလင်းလေးထဲမှာ ငြိမ်သက်စွာ ရှိနေကြဦးတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



## ၇

မေသည် တစ်နေ့ကကိစ္စ ပြီးသွားသည့် နောက်ပိုင်းတွင် နေခြည့်ကိုတောင် စကားသိပ်မပြောတော့ဘဲ တိတ်ဆိတ်ငြိမ်သက်လွန်းသွားခဲ့သည်။ အရင်တုန်းက တော်ဦးမေသည် အမြဲတမ်း မော်ချီနေသော မျက်နှာထားဖြင့် သွက်လက်ဖျတ်လတ်နေလေ့ရှိတတ်သည်။ အခုတော့ မှိုင်တွေငေးမောနေတာမျိုး မဟုတ်ပေမယ့် အရင်ကလိုတော့ စာစာ စာစာ သိပ်မရှိတော့။

အရင်တုန်းက မေ့ရဲ့ဒေါသများနေရာတွင် ရှက်ရွံ့တိတ်ဆိတ်မှုများကသာ နေရာယူလျက် ရှိနေသည်။ ဘယ်သူမှ မရှိပါဘဲနှင့်ကို အခန်းထဲတွင်လည်း တစ်ယောက်တည်း ရှက်ရင်





ရှက်နေတတ်သည်။ ထိုနေ့က အဖြစ်အပျက်သည် တစ်ပတ် နှစ်ပတ်ကြာသွားပြီးသည့်တိုင်အောင် လောလောလတ်လတ် ဖြစ်ထားခဲ့သလို ရှက်ရွံ့ရင်ဖိုစေလေသည်။

မေဟာ တစ်ခါမှ ချစ်သူရည်းစား မထားခဲ့ဖူးသော်လည်း ယောကျ်ားလေးတွေနှင့် အစိမ်းသက်သက်တော့ မဟုတ်ချေ။ ကျောင်းမှာတုန်းကလည်း ကျောင်းမှာမို့လို့ ယောကျ်ားလေးတွေနဲ့ စပါးစိုက်ကွင်း အတူတူဆင်း၊ အိတ်စကားရှင်း အတူသွက်၊ သီးဆစ်အတူလုပ်ရ စသဖြင့် တတွဲတွဲ ရှိခဲ့ရဖူးသည်။ ယောကျ်ားလေးတွေရှေ့မှာ တချို့မိန်းကလေးတွေလို ရှက်ကိုးရှက်ကန်း ဖြစ်တတ်တာ အနေရခက်တာ ယောကျ်ားတွေထိုင်နေသော လက်ဖက်ရည်ဆိုင်ရှေ့သို့ ဖြတ်မလျှောက်ရဲတာ စသဖြင့် အဲဒါမျိုးတွေလည်း မရှိခဲ့ရဖူး။ ကိုယ်မှန်တယ်ထင်ရင် ဘယ်ယောကျ်ားကိုမှလဲ မကြောက်တတ်သော မေသည် ဒီတစ်ခါမှာတော့ ...။

မေက သက်ပြင်းတစ်ချက်ချကာ ခေါင်းယမ်းလိုက်သည်။ မိန်းကလေးတစ်ယောက်ရဲ့ လျှို့ဝှက်အပ်သော အလှ



www.burmeseclassic.com

www.burmeseclassic.com



တရားကို ရန်သူသဖွယ် ဖြစ်နေသည့် ယောက်ျားတစ်ယောက် တွေ့မြင်သွားခြင်းသည် မေ့ကို ဘာနဲ့မှမတူအောင် အရှက်သည် စေသည်။ အခုချိန်တွင် မေမှာ သူ့အတွက် ဒေါသဖြစ်ခြင်း၊ မုန်း ခြင်း ဆိုတာထက် မေ့ကိုယ်မေ ယူကျုံးမရခြင်း ဖြစ်တာက ပို သည်။

အခြေအနေတွေဟာ ဒီလိုဖြစ်သွားလိမ့်မည်ဟု လုံး မျှော်လင့်မထားခဲ့ချေ။ သူလည်းပဲ မျှော်လင့်ထားခဲ့မှာ မဟုတ် အဲဒီအချိန်တုန်းက မေသည် ယောက်ျားတစ်ယောက်၏ ကျ တစ်ကောင်လို ဒေါသအောက်မှာ အုံ့ညြမင်သက်နေလျက် အငိုး မိနေခဲ့ရတာဖြစ်သည်။ ပြောင်းလဲသွားသော အဖြစ်အပျက်များ မေ ကိုယ်တိုင်တောင် လိုက်မမီခဲ့ချေ။

မေသည် နှုတ်ခမ်းကို ခပ်နာနာဖိကိုက်လျက် မျ လုံးကိုစုံမှိတ်ချလိုက်သော်လည်း မျက်လုံးထဲတွင် မေ့ကို အုံ့ညြ နှင့် ကြည့်လိုက်သော မျက်လုံးတစ်စုံကို ပြန်မြင်ယောင်ဆဲ သည်။ မေ ရှက်တာ အဲဒီမျက်လုံးတွေကိုပဲ။ အုံ့ညြတကြီး ဖြ သွားသော၊ မယုံနိုင်ခြင်း ဖြစ်သွားသော၊ ဆန်းကြယ်သွားသော





နောက် စိတ်မကောင်းခြင်းကြီးစွာ၊ အားနာခြင်းကြီးစွာ စသဖြင့် ... စသဖြင့် ... မေ့ကို အနိုင်မယူရက်တော့ပါဘူး ဟူသော မျက်လုံး များကိုတော့ မေက မခံချင်ဆုံးပဲ ဖြစ်သည်။

အို ... ဒါကြောင့် ယောက်ျားတွေဟာ မိန်းကလေး တွေကို အားနွဲ့သူ မိန်းမသားတွေအဖြစ် သတ်မှတ်ထားချင်ကြ တာ။ မေကလည်း ကိုယ့်ကိုအားနွဲ့သူလို့ သတ်မှတ်တာလောက် မုန်းတာမရှိတော့ပေ။

"မေ"

"တီတီတီ ... တီတီတီ ... တီတီတီ"

နေခြည် ခေါ်လိုက်သံနှင့် မေ့ရဲ့လက်ကိုင်ဖုန်းမှ ဘီးလုံးလေး ထွက်ပေါ်လာသံတို့ဟာ တစ်ချိန်တည်းလိုလို ဖြစ် သဖြင့် မေက နေခြည့်ကို မျက်လုံးတစ်ချက် လှန်ကြည့်ကာ ဖုန်း ကို ဖွင့်နားထောင်လိုက်သည်။

"ဟယ်လို"

"အင်း ... ပြောလေ ကိုဈာန်"

"မေလေး နေကောင်းရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါတယ်၊ ဘာဖြစ်လို့လဲ"

"ဪ ... မေလေးရဲ့အသံက တစ်မျိုးဖြစ်နေလားလို့ ... သိပ် active မဖြစ်သလိုပဲ။ နေမကောင်းဘူးလား။ ဒါမှ မဟုတ် အလုပ်မှာ တစ်ခုခု အဆင်မပြေတာမျိုးများ ရှိ... လို့လား"

မေက သက်ပြင်းတစ်ချက် ရှိုက်လိုက်မိသည်။ ... ခေါင်းပဲ ယမ်းပြချင်သော်လည်း ကိုဈာန် မြင်မှာမဟုတ်သ... စကားလုံးတို့ကို ဖျစ်ညှစ်ထုတ်လိုက်ရသည်။

"မဟုတ်ပါဘူး။ အားလုံး အဆင်ပြေတယ်၊ နေလည်း ကောင်းတယ်၊ ကိုဈာန် ဘာပြောစရာရှိလို့လဲ"

"ဪ ... အဲဒီမှာ မေလေး နေရထိုင်ရတာ အဆင်မပြေ... ရင် ဟိုတယ်ကို ပြောင်းနေဖို့ ပြောမလို့ပါ"

"ပြေပါတယ် ကိုဈာန်၊ ဒီမှာပဲ ကောင်းပါတယ်"

"ကိုယ်တောင် ရှေ့လထဲမှာ ပြင်ဦးလွင်ကို တက်လာဖို့ ... တယ်"

"ဟုတ်လား။ rest လုပ်ဖို့လား"





"ဟင့်အင်း။ မေလေးနဲ့ တွေ့ဖို့"

မေက အဲဒီစကားကို ဘာမှမပြောဘဲ ငြိမ်သက်နေမိသည်။ မေ ငြိမ်နေသဖြင့် ကိုဈာန်က စကားလွှဲသွားသည်။

"ဓာတ်မြေသြဇာကြော်ငြာအတွက် အဲဒီဘက်မှာ ကြော်ငြာ လာရိုက်မလို့လေ။ ကိုယ်ကတော့ location ကြည့်ဖို့ တစ်ပတ်လောက် စောရောက်လာမယ် ...

မေလေးက အဲဒီမှာ နေသားကျနေပြီဆိုတော့ လှတဲ့ နေရာတွေ သိမှာပေါ့။ ဘယ်နေရာတွေလှလဲ"

"အင်း ... မေ ဘယ်မှ သိပ်မရောက်ဖြစ်သေးဘူး။ ဓာတ်မြေသြဇာ ကြော်ငြာဆိုတော့ ခြံတွေဘက်က ပိုကောင်းတာ ပေါ့"

"အင်းနော် ... အကြံဉာဏ်လေး ဘာလေးများ ရှိရင်လည်း ပြောပါဦး မေရယ်။ မေလေးက အိုက်ဒီယာကောင်းတယ် မဟုတ်လား၊ ဘယ်လိုပုံစံမျိုး ရိုက်ရင်ကောင်းမလဲ"

မေသည် ဖုန်းအတင်းကို စကားတွေ ဆက်နေသည့် ကိုဈာန့်ကို မမြင်ရပါဘဲနှင့် စိတ်ရှုပ်စွာ တစ်ချက်ပြုံးပြမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါက ဒါရိုက်တာက ပိုနားလည်မှာပေါ့ ကိုရှာန်ရဲ့ မေလေးက ဘယ်လိုလုပ် သိမှာလဲ"

"မဟုတ်ပါဘူး။ မေလေး သိပါတယ်။ ကိုယ်က ဒီ ကြော်ငြာကို မေလေးရဲ့ အိုက်ဒီယာ ပီစီလေးလောက်ပဲ ဖြစ် ပါစေချင်တာလေ"

မေသည် ရစ်နေသော ကိုရှာန့်ကို ဘုတောပင်ချ လာသည်။

"ကြော်ငြာမှာ မင်းသမီးပါလား ကိုရှာန်"

"ဟာ ... ပါတာပေါ့။ ရှုပါတွေပဲ သုံးထားတာ။ မင်းသာ ရော မင်းသမီးရော"

"မင်းသမီးကို ထော်လာကျီ မောင်းခိုင်းလိုက်ပါလား"

"ဟား ... တကယ်လား။ မေ့ အိုက်ဒီယာ ကောင်းသာ ပဲ။ အဲဒါမျိုး ဘယ်သူမှ မရိုက်ဖူးသေးဘူးနော်"

"ဟုတ်တယ်၊ သစ်တယ်။ မေကတော့ အဲဒီလိုပဲ ရိုက်စေ ချင်တယ်။ ဒါရိုက်တာကို ပြောပြလိုက်။ မင်းသား ပန်းတင်ထားတဲ့ စက်ဘီးစီးနိုင်း ထော်လာကျီနဲ့ စက်ဘီး တိုက်ပေါ့"





မေ့ရဲ့အပြောကို တစ်ဖက်မှ ကိုရှာန်က တဟားဟား အော်ဟစ်ရယ်မောနေသလောက် နေခြည်ကတော့ မျက်လုံးပြူးကာ ကြည့်၍နေသည်။

"ဟား ဟား ဟား ... မေလေးက တကယ်ပဲကွာ။ ဘာပဲ ဖြစ်ဖြစ် ကိုယ့်ကို ရယ်မောပျော်ရွှင်အောင် လုပ်ပေးတဲ့ အတွက် ကျေးဇူးတင်ပါတယ် ...

မေလေး နေ့လယ်စာ စားပြီးပြီလား"

"မစားရသေးဘူး။ အခု စားမလို့"

"ဖုန်းပိတ်ချင်တဲ့အကြောင်း သွယ်ဝိုက်ပြောတာလည်း တော် တယ်နော်။ ဟုတ်ပါပြီ ကိုယ် ဖုန်းချပေးမယ်။ ဘိုင့်ဘိုင် မေလေး"

"အိုကေ ... ဆီးယူ"

မေက ဖုန်းကိုထောက်ခနဲ ပိတ်ချလိုက်လျှင် အသင့် ချက်နှာထားဖြင့် စောင့်နေသော နေခြည့်ကို တွေ့ရသည်။ မေက နေခြည့်ကို ဘာလဲဟူသော သဘောဖြင့် မေးဆတ်ကာ ပြလိုက် လျှင် ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုရှာန်က ဒီကို လာမလို့တဲ့လား"

"အင်း ... ကြော်ငြာရိုက်ဖို့တဲ့"

မေက စိတ်မပါသလိုဖြင့်ဖြေကာ ဖုန်းကို လော ကုတ်အင်္ကျီ၏ အိတ်ကပ်ထဲ ထိုးထည့်လိုက်သည်။

"မေ ... နင်ဘာဖြစ်နေတာလဲ"

"ဘာဖြစ်နေလို့လဲ"

"မဟုတ်ဘူး။ နင် တစ်ခုခု ဖြစ်နေတယ်။ မေရယ် ... နဲ့ ငါနဲ့ ကြားမှာ ဒါမျိုးတွေဖြစ်ဖို့ မလိုအပ်ပါဘူး ...

နင့်ကို ငါ နားလည်ပါတယ်။ နင့်ရင်ထဲမှာ တင်း ခံစားနေရတယ် ဆိုရင်လည်း အရင်လိုပဲ ငါ့ကို ရင်ဖွင့် ပါဟာ ...

နင် ဒီလိုကြီး တိတ်နေတာကို ငါ မမြင်ချင်ပါ

နေခြည်က တကယ်စိတ်မကောင်းဟန်ဖြင့် ဆို မေသည် ကိုယ့်အတွက် စာနာပေးသော သူငယ်ချင်းကို ကျေ တင်သွားရသည်။ ကြမ်းပြင်တစ်နေရာသို့ စူးစူးစိုက်စိုက် နေရင်းမှ မျက်မှောင်ကို တွန့်ချိုးကာ ...





"ငါ သိပ်ရှက်တယ်"

နေခြည်က မဆိုင်းမတွပင် ...

"ငါ့ကိုလား၊ ငါ့ကိုများ ဘာရှက်စရာရှိလဲ မေရယ်၊ နင် အင်္ကျီလဲတာကိုလည်း ငါ မြင်ဖူးသားပဲ။ ဘာထူးဆန်းလို့လဲ"

မေက နေခြည့်ကို မျက်နှာနီမြန်းမြန်းနှင့် လှည့်ကြည့် ာ ငါ ပြောတာ အဲဒါမဟုတ်ဘူးဟု ခပ်ဆတ်ဆတ်ဆိုသည်။

ခြည်က အပိုးမသေသော မျက်နှာဖြင့် ရယ်မောကာ ...

"ဘာလဲ ... ကောင်းဘွိုင်ကို ရှက်တာလား"

"ကျွတ်"

"မေရယ် ... နင်ကကို အရှက်သည်းနေလို့ပါ၊ ဒါက အဲဒီလောက်ကြီး ရှက်စရာကောင်းတဲ့ကိစ္စလည်း မဟုတ်ပါဘူး"

"ဘာ ... အဲဒါဆို နင် အင်္ကျီချွတ်ပြီး ပတ်ပြေးနေပါ့လား"

"မဟုတ်ပါဘူး။ ငါ ဆိုလိုတာက အဲဒါမျိုး မဟုတ်ဘူး။ နင် အဲဒီလောက်ကြီး ရှက်နေစရာ မဟုတ်ဘူး ဆိုတာက အဲဒီလောက်က ခပ်ပါးပါးပဲ။ နင် ဟိုမော်ဒယ်လ်ရှိုးခွေလည်း ကြည့်ရတယ် မဟုတ်လား ...

အသေအချာကို ဝတ်စားပြသထားကြတာ ...



www.burmeseclassic.com

www.burmeseclassic.com



နင်က သူများတွေ တမင်ဝတ်ပြီး ဖော်ပြ
သလောက်ကို မဟုတ်ဘူး။ သဘောလောက်ပါပဲ၊ မိန်း
လေးမှန်း သိသာစေတဲ့ သဘောလောက်ပဲဟေ့ ... အ

အကြောင်းပြောနေရင်းမှ ဖောက်လာသော နေခြည်
ကို မေက မျက်စောင်းပြင်းပြင်းတစ်ချက် ပစ်ထိုးပစ်လိုက်သည်
တကယ်တမ်း တွေးကြည့်တော့လည်း (သွေးအေးသွားချိန်မှ
တော့ မပြောတတ်)မေ့အဖြစ်ဟာ ဆိုးဆိုးဝါးဝါးကြီးတော့ မဟုတ်
သို့သော် ကိုယ်နဲ့အဆင်မပြေတဲ့ ယောကျ်ားတစ်ယောက်ရဲ့အ
မှာမို့ မေက အရှည်သည်းသည်း စိတ်ပျက်သည်။

"တော်ပြီဟာ၊ မပြောနဲ့တော့။ တကယ်ပဲ စိတ်ကုန် စိ
ပျက်လိုက်တာ"

"ငါပြောရင်လည်း နင်က ဟိုဘက်က လိုက်ပြော
ဖြစ်ဦးမယ်။ နင့်ကို ငါ အတန်တန် တားသားပဲ မေရယ်

နင်က သွားရန်စထားသလို ဖြစ်တာကိုး။ ပြီးတော
ဟဲလ်မက်ကလည်း ဆောင်းထားသေးတော့ သူလည်း
ဘယ်သိတော့မလဲ။ နင့်လိုပဲ စိတ်ကကြီးကြီးနဲ့ဆိုတော
အားလုံး ရှုပ်ကုန်တော့တာပေါ့"





နေခြည်က ထပ်ပြောတာနှင့် မေ့ရဲ့မျက်လုံးထဲတွင်
ခါတုန်းက အဖြစ်အပျက်တို့ ချက်ချင်းပဲ မြင်ယောင်လာပြန်
သည်၊ အာ ... သွားစမ်းပါ။

"အဲဒီတုန်းက လက်သီးနဲ့ ထိုးရင်တောင် ငါ ဒီလောက်
နာနေမိမှာ မဟုတ်ဘူး"

"ဪ ... သူကလည်း ထိုးမလို့ပဲလေ။ မိန်းကလေးမှန်း
သိသွားတော့ ဘယ်ထိုးရက်တော့မလဲ"

"ငါက အဲဒါကို မခံချင်ဆုံးပဲ ... တောက်"

"သူလည်း တော်တော် ရှက်သွားပုံ ပေါ်ပါတယ်။ သူ့ကိုယ်
သူ အမှားအကြီးကြီး လုပ်မိတဲ့သူလိုပဲ၊ သူ့မျက်နှာမှာ
နောင်တ တရားတွေ ဖြစ်ပျက်သွားလိုက်တာ တော်တော်
လည်း စိတ်မကောင်း ဖြစ်သွားတဲ့ပုံ ပေါ်ပါတယ် ...

သူ့ကြည့်ရတာ ဒီလိုသာ ဘုကန့်လန့် ခွကျတတ်ပေ
မယ့် စိတ်ရင်းတော့ ကောင်းပုံပါ။ တခြားယောကျ်ားတစ်
ယောက်သာဆို ဒီလို ဘယ်ဖြစ်နေမလဲဟာ၊ နင့်အကျီ
ကြယ်သီးပြုတ်တာဟာ ပြုတ်တာပဲ၊ အခုနက ဖင်နဲ့ယမ်း



www.burmeseclassic.com

www.burmeseclassic.com



သွားတာ ဘာလုပ်တာလဲ၊ ဘာလဲ ညှာလဲနဲ့ ဆက်ရစ်နေရင် ဒါမှမဟုတ် ပြဿနာရှာရင် တို့ ဘာမှတတ်နိုင်မဟုတ်ဘူး

နှင်လည်း လက်တစ်ဖက်က အကျီဆွဲစေ့ပြီး ဟျာရှာနေရမှာ"

"ကဲ ... တော်ပါတော့"

မေက ခပ်ဆောင့်ဆောင့် အော်လျှင် နေခြည်က မချိုမချဉ်ပြုံးလေးဖြင့် ...

"နှင့် GIORDANO ကြယ်သီးတွေကပဲ မခိုင်တာလား သူ့ကိုကပဲ အားတွေပြင်းထန်နေတာလား မသိဘူး၊ ကြယ်သီးနှစ်လုံးကတော့ ဖြုတ်ခနဲပဲ။ နှမြောလိုက်တာ။ နှင် အဲဒီအကျီကို မဝတ်တော့ဘူးလား"

"ဘာလို့ဝတ်ရမှာလဲ၊ အသည်းနာလွန်းလို့"

"အေးပေါ့နော် ... လက်ကြမ်းကြီးနဲ့ ရင်ဘတ်ကို ဆောင့်ဆွဲခံလိုက်ရတော့ အသည်းထိအောင် နာသွားမှာပေါ့ ဟဲ ... ဟဲ"

"နေခြည်နော် ... နှင် ငါနဲ့ သေခန်းပြတ်ချင်ပြီနဲ့ တူတယ်"





"မဟုတ်ပါဘူးဟာ။ ငါက အကျီလေးကို နှမြောလို့ပါ။ တကယ်လို့လေ နှင် အဲဒီကြယ်သီးလေးနှစ်လုံး ပြန်ရရင်ရော အဲဒီအကျီကို ပြန်ဝတ်ဦးမှာလား"

မေက နေခြည့်စကားကို အဖက်လုပ်ပြီး ဖြေကိုဖြေ ...တော့ဘဲ ထမင်းစားခန်းထဲသို့သာ ထ,ထွက်လာခဲ့တော့သည်။ ...ချင်တုန်းကတော့ မေသည် အဲဒီလူကို ဘယ်နေရာပဲဖြစ်ဖြစ် ...ဆိုင်တွေ့ဖို့ မကြောက်ခဲ့ချေ။ မေ့ကို ပျားတုပ်အောင် လုပ်ခဲ့သော ...တ်ပုပ်ကောင်ကို အမြဲတစေ လက်စားချေဖို့ ကြံရွယ်နေခဲ့သည်။

အခုချိန်မှာတော့ မေဟာ သူ့ကို တွေ့မှာတောင် ...ကြောက်၍နေသည်။ တစ်ခုခု လုပ်မယ်ကြံလျှင်တော့ GIORDANO ...ကြယ်သီးနှစ်လုံးရဲ့ ပြဿနာကို တွေးမိကာ မိန်းကလေးဖြစ်ရသော ...ကို သာ၍စိတ်ပျက်နေမိတော့သည်။

❦ ● ❦



www.burmeseclassic.com

www.burmeseclassic.com



ခြူးမင်းသည် မြို့ထဲရောက်တုန်း စတိုးဆိုင်ရှေ့မှ အဖြတ်တွင် အိမ်မှာကုန်နေသော ပစ္စည်းများကို သတိရသွားကာ ပစ္စည်းဝယ်ဖို့အတွက် စတိုးဆိုင်ရှေ့သို့ ဆိုင်ကယ်ကို ထိုးရပ်လိုက်သည်။ သူ့အတွက် လိုအပ်သော After Shave, Body Spray၊ သွားတိုက်တံ၊ သွားတိုက်ဆေး၊ ဆပ်ပြာ၊ ဆပ်ပြာမှုန့် စသဖြင့် တိုလီမိုလီပစ္စည်းတွေ ဝယ်ရမည်။

သူ ဝယ်နေကျဆိုင် ဖြစ်သဖြင့် ဆိုင်ရှင် ရှမ်းမလေးက သူ့ကိုမှတ်မိနေကာ ...

"တစ်လစာရိက္ခာ ကုန်သွားပြီပေါ့၊ ဘာတွေယူမလဲပြော"

"အင်း ... ဆပ်ပြာ၊ ဆပ်ပြာမှုန့်၊ သွားတိုက်တံက နှစ်ချောင်း၊ Oral-B တံဆိပ်နော်၊ ဒီမှာ စာရင်းလုပ်လာတယ် အဲဒါတွေပေး"





ရှမ်းမလေးက သူ့ရဲ့စာရင်းစာရွက်ကို ယူဖတ်ကာ ပစ္စည်းတွေကို တစ်ခုချင်းထုတ်ပြီး ပုံနေတုန်းမှာပဲ သူက စတိုးဆိုင်ထဲသို့ ဟိုဟိုဒီဒီ လျှောက်ကြည့်နေလိုက်သည်။ အဲဒီအချိန်မှာပဲ သူ့နောက်နားမှ စကားပြောသံတချို့ကို စတင်ကြားရတာဖြစ်သည်။

"ဟဲ့ ... မေ၊ ဘာလိုတာလဲ၊ ဖယောင်းတိုင် ဟုတ်လား၊ ဖယောင်းတိုင်ရော ဝယ်ရဦးမှာလား"

"အင်း ... ခြင်ဆေးခွေပါ တစ်ဘူးလောက် ထည့်ဝယ်လိုက်။ ဩော် ... တစ်သျှူး ... တစ်သျှူး ... တစ်သျှူးဘောက်စ် နှစ်ဘူးလောက်ရော"

"ဘာတံဆိပ်လဲ တစ်သျှူးက"

"အော့ကစ်ပေါ့ဟဲ့၊ သွားကြားထိုးတံလည်း ကုန်နေပြီနော်"

"အေး ... အေး ... စိတ်ချ၊ ဖြည်းဖြည်းချင်း ဝယ်မယ်၊ မကျန်စေရဘူး"

သူက တစ်ယောက်နဲ့တစ်ယောက် စကားပြောဆိုနေသော အသံများကို ကြားလျှင် မျက်ခုံးပင့်သွားကာ နေ့ဗီယာပစ္စည်းများ တင်ထားသော နေ့ဗီယာအလှကုန်ကောင်တာ ရှိုးကေ့စ်လေး



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အသာချောင်းကြည့်မိသည်။ အဲဒီမှာမှ သူ့မျက်လုံးထဲတွင် သူမကို တန်းခနဲ တွေ့မြင်ရတာ ဖြစ်ပါသည်။

သူမကတောင် သူ့ကို မမြင်သေး။ သူမကို ချောင်းတွေ့လိုက်ရတာနှင့်ကို သူ့ရင်ထဲတွင် ဒိန်းခနဲ အသံကျယ်ကြီးမြည်ပြီးသွားသည်။ ဆံနွယ်တွေကို အပြောင်သိမ်းကာ ခပ်မြင့်မြင့် စုစည်းထားသော သူမသည် ပြင်ဦးလွင်၏ဆွယ်တာ ခရမ်းရောင်ကို ဘောင်းဘီရှည်အဖြူဖြင့် လိုက်ဖက်စွာ တွဲဖက်ဝင်ဆင်ထားသည်။ ပန်းပွင့်တွေကို လိုက်လံကြည့်ရှုနေသော သူမရဲ့မျက်နှာထားသည် တင်းမာနေသည် မဟုတ်သော်လည်း ပျော့ပျောင်း၍တော့ မနေ။ ဒါကိုက သူမရဲ့စတိုင်လ် ဖြစ်ပေလိမ့်မည်။

သူမ ရှိသောနေရာနှင့် သူ ရှိသောနေရာမှာ သုံးဆယ်လောက် ကွာဝေးတာမို့ သူမ မျက်နှာကို အနီးကပ်ဆုံး လှမ်းမြင်နေလေသည်။ ဘာအဖုအထစ် အစက်အပြောက်မှ မရှိသော မျက်နှာသည် ဖွေးဥနေကာ ဘာမှလိမ်းကျံခြယ်သထားပုံမရ မိတ်ကပ်တို့နှင့် ဖုံနေတာမျိုး မှုံနေတာမျိုး မရှိဘဲ သဘာဝအတိုင်းပဲ ဖွေးဥနေကာ အေးသောရာသီဒေသကြောင့် ပါးပြင်တွေက ပန်းနုရောင်လွှမ်းလွှမ်းရှိသည်။





သူက ငေးကြည့်နေမိတုန်းမှာပဲ သူမက နေဗီယာငင်ဘက်ကို တစ်ချက်လှမ်းကြည့်လိုက်လျှင် သူ့မှာ ဒိန်းခနဲဖြစ်သွားရသည်။

"နေခြည် ... တို့ Body Lotion ကုန်နေပြီ မဟုတ်လား၊ ဝယ်မှာလား"

"အေး ... ဝယ်မယ်လေ၊ ယူထားလိုက်၊ Sun cover ပါတာပဲယူနော်၊ တို့က ခြံထဲဆင်းနေရတာ"

"နှစ်မျိုးယူလိုက်မယ်ဟာ၊ ညဘက်လိမ်းဖို့ Soft ရော"

"အေး ... အေး"

သူမက ပြောရင်းဆိုရင်းနဲ့မှ သူ့အနားသို့ ရောက်လာလေသည်။ အဲဒါမှ ဒုက္ခပဲ။ သူ ဘယ်လိုထွက်လာရပါ့။ ခုချိန်မှ ထွက်သွားရင်လည်း သူမက သူ့ကို သေချာပေါက် တွေ့မြင်သွားတော့မည်။ အဲဒီအခါမှာ ...

"ဟို ... အစ်ကိုလေး ဘယ်ရောက်သွားပါလိမ့်။ ဪ ... နေဗီယာကြည့်နေတာလား ... ကြည့် ... ကြည့် ... ဒီမှာ ပန်းတွေ အားလုံးရပြီနော် ...

လိုတာရှိရင် ထပ်ပြော စစ်ကြည့်လိုက်ဦး"



www.burmeseclassic.com

www.burmeseclassic.com



ရှမ်းမလေးက အော်ပြောလိုက်သောအခါ သူ တအင်းအင်း တအဲအဲ ပြန်လုပ်ရတော့သည်။ အဲဒီနောက်က မထွက်လို့လည်းမရတော့။ သူမကလည်း ဘာရယ်မဟုတ် စူး စိတ်ဖြင့် တစ်ချက်ငဲ့အကြည့်မှာ နောက်ကွယ်ကထွက်လာ သူနှင့် တန်းခနဲကို ဆုံတော့လေသည်။

သူ့ကို ရုတ်တရက်ကြီး တွေ့လိုက်ရသော သူ မျက်နှာသည် ဟန်ချက်ပျက်သွားကာ ချက်ချင်းလို နီရဲသွားသည် ထင်သည်။ ပြီးတော့ မျက်လုံးတွေက ရှက်ရွံ့ရိပ်တွေ လွှမ်း သော်လည်း နှုတ်ခမ်းနှစ်လွှာကို ဘင်းတင်းစေ့ပိတ်လိုက် မျက်နှာကို မော့ချီပစ်လိုက်ပုံက သူမကိုယ်သူမ မာန်တင်း ပုံဖြစ်သည်။

သူသည် အခါများစွာက စိမ်းလက်စူးရှသော မျ လုံးတွေနှင့် ချွန်မြနေသော နှုတ်ခမ်းများကို လွှန်စွာကြည် ဖြစ်ခဲ့ရဖူးသော်လည်း ဒီတစ်ခါ မျက်ဝန်းနှင့် နှုတ်ခမ်းများကို တကယ်ပဲ ကရုဏာသက်သွားသည်မှာ ဘာကြောင့်လဲတော့ မ တတ်ပါ။



နောက်တစ်ခုက သူမသည် ဘာမှမဖြစ်သလိုအထာ ျိုးဖြင့် ဂရုမစိုက်ဘူးဟူသောပုံစံမျိုးဖမ်းကာ နေဗီယာဘော်ဒီလူး ှင်းဘူးကြီးတွေကို ရွေးချယ်နေသော်လည်း နှုတ်ခမ်းကို မသိမသာ ိုက်ထားကာ နှုတ်ခမ်းထောင့်လေးတွေကလည်း တဆတ်ဆတ် ုန်နေတာကို သူက အသေအချာပင် မြင်တွေ့လို့သွားသည်။ သူသည် ရင်ထဲမှာ လစ်ဟာသွားသော ခံစားချက်တစ်ခုဖြင့် သူမ အနားမှ အသာဖြတ်လျှောက်ကာ ကောင်တာအနားသို့ လျှောက် ာခဲ့သည်။

သူမရဲ့ သူငယ်ချင်းဖြစ်သော အမျိုးသမီးက သူ့ကို ြုံးပြရမလို ရယ်ပြရမလို အနေခက်သော မျက်နှာထားဖြင့် ဘာ ပြောရမှန်းမသိ ဖြစ်နေပုံရသည်။ သူကပဲ ခေါင်းတစ်ချက် ဆတ် ာ မပီမသသော အပြုံးတစ်ခုနှင့်ပင် ...

"ဈေးလာဝယ်တာလား"

"ရှင် ... ဟုတ်"

"ဟို ပျားတုပ်ခံရတာ အဲဒါ သက်သာရဲ့လား။ အဲဒီအတွက် ကျွန်တော် အနူးအညွတ် တောင်းပန်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ တောင်းပန်စကားကြောင့် ထိုမိန်းကလေး
အံ့သြသွားဟန်ရှိသည်။ ပြီးတော့မှ အိုးတိုးအမ်းတမ်းနှင့်ပင်

"သြော် ... ရပါတယ် ကိစ္စမရှိပါဘူး၊ ပျောက် ...
သွားပါပြီ"

"ကျွန်တော့်နာမည် စိုင်းခြူးမင်းပါ၊ ဟိုဘက်ခြံမှာနေ
ဆိုတာတော့ သိမှာပေါ့။ ဘာအကူအညီပဲ လိုလို ပြော"

"သြော် ... ဟုတ်ကဲ့။ ကျေးဇူးတင်ပါတယ်"

"ဒါဆို ခွင့်ပြုပါဦး"

"ဟုတ် ... ဟုတ်"

သူက အပြုံးတစ်ချက်နှင့် နှုတ်ဆက်ပြီးနောက်
ထားသောပစ္စည်းများအတွက် ငွေရှင်းကာ ဆိုင်ထဲမှ ထွက်
သည်။ ဆိုင်ထဲမှ ထွက်လာပြီး အိမ်ရောက်သည်အထိလည်း
မျက်လုံးထဲတွင် တစ်စုံတစ်ယောက်၏ ကရုဏာသက်ဖွယ် ဟ
က ကပ်ငြိလို့ပါလာခဲ့သည်။

တကယ်တော့ အဲဒီမျက်နှာလေးနဲ့ အဲဒီမာန်က အ
ပန်းကကြည့်လျှင်တော့ ကရုဏာသက်ဖွယ် မဟုတ်ပါ။ သို့





က သူမ ရင်ထဲမှာ ဘာဖြစ်နေသည်ဆိုတာကိုတော့ သိရှိ ရိပ်မိ
သည်မှာ အံ့သြစရာလည်း ကောင်း၊ ထူးလည်း ထူးဆန်းပါ
သည်။

သူမဟာ သူ့အပေါ်မှာ ရက်စွဲ့အနေခက်ရသည့်ပုံ၊
ာက်တစ်ခုက ရန်သူသဖွယ် ဖြစ်နေသည့် လူတစ်ယောက်ကို
ေရဲရဲပင် ပြန်မကြည့်ရဲတော့သည့်ပုံကို ဂရုမစိုက်လေသဖွယ်
ထားခဲ့တာ သူက အသေအချာပင် သိမြင်လို့နေသည်။ ရင်
မှာ သူမအတွက် တကယ်ကို ကရုဏာသက်ရပါသည်။

ဒီလိုပုံစံကိုမြင်နေရလျှင် သူသည် အရင်က ရွာတာ
ရန်လိုနေသည့် ပုံစံမျိုးကိုပဲ အဟုတ်မြင်ချင်နေမိတော့သည်။
ို တစ်ယောက်နဲ့တစ်ယောက် ရင်မဆိုင်ရဲတော့သည့် ပုံစံမျိုး
မဖြစ်ချင်လှတော့ပေ။ သူသည် ဝါးကွပ်ပျစ်ပေါ်မှာ ပက်လက်
လှဲချလိုက်ရင်း ပြာလဲ့ကြည်လင်သော ကောင်းကင်ကြီးကို
ကြည့်မိသည်။

အဆုံးမရှိသော ပြာလဲ့နေသည့် ကောင်းကင်ကြီးနှင့်
ိုင် သူ့ပန်းခင်းကြီးကလည်း တစ်ဆုံးပင်။ ဒီလို အေးချမ်း



www.burmeseclassic.com

www.burmeseclassic.com



သည့်မြေ၊ မွေးပျံ့သန့်ရှင်းသည့်လေတို့နှင့်အတူ အမြဲထား နေထိုင်သွားပါရစေ။ သူက မျက်လုံးမှိတ်၍ ဆုတောင်းလိုက်ရ မှာပဲ။ နှောင်ထွေး ဖွင့်ထားသော သီချင်းသံက အိမ်ထဲမှ လွင့်၍ ၍လာသည်။

“နာရီလို အချိန်မှန် ... လာပြီ ရင်ခုန်သံ ... အချိန်တန်ရင် ပွင့်ဖူးသူတိုင်း ... အချစ်က ရန်းထွက်ဖို့ခက်ပြီ ... ဘယ် သူတွေ လွတ်ကင်းနိုင်မလဲ ...

လူဆိုသည်မှာလည်း ... ရန်သူတွေတောင်မှ ... အနေကြာရင် တကယ်ချစ်လာကြ ... အချစ်က ရန်းထွက်ဖို့ခက်ပြီ _ ဘယ်သူတွေ လွတ်ကင်းနိုင်မလဲ ...

အချစ်နဲ့ လွတ်ကင်းရာ ဘယ်သူမှမရှိ ... စိုးမိုးမှုတွေ ရင် ထဲထိတိုးဝင်ခဲ့ ... မလွတ်မြောက်နိုင်သေး ...

အချစ်နဲ့ လွတ်ကင်းရာ ထွက်ပြေးဖို့ ... ကြိုးစားလည် နောက်တစ်ကြိမ်ပြန်ရောက်လို့ ... မင်းရဲ့အနားမှာ ... အချစ်ရဲ့လက်က လွတ်ကင်းမှာလား ... အိုး ... လွတ် ကင်းမှာလား”





R ဇာနည်နှင့် ဆုန်သင်းပါရ်တို့ စုံတွဲဆိုထားသော သီချင်းက သူ့ကို ရည်ရွယ်ပြီး ဆိုတာသလိုပဲဖြစ်သည်။ သူသည် အထောင်ကောင်းလွန်းသော သီချင်းထဲကို မျောပါ၍သွားသည်မှာ န်ပေါင်းများစွာ ပစ်ပယ်ထားသော ဂစ်တာကိုတောင် ကောက်ကိုင် ချင်စိတ် ပေါ်၍လာလေသည်။

အရင်တုန်းကတော့ သူသည် မန္တလေးတက္ကသိုလ် ကြီး၏ အဆောင်သူတွေရဲ့အဆောင်ရှေ့မှာ ဂစ်တာတီး၍ သံစဉ် တွကြားမှာ ပျော်မွေ့ခံမင်ခဲ့ရဖူးသည်။ ကျောင်းပြီးသွား၍ ခြံလုပ် န်းထဲ ခြေစုံပစ်ဝင်သွားခဲ့ပြီးချိန်မှာတော့ သူ့ရဲ့ဂစ်တာလေးဟာ သည်း အလိုလိုပဲ ချောင်ထဲရောက်သွားခဲ့တော့သည်။ သီချင်းတွေ၊ ရုပ်ရှင်တွေနဲ့လည်း ဝေးသထက်ဝေးလာကာ သူက ဘဝကို လက် တွေ့ပဲ ခံစားကျင့်သုံးခဲ့တော့သည်။

ဒီအချိန်မှာတော့ သူ့နှလုံးသားဟာ သီချင်းတွေ လိုက်ပါခံစားတတ်လာသည်အထိ ပျော့ပျောင်းနူးညံ့နေခဲ့ပြီပေါ့။ သီချင်းထဲကလိုပဲ လူဆိုသည်မှာလည်း အနေကြာရင် တကယ် ချစ်လာတတ်ကြသလား ...။ အနေကြာကြာ မကြာကြာ ချစ်လာ ဖို့ အကြောင်းအရာ မပေါ်လာရင်ရော မချစ်ဘဲနေကြသလား။



www.burmeseclassic.com

www.burmeseclassic.com



သူသည် ရည်းစားတစ်ယောက် ထားခဲ့ဖူးသော်လည်း အချစ်ဆိုသောအရာကို ခုချိန်မှာ နည်းနည်းမှ အစဖော်၍ မရတော့ပြီ။





## ၁၉

တစ်ပတ်ခန့်အကြာတွင် ကိုဈာန်သည် ရန်ကုန်မှ ဗြင်ဦးလွင်သို့ ရောက်ရှိလို့လာခဲ့ပါသည်။ ဖလိုက်နှင့် ရောက်လာခဲ့ခြင်းဖြစ်ကာ မေက မန္တလေးသို့ဆင်း၍ တံတားဦးလေဆိပ်သို့ သွားကြိုပေးခဲ့ရခြင်းဖြစ်သည်။ ကိုဈာန်က မေ့ကို မြင်လျှင်မြင်ချင်း ...

"မေနဲ့ ပြင်ဦးလွင်နဲ့ တည့်တယ်နဲ့တူတယ်။ တောင်ပေါ်သူ တစ်ယောက်လိုပဲ သဘာဝဆန်ဆန်နဲ့ ပိုချောလာတယ်"

ဟု တမ်းတသံအပြည့်ဖြင့် နှုတ်ဆက်လေသည်။ မေက ပြုံးရုံသာ ပြုံးနေကာ ဘာမှပြန်မပြောမိပေ။ မေ ကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



လည်း ပြင်ဦးလွင်၏ လူနေမှုဘဝစတိုင်လ်နှင့် သစ်ပင်ပန်းခ
တွေကြားမှာ ရှင်သန်နေရတာကို ပျော်မွေ့နေသူဖြစ်သည်။

မြင်လေရာတိုင်း အေးစိမ့်ကာ အလွမ်းဓာတ်တင်
ပျံ့နှံ့နေသော မြင်ကွင်းသည် ရန်ကုန်နှင့် လုံးဝကို တခြားဆီကွာခြ
လို့နေပေသည်။

"ကိုယ့်ကို ဒီအထိ လာကြိုပေးမယ်ဆိုတော့ ကိုယ် အရ
ပျော်သွားတာ၊ ကျေးဇူးပဲ မေလေး"

"မလိုပါဘူး ကိုချာန်ရယ်၊ အန်ကယ်နဲ့ အန်တီနဲ့ရော 
ကောင်းရဲ့လား"

"ကောင်းပါတယ်၊ တစ်ခုပဲ လိုနေတာတဲ့"

"ဘာလဲဟင်"

"ဪ ... သူ့သားကို အိမ်ထောင်ရှင်အဖြစ် မြန်မြန်
ချင်နေပြီတဲ့။ အဲဒါသာဖြစ်ခဲ့ရင်တော့ သူ့ဘဝမှာ ဘာ
မလိုတော့လောက်အောင် ပြည့်စုံသွားပြီဆိုပဲ ...

မေမေကလည်း ကိုယ့်ကိုညံ့တယ်တဲ့၊ အဲဒါအခု ကိ
ဒီကပြန်လာရင် သတင်းကောင်းကို သူ ကြားချင်တယ်"





မေက စကားကို လှည့်ပတ်ပြောနေသော ကိုချာန့်ကို
ကားမောင်းရင်းမှ တစ်ချက်ငဲ့ကြည့်ကာ ...

"အဲဒါက သူတို့သဘောထားတွေလေ၊ ကိုချာန့်ရဲ့စိတ်ထဲမှာ
ဘာမှမရှိဘဲနဲ့ ဘယ်လိုလုပ် ဖြစ်လာနိုင်မှာတဲ့လဲ"

"ဘာလဲ မေလေးက ကိုယ့်သဘောထားကို သိချင်တာလား။
ကိုယ့်သဘောထားကို အစောကြီးတည်းက မေလေးကို
ပြောပြထားပြီးသားပဲလေ"

"မေက အဲဒါကို ဆိုလိုတာ မဟုတ်ပါဘူး။ ကိုချာန်က
ကိုယ့်ခံစားချက်ကို ကိုယ် ထုတ်မပြောဘဲ တခြားသူတွေကို
ရှေ့တန်းတင် ပြောနေတာကို ပြောတာပါ ...

တကယ်တမ်းမှာ ဘယ်သူတွေ ဘာပြောပြော ကာယ
ကံရှင်ရဲ့ဆန္ဒကသာ အဓိကပါ၊ ဟုတ်တယ်မှုလား"

ကိုချာန်က မေ့ရဲ့စကားကို အကွက်ရသွားဟန်ဖြင့်
ခေါင်းတစ်ချက်ကို သွက်သွက်ညိတ်ကာ ...

"ဟုတ်ပါတယ် ကာယကံရှင်က အဓိကပါ။ ကိုယ်ကလည်း
မေ့ကို နီးချင်နေပြီလေ။ မေ ကိုယ် ပြန်သွားရင် ပျော်ရမယ့်
စကားလေးကို လက်ဆောင်ပေးလိုက်ပါလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



မေသည် ကားမောင်းရင်းမှနေ၍ နမူးကြော တစ်ချက်ရှုံ့ကာ စဉ်းစားမိသည်။ ကိုရျာန့်ကို မေ ချစ်သလား ဒီမေးခွန်းရဲ့အဖြေကို မေ မကြာခဏစဉ်းစားခဲ့ဖူးသည်။ ကိုရျာ ကို မေ အခု မချစ်ပေမယ့် ဦးနှောက်နဲ့ စဉ်းစားဆုံးဖြတ်ပြီး လ တွဲဖော်အဖြစ် ရွေးချယ်ခဲ့ပြီးပြီ ဆိုပါတော့။ နောင် ကြာလာရင် မေ ချစ်သွားနိုင်သလား ...။

တကယ်တော့ အချစ်ဆိုတာ အဲဒီလောက် ရှုပ်ရှုပ် ဝေးဝေး စဉ်းစားနေစရာတောင် မလိုဘူးဟု ထင်သည်။ စာအ တွေ သီချင်းတွေထဲမှာ ဖွဲ့ဆိုတတ်သည့် အချစ်ဆိုတာသည် မတွေ့ချင်ရင်လည်း ဘယ်လောက်ရှာရှာ မတွေ့ရသလို တွေ့ချင် လည်း ဖျတ်ခနဲတွေ့နိုင်သေးသည်။ ဆေးချာတာကတော့ မေသည် နလုံးသားနဲ့လူပီပီ အချစ်ကိုတော့ တွေ့ဖူးချင်ပါသေးသည်။

"မေ ... ကိုယ် ပြောတာကို ကြားရဲ့လား"

"ကြားပါတယ်။ မေ စဉ်းစားနေတယ်လေ"

ကိုရျာန်က မေ့ရဲ့စကားကို ကရုဏာသက်သွားသည် အလား ကားမောင်းနေသော မေ့ရဲ့ ပခုံးတစ်ဖက်ကို ညင်သာစွာ





ဖျစ်ညှစ်လိုက်သည်။ ကိုရျာန် အစိပ္ပာယ်ပေါက်သွားတာတစ်မျိုး ဖြစ်သော်လည်း မေက ရှင်းမပြချင်တော့ပေ။

"မေလေးကို အရမ်းချစ်တယ်ဆိုတာတော့ ယုံထားပေးပါ မေလေးရယ်"

ကိုရျာန်သည် မေ့ကို ချစ်ခွင့်ပန်းထားသူဖြစ်သော် လည်း ချစ်တယ်ဆိုသော စကားကို တော်တန်ရုံမပြောဘဲ တန်ဖိုး ထားစွာ သိမ်းထားတတ်သော ယောကျ်ားမျိုးဖြစ်သည်။ အခုလို ခရီးရောက်မဆိုက် ဒီကိစ္စကိုပဲ ရှေ့တန်းတင်ပြောခြင်းသည် သူ့ ရင်ထဲတွင် ဒီကိစ္စက ပြင်းထန်လို့နေပြီဖြစ်ကြောင်း မေ ရိပ်မိလေ သည်။

သို့သော် မေ့နလုံးသားဟာ ပြင်ဦးလွင်၏ ရာသီဥတု လိုပဲ အေးစိမ့်လျက်ရှိနေသေးသည်။

❦ ✿ ❦



www.burmeseclassic.com

www.burmeseclassic.com



မေသည် ခြံရှေ့သို့ ကားဆိုက်တာနှင့် တစ်ပြိုင်နက်

မြင်လိုက်ရသော မြင်ကွင်းတစ်ခုကြောင့် မျက်ခုံးကျုံ့သွားမိသည်

ကိုဈာန်ကလည်း အဲဒီမြင်ကွင်းကို မြင်သွားကာ ...

"နေခြည်ပါလား ဧည့်သည် ရောက်နေတယ်နဲ့တူတယ်

မေလေး"

မေသည် မဟုတ်ပါဘူးဟု ပြောတော့မည်ဆဲဆဲ

ပါးစပ်ကို အလျင်အမြန်ပိတ်လိုက်ရသည်။ တွေ့နေရသောပုံစံ

က ဧည့်သည်မဟုတ်ဘူးဟု ငြင်း၍မရ။ ငြင်းလိုက်လျှင် ကိုဈာန်

က ပို၍စူးစမ်းတော့မည်။

တစ်ဖက်ခြံက လူသည် ခြံရှေ့တွင် နေခြည်နှင့်အတူ

ရပ်ကာ စကားပြောနေသည်။





နေခြည့်ရဲ့ လက်ထဲမှာက နို့ပုလင်းတစ်ပုလင်းနှင့် ကြက်ဥခြင်းတစ်ခြင်းကို ကိုင်ကာထားလျက် ကားဝင်လာသောအခါ နှစ်ဦးစလုံးက ကားကို ပြိုင်တူလှည့်ကြည့်ကြလေသည်။ နေခြည်က ကိုဈာန့်ကို မြင်သွားသောအခါ ခေါင်းညိတ်လျက် နှုတ်ဆက်ပြုံးပြသည်။ ခြံထဲဝင်ဖို့အတွက် ဝင်းတံခါးကို နေခြည် တွန်းဖွင့်ပေးနေတုန်းမှာပဲ ကိုဈာန်က ကားတံခါးကိုဖွင့်ကာ အရင်ဆင်းသွားသည်။

မေသည် ကိုဈာန့်ကို မြို့ထဲရှိ ဟိုတယ်သို့ ပြန်ပို့ပေးရဦးမှာမို့ ကားကို ဂိုထောင်ထဲသို့ မသွင်းသေးဘဲ တိုက်ရဲ့ ရှေ့ကနေရာရှေ့မှာပဲ ရပ်ထားမိသည်။ ပြီးတော့ စိတ်ရှုပ်ထွေးစွာနှင့် ကားပေါ်မှ ချက်ချင်း မဆင်းမိသေးချေ။ ဟိုလူက ဘာကိစ္စနှင့် ခြံရှေ့သို့ ရောက်လာကာ နေခြည်နှင့် အဖွဲ့ကျနေပါသနည်း။ ပုံစံကြည့်ရတာ သွားရင်းလာရင်းနဲ့ တွေ့ကြတဲ့ပုံလည်း မဟုတ်။ နေခြည့်လက်ထဲမှာ ကိုင်ထားသော နွားနို့ပုလင်းနှင့် ကြက်ဥခြင်းတောင်းမှာ လမ်းကြုံလို့ ပေးထားပုံမဟုတ်။ တကူးတကကို လာပေးထားတာ။ ဒီလူဟာ ဒါ ဘာသဘောလဲ။ တောက် ...။



www.burmeseclassic.com

www.burmeseclassic.com



မေက တနုံ့နုံ့နှင့် စိတ်တို ဒေါသထွက်နေဆဲ[...] ခြံဝက ကိုရျာန်က မေလေးရေဟု လှမ်းခေါ်သည်။ မေသည် ကျွတ်ခနဲ စုတ်သပ်ကာ ကားပေါ်မှဆင်း၍ ခြံဝသို့ ပြန်လျှော[...] လာရသည်။

နေခြည်က မေ့စိတ်ထဲမှာ ဘာဖြစ်နေတယ်ဆိုတာ[...] သိသောပုံစံဖြင့် အဓိပ္ပာယ်ပါပါနဲ့ပြုံးပြကာ ...

"ဟိုဘက်ခြံကလေ နွားနို့နဲ့ ကြက်ဥနဲ့ လက်ဆောင်ပေး[...] တာတဲ့၊ ဪ ... ကိုရျာန့်ကို မိတ်ဆက်ပေးရဦးမယ်[...] ဒါက ဟိုဘက်ခြံကလေ သူတို့ကလည်း ပန်းစိုက်တာ[...] အကြီးအကျယ်လုပ်တယ် ...

နေခြည်တို့နဲ့ ခြံချင်းကပ်ရပ်ပေါ့"

ထိုလူက လက်နှစ်ဖက်ကို နောက်ပစ်လျက်သား[...] ခေါင်းတစ်ချက်ညိတ်ကာ ...

"ဟုတ်ကဲ့ ကျွန်တော် စိုင်းခြူးမင်းပါ။ ဒီက မနေခြည်တို့နဲ့ ခြံချင်းကပ်ရပ်ပေါ့။ ပန်းစိုက်တာနဲ့အတူတူ မွေးမြူရေးရော တွဲလုပ်ပါတယ်"





ကိုရျာန်က ဖော်ရွေသောကောင်းသူပီပီ သူ့ကို [...]ချင်းပဲ လက်ဆွဲနှုတ်ဆက်လေသည်။ မေသည် မြန်ဆန်သော [...]ဖြစ်အပျက်တို့အတွက် လိုက်လို့မမီအောင်ပဲ မျက်လုံးပြူးနေရ [...]သည်။

"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်။ ကျွန်တော်က ရျာန်ရဲပါ။ ရန်ကုန်က ဧည့်သည်ဆိုပါတော့ဗျာ ...

မေလေးတို့နဲ့ ခြံချင်းကပ်ရမိတ်ဆွေဆိုတော့ အားကိုးပါတယ်ဗျာ။ လိုအပ်တာရှိရင် ကူညီစောင့်ရှောက်ပေးပါဦး"

မေက ကိုရျာန့်ကို တစ်ခုခုဝင်ပြောဖို့ ပါးစပ်ဟလိုက်[...]လည်း ဘာစကားမှနှုတ်ဖျားမှ မထွက်လာချေ။ ကိုရျာန့်ရဲ့[...]ကို ဟိုလူက ခေါင်းတညိတ်ညိတ်နှင့်ပင် ...

"ဟုတ်ကဲ့ ရောက်တုန်း ရောက်ခိုက် ကျွန်တော့်ခြံကို လိုက်လည်ပါလို့ ဖိတ်ခေါ်ပါတယ်၊ အချိန်ရရင်ပေါ့"

ဒီတစ်ခါတော့ မေက ကိုရျာန့်ရဲ့အပြောကို စောင့်[...]တော့ဘဲ ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုရျာန် ခရီးပန်းလာတယ် မဟုတ်လား နားတော့သေ"

သို့သော် ကိုရျာန်ကား မှန်းစရာကောင်းစွာနှင့်ပင်_

"ကိုရျာန် ခရီးမပန်းပါဘူး မေလေးရဲ့။ လေယာဉ်နဲ့လာတာ ပဲ။ ပြီးတော့ မေလေး မောင်းတာကို ဇိမ်နဲ့လိုက်စီးလာ ရတာ ဘယ်မှာပင်ပန်းစရာရှိလို့လဲ၊ ရပါတယ်၊ ပန်းတွေ စိုက်တာဆိုတော့ ကိုယ် စိတ်ဝင်စားတယ်။ လိုက်ကြည့်ချင် တယ်၊ လာလေ မေလေးရော လိုက်ခဲ့ပေါ့၊ ရောက်ဖူးလား"

အရေးထဲမှာ အလိုက်တန်းဆိုးမသိ အဖော်ညှိနေသော ကိုရျာန့်ကို မေက မျက်စောင်းထိုးပစ်ချင်စိတ်အား အတော် ချုပ်နှိမ်လို့ထားရသည်။ မလိုက်ဘူးလို့ ငြင်းရင်လည်း ကိုရျာန့် စိတ်ထဲမှာ တစ်မျိုးထင်သွားနိုင်သည်မို့ မေသည် ဇာတ်လမ်း အစလုပ်ထားသော နေခြည့်ကိုသာ ကိုင်ဆောင့်ပစ်ချင်နေမိတော့ သည်။

"ဟင့်အင်း ကိုရျာန်၊ နေခြည်တို့ကလည်း ကိုယ့်အလုပ် ကိုယ်ရှုပ်နေတာဆိုတော့ အဲဒီခြံဘက် တစ်ခါမှမရောက်ဖူး သေးပါဘူး"





"ဩော် ... ဒါဆို အတူတူ သွားကြတာပေါ့။ ကိုယ်က အဲဒါမျိုးခြံတွေဆို သိပ်စိတ်ဝင်စားတာ၊ ကျွန်တော် လိုက် လည်လို့ ကိုစိုင်းခြူးမင်းမှာ အလုပ်တွေမပိုပါဘူးနော်"

"ဟာ ... မပိုပါဘူး လာပါ၊ ကျွန်တော်က လှိုက်လှိုက်လှဲလှဲ နဲ့ကို ဖိတ်ခေါ်တာပါ"

ဒီလိုနှင့် ကိုရျာန်နဲ့အတူ မေနဲ့နေခြည်ပါ တစ်ဖက်ခြံ ရောက်ရှိသွားခဲ့တော့သည်။ ကိုရျာန်သည် အဲဒီခြံကိုရောက် ရောက်ချင်း ချက်ချင်းကို သဘောကျသွားတော့သည်မှာ TV ကြော်ငြာကိုတောင် အဲဒီမှာရိုက်ဖို့ တစ်ထိုင်တည်း ဆုံးဖြတ်ချက် လိုက်သည်အထိပင်ဖြစ်သည်။ တကယ်ကိုလည်း အဲဒီခြံစိုက်ခင်း ကြီးဟာ ရင်သပ်ရှုမောအောင်ကိုပဲ သာယာလှပပါသည်။ ဂန္ဓမာ၊ လီယာ၊ နှင်းဆီ၊ ဟော်လန် စသဖြင့် အရောင်စုံ အသွေးစုံ ကိုပျိုးထားသော ပန်းခင်းကြီးဟာ မျက်စိတစ်ဆုံးပဲ ကြီးမားကျယ် ကြာ ပန်းရနံ့တွေဟာလည်း လေသင့်ရာတိုင်း ချက်ချင်းမွှေး တော့သည်။

ကိုရျာန်ကဆို ပန်းခင်းကြီးကိုကြည့်ကာ တဖွဖွပြော ခဆုံး။



www.burmeseclassic.com

www.burmeseclassic.com



"ပန်းခင်းကြီးကို မြင်ရတာ စိတ်ချမ်းသာလိုက်တာဗျာ။ တကယ်ကို အသက်ရှည်ဆေးပါပဲ။ ဒီခြံကြီးကို တော်တော် ပြုစုပျိုးထောင်လာရမှာပဲနော်"

ထိုလူက သူ့ပန်းခင်းကြီးကို ကျေနပ်စွာ ရှုမဝဖြစ်နေသော မျက်နှာမျိုးဖြင့် ...

"ကျွန်တော့်အဖေရဲ့ အမွေဆိုပါတော့ဗျာ။ ကျွန်တော်က ဘွဲ့ရပြီးတော့မှပဲ ဆက်လုပ်တာပါ။ ဒါပေမဲ့ ဒီခြံကြီးက ကျွန်တော့်ရဲ့ဘဝ၊ ကျွန်တော့်ရဲ့အသက်ပါ ...

ကျွန်တော်ရဲ့ဘဝလို့ သတ်မှတ်ထားလို့လည်း ပန်းတွေက ဒီလောက် အစွမ်းကုန် ဖူးပွင့်လှပနေတာပေါ့"

အမလေးဟဲ့ ရုပ်ကြမ်းကြီးနဲ့ နွဲ့နေလိုက်တာ။ မေက နှုတ်ခမ်းကို တစ်ချက် မဲ့ရွဲ့လိုက်တာကို သူက လည်ပြန်လှည့်ကြည့်တာနှင့် ဆုံသွားသည်။

မေသည် ဘာမှမဖြစ်သလို တစ်ဖက်သို့ ခပ်မြန်မြန်ပဲ လှည့်ပစ်လိုက်လေသည်။ ကိုဈာန်ကတော့ သူ့ခြံကြီးကို အတော်ပဲ သဘောကျနေကာ ကြော်ငြာရိုက်ဖို့ နှုတ်ကို တောင်းဆိုနေတော့တာ ဖြစ်သည်။





"ကျွန်တော်က ဒီကို ကြော်ငြာရိုက်ဖို့ ကိစ္စအတွက်နဲ့လာတာ ကိုခြူးမင်းရဲ့။ Location တွေကြည့်ဖို့ အရင်ရောက်နေတာ ဆိုပါတော့ ...

အဲဒါ မေလေးကိုတောင် မေးနေသေးတယ်၊ ဟို ... အပန်းမကြီးဘူးဆိုရင် ကျွန်တော့်ကို ဒီခြံထဲမှာ ကြော်ငြာရိုက်ဖို့ ခွင့်ပေးပါလား"

"ဩော် ... ကျွန်တော့်ခြံက အဲဒီလောက်ကြီး အဆင်ပြေပါ့မလား၊ ပန်းပင်တွေချည်းပဲဆိုတော့"

"ဟာ ... ဒီ့ထက်အဆင်ပြေတာတောင် ဒီလောက် အဆင်မပြေနိုင်ပါဘူးဗျာ၊ ကိုခြူးမင်း ခွင့်ပြုဖို့ပဲ လိုတာပါ"

"ကျွန်တော်ကတော့ ခွင့်မပြုနိုင်စရာ မရှိပါဘူး"

"ဟာ ... ဒါဆို အတိုင်းထက် အလွန်ပေါ့။ ဝမ်းသာလိုက်တာဗျာ၊ ဒါရိုက်တာ မြင်ရင်လည်း တော်တော်သဘောကျမှာ ...

မမျှော်လင့်ဘဲ အဆင်ပြေသွားတာ တကယ်ကျေးဇူးတင်တယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်ဗျာ၊ ကျွန်တော်တို့က မြို့ခံတွေဆိုတော့ ... နိုင်တာတော့ ကူညီရတာပေါ့၊ တကူးတကက အကူအညီ... ရတဲ့ ကိစ္စမျိုးလည်း မဟုတ်ပါဘူး"

အခုကျတော့ ထိုလူဟာ အပေါက်ဆိုးဆိုး ထော်... သမားဟု ထင်ရက်စရာမရှိလေအောင် ကိုချာန့်ကို သဘော... ဖော်ရွေလို့နေသည်မှာ မေပင် ယုံချင်စရာမရှိပေ။ ဒီလူဟာ အ... အစည်တစ်ခုခုကြောင့် ချဉ်းကပ်လာတာများလား။

မေသည် ကိုချာန့်နဲ့ ထိုလူ စကားကောင်းနေ... မှာပဲ နေခြည့်ရဲ့လက်ကို အသာဆွဲကာ ချောင်အကွယ်တစ်ေ... ခေါ်လာခဲ့သည်။

"နေခြည် ... နင် အဲဒါ ဘာလုပ်တာလဲ"

နေခြည်က မေ ဘာကိုဆိုလိုပြီး မေးတယ်ဆိုတာ... သဘောပေါက်ဟန်ဖြင့် ...

"ငါက ဘာမှမလုပ်ရပါဘူးဟယ်၊ နင်တို့ မလာခင်... တင် ခြံရှေ့ကနေ လာခေါ်ပြီး ခြံထွက်နွားနို့နဲ့ ကြ... ကို လက်ဆောင်လာပေးတာပါဆိုပြီး ပေးလို့ ငါလည်... အားနာနာနဲ့ ယူထားရတာပါ"





"ကျွတ် ... နင်ကလည်း ယူစရာလားဟာ၊ သူက ဘာကိစ္စနဲ့ အခုမှ လာရောနေရတာလဲ၊ ဒီလူ လုံးဝမရိုးသားဘူး"

"သူ့ကြည့်ရတာ အဲဒီလို ကောက်ကျစ်တဲ့ပုံမျိုးတော့ မရှိပါဘူး။ ကောင်းကောင်းမွန်မွန်ပဲ ပြောနေတာပါ။ ဟိုတစ်ခါက ကိစ္စအတွက် တော်တော် စိတ်မကောင်းဖြစ်ပြီး အားနာ ..."

"ဘာ ... နင့်ကို သူက အဲဒါတွေ လာပြောတယ် ဟုတ်လား"

"အာ ... အဲဒီလိုတော့ မပြောပါဘူး။ နင်ကလည်း အော်လိုက်တာ၊ သူ့မျက်နှာမှာ အဲဒီလို အားနာတဲ့ အရိပ်အရောင်တွေ အရှမ်းထင်နေတာကို ပြောတာပါဟ ..."

သူက ဟို ... ဖျားကိစ္စကိုပဲ အဓိကထား ပြောတာပါ။ သူ မှားသွားပါတယ်ပေါ့၊ အဲဒီတုန်းကလည်း နင်က ခဲနဲ့ တောက်လျှောက်ပေါက်နေတော့ ဒေါသထွက်လာတာနဲ့ လုပ်မိလုပ်ရာ လုပ်လိုက်တာပါ၊ တကယ်ကို စိတ်မကောင်းဘူးပေါ့ ... အဲဒါ ... အဲဒါ ..."



www.burmeseclassic.com

www.burmeseclassic.com



"တော်စမ်းပါဟာ ... ဘာကြီးလဲ။ အခုမှလာပြီး ရှော တာ။ လုံးဝမရှိးသားဘူး ...

ကိုဈာန်ကလည်း ဘာမှန်းမသိဘူး အမျိုးတွေ့တာ ကျနေတာပဲ၊ ဒီလူနဲ့ မျက်နှာချင်း မဆိုင်ချင်ပါဘူး မှ"

"ငါလည်း နင့်သဘောထားကို ရိပ်မိပါတယ်ဟာ၊ ဒါပေမဲ့ အရင်ကလို အဆင်မပြေတာနဲ့စာရင် အခုလို အေးချမ်း သွားတော့လည်း တစ်မျိုးကောင်းတယ် ဆိုပြီး အလိုက် အထိုက် ဆက်ဆံနေတာပါ"

"ကျွတ် ... ငါကတော့ သူ့ကို မကျေနပ်သေးဘူး နေခြည်"

"နင်ကလည်းဟာ"

"ငါ သိပါတယ်။ မကျေနပ်ဘူး ဆိုပေမယ့် ငါဟာငါနေ မှာပါ၊ ရန်လည်း မဖြစ်ချင်ဘူး၊ ပတ်လည်း မပတ်သက် ချင်ဘူးဟာ ...

အဲဒီလို။ အခုတော့ ကိုဈာန်က သူ့ခြံထဲမှာတောင် ကြော်ငြာရိုက်ဦးမယ်ဆိုတော့ ခက်တော့ ခက်နေပြီ"





"ဒီလိုပဲ ကြည့်ကျက်နေသွားပေါ့ဟာ။ ငါလည်း ရှိနေတာ ပဲ။ ဟိုလူကလည်း အရင်ကလောက်တော့ မဆိုးတော့ပါ ဘူး။ အခု ပြောဆိုကြည့်တော့လည်း ပေါင်းရ သင်းရတာ အဆင်ပြေသလိုပဲ ...

ဟို ... နင့်ကိစ္စကိုတော့ တကယ်ပဲ စိတ်မကောင်းတဲ့ ပုံပါ"

"တော်စမ်းပါဟာ"

မေက နေခြည်ရဲ့စကားကို ခပ်ဆတ်ဆတ် ဆိုလိုက် ချိန်မှာပဲ မေတို့ကို လိုက်ရှာနေသော ကိုဈာန်နဲ့ အဲဒီလူက အနား သို့ ရောက်လာခဲ့သည်။

"သြော် ... မေလေးနဲ့ နေခြည်က ဒီမှာကိုး၊ ဘယ်လိုလဲ မေလေး၊ ကိုယ်တို့ ကြော်ငြာကို ဒီမှာရိုက်မှာ သဘောကျ တယ် မဟုတ်လား"

မေက လက်နှစ်ဖက်ကို ပိုက်လျက်သားမှ အရေးမ ပါသည့်ဟန်ဖြင့် ...

"ရိုက်ဖို့တောင် ခြံရှင်နဲ့ ခွင့်တောင်းနေပြီးတော့မှပဲ၊ မေ့ ဆန္ဒက အရေးပါသေးလို့လား ကိုဈာန်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



မေ့စကားကြောင့် အဲဒီလူက ဖုတ်ခနဲကြည့်လာ ကိုရျာန်ကတော့ ထိုလူကို အားနာသွားဟန်ဖြင့် ...

"ဩော် ... မေလေးကလည်း"

ဟု ရယ်ကျဲကျဲ ဆိုလေသည်။ မေကတော့ ခပ်တည်တည်ပင်။ ထိုလူညှော်ခံသော ခြံထွက်စစ်စစ် နွားနို့ပူပူနှင့် ပေါင်မုန့် ကြက်ဥကြော်ကိုတောင် မထိ မတို့။ ကိုရျာန်နှင့် နေခြည်တို့ သုံးဆောင်တော် မူကြသော်လည်း မေကတော့ နေခြည် ဘယ်လောက်ပဲ မျက်စပစ်ပြပြ၊ ကိုရျာန် ဘယ်လောက်ပဲ ကွက်ကြည့် ကွက်ကြည့် လုပ်နေပါစေ ဒီ့ထက်တော့ မလိုက်လျောနိုင်ဘူးဟူသော ပုံစံဖြင့် အစားအစာများကို မျက်စောင်းတောင် ထိုးမကြည့်ပေ။

နောက်တော့ ကိုရျာန်က အားနာလာဟန်ဖြင့် မြန်မြန်လက်စသတ်ကာ အဲဒီလူကို နှုတ်ဆက်လျက် ပြန်လာခဲ့ကြတော့သည်။ အိမ်ရောက်တဲ့အခါမှာ ကိုရျာန်က အိမ်ကို အနည်းအကျဉ်း လိုက်လံကြည့်ရှုလျက် ခဏအကြာမှာပဲ မေက သူ့ကို တည်းမည့်ဟိုတယ်သို့ လိုက်ပို့ရသည်။ အဲဒီတော့မှပင် ကိုရျာန်က မေ့ကို စကားစလာခဲ့တော့တာဖြစ်သည်။





"မေလေးနဲ့ ကိုခြူးမင်းတို့ ... အင်း ... မေလေးက ကိုခြူးမင်းကို သိပ်မကြည်တဲ့ပုံစံပဲ၊ ကိုယ် ခန့်မှန်းတာများလွဲနေလား"

"မလွဲပါဘူး"

"ဟုတ်လား ... ဘာလို့များလဲ၊ အဆင်မပြေတာရှိရင် စောစောက ပြောရောပေါ့ မေလေးရယ်"

"ကိစ္စမရှိပါဘူး ကိုရျာန်။ ကြီးကျယ်တဲ့ကိစ္စ မဟုတ်ပါဘူး"

"မဟုတ်ဘူးလေ၊ ဘာပဲဖြစ်ဖြစ် မေလေးက သူ့ကို အရမ်းခါးသီးနေတယ် ဆိုရင်လည်း တစ်ခုခုတော့ ..."

"အဲဒီလို မဟုတ်ပါဘူး ကိုရျာန်။ ဒီလိုပါပဲ ဘာပြဿနာမှ မရှိကြပါဘူး၊ မေ့စိတ်ကိုလည်း ကိုရျာန် သိပါတယ် ...

ဒီလူတစ်ယောက်ကို စိတ်ထဲမှာ သိပ်သဘောမတွေ့ရင် ကင်းကင်းနေတတ်တဲ့ စရိုက်ကြောင့်ပါ။ တခြားဘာကိစ္စမှ မရှိပါဘူး။ ကိုရျာန် သူ့ကို စိတ်ဖြောင့်ဖြောင့်နဲ့ ဆက်ဆံနိုင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုရှာန်က နားလည်သွားပုံဖြင့် ဘာမှထပ် တော့ချေ။ မေသည် ကိုရှာန့်ကို ဟိုတယ်မှာ ပို့ထားခဲ့ပြီး အိမ်သို့ ပြန်မောင်းလာခဲ့ရင်းမှ ချဉ်းကပ်ပုံ ချဉ်းကပ်နည်း မျိုးပြောင်းလဲနေသော ဟိုလူ့ကိုပဲ စိတ်ထဲမှာ သင်္ကာမကင်း လျက် ရှိနေကာ အဲဒီအကြောင်းကပဲ ခေါင်းထဲမှာ တရစ်ဝဲဝဲ ယှုလျက် ရှိလို့နေလေသည်။

ဒီလူ ဒီလိုပြောင်းလဲလာတာ ဘာသဘောလဲ၊ အ ကဆို လူကို အမြဲလှောင်သလို ပြောင်သလို သရော်မော် မျက်နှာဖြင့် ကြည့်တတ်သော၊ ဘယ်လိုလက်တုံ့ပြန်ရမလဲ စဉ် နေတတ်ကာ စဉ်းစားသလိုလည်း လက်တုံ့ပြန်တတ်သော ဒီ ဟာ ချက်ချင်းလက်ငင်း ဘာကြောင့် အချိုးပြောင်းလာရတာ

ဟိုကိစ္စကြောင့်များလား၊ အို ... အဲဒီကိစ္စဟာ အချိုးပြောင်းစရာရှိလဲ။ မေ့ကို ရန်မလိုတော့စရာ ဘာများ ကျယ်နေလို့လဲ။

မေသည် အဲဒီအဖြစ်ကို တွေးမိလေတိုင်း စိတ် စွာဖြင့် တက်တစ်ချက်ကို တိုးတိုးခေါက်မိစမြဲ ဖြစ်လေသည်





## ၉

"ဆရာမ မပြန်သေးဘူးလား။ ဆောင်းဦးဝင်တော့မယ် ဆိုတော့ နေဝင်တာ စောတယ်နော်"

"အော် ... ဟုတ်၊ ပြန်တာပေါ့၊ ရပါတယ်"

မေက ခြံလုပ်သားဦးကြီးကို လိမ္မော်ကိုင်းတစ်ကိုင်း ကို ကိုင်းဆက်နေရင်းမှ ပြုံးပြီး လှည့်ပြောလိုက်တာဖြစ်သည်။ ဒီက အလုပ်သမားတွေ အားလုံးမှာ ဘာကြောင့်မှန်း မသိဘဲ မေ့ ကို ဆရာမဟု ခေါ်တတ်ကြသည်။ အစပိုင်းကတော့ သူတို့ ဘာ ကြောင့် အဲဒီလို ခေါ်တယ်ဆိုတာ နားမလည်ခဲ့ချေ။

သို့သော် အပင်တွေကို အရိပ်တကြည့်ကြည့် ပြုစု တတ်သူ၊ အပင်တွေ တစ်ခုခုဖြစ်လျှင် ချက်ချင်း ကာကွယ်ထိန်း



www.burmeseclassic.com

www.burmeseclassic.com



သိမ်း စောင့်ရှောက်တတ်သူ၊ အပင်တွေအတွက် လိုအပ်သည့် အကြံဉာဏ်တွေ မှန်သမျှ ပေးနိုင်စွမ်းသူ စသဖြင့် သစ်ပင်တွေနှင့် ပတ်သက်လာလျှင် ဆရာကြီးတစ်ဆူအဖြစ် သတ်မှတ်ထားကြသောကြောင့် ဆရာမဟု ခေါ်ခြင်းဖြစ်သည် ဆိုတာကို နားလည်ခဲ့ရတာဖြစ်သည်။

မေသည် ခြံထဲဆင်းရလျှင် အလွန်ပျော်လေ့ရှိသည်။ ခြံလုပ်သားတွေနှင့် စကားပြောဆိုကာ အတွေ့အကြုံ ဗဟုသုတ ဖလှယ်ရတာလောက် စိတ်ချမ်းသာတာ မရှိတော့။ ခြံထဲဆင်းလျှင် မေသည် မနက်အစောကြီးကတည်းက လာတတ်၍ ညနေစောင်းမှ ပြန်တတ်သူ ဖြစ်သည်။

အခါတိုင်းတော့ မေနှင့်အတူ နေခြည်ပါ ပါလေ့ရှိသော်လည်း ဒီနေ့တော့ နေခြည်မပါ။

ဒီနေ့ ဟိုဘက်ခြံက ပန်းပင်လယ်ကြီးထဲမှာ တိုင်ကြော်ငြာ ရိုက်ကွင်းရှိသည်။ ဒါကြောင့် မေသည် အဲဒီဘက်မှာ သွားနေရမှာကို စိုးသဖြင့် နေခြည့်ကိုတောင် အသိမပေးတော့ဘဲ မနက်ခြောက်နာရီတည်းက ခြံထဲသို့ ထွက်လာခဲ့တာဖြစ်သည်။





ခံနိုင်လျှင် ဟို ... စိုင်းခြူးမင်း ဆိုသောသူနှင့် မျက်နှာချင်းကို ဆိုင်ချင်ပေ။ မေ့အနားမှာ အဲဒီလူ ရှိနေလျှင် အကြည့်ချင်းမဆုံသတောင် မေ့မျက်နှာပေါ်သို့ ပူရှက်ဆိတ်တက်နေသည့်အလားမှိုင် ရှစ် ခံစားရစေသည်။

ထိုလူဟာ အခုမှ ဘာစိတ်ကူးပေါက်လျက် မေတို့ကို လာရောနေသလဲ ဆိုတာကိုလည်း နားမလည်ပေ။ သေချာတာတော့ သူ့ကို မေ မပတ်သက်ချင်။ ဘာကြောင့် မပတ်သက်ချင်ရသလဲ ဆိုတာတော့ မေ့ကိုယ်မေ မသိ။ သိလည်းမသိချင်ပါ။ နောက်ပိုင်းမှာ ပြောင်းလဲသွားသော မျက်လုံးညိုတွေရဲ့ အကြည့်တစ်ကိုလည်း မေ မကြိုက်။

"ဆရာမ နေတော်တော်စောင်းနေပြီ။ ဒီမှာပဲ အိပ်ရင်လည်း အိပ်တော့"

ခြံလုပ်သားကြီးက ထပ်မံသတိပေးလာလျှင် ဒီတစ်ခါတော့ မေက ပြုံးပြုံးလေးပဲ ခေါင်းယမ်းကာ ထိုင်ရာမှထလျက် လက်ဆေးသည်။

"ဒီတစ်ခါတော့ တကယ်ပြန်မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"လမ်းမှာ မှောင်ဦးမှာ ဆရာမရဲ့၊ တစ်ယောက်တည်း ပါ့မလား"

"ဖြစ်ပါတယ်။ ဘာမှ မစိုးရိမ်ပါနဲ့၊ သြော် ... မနက်ကျတော့ ကျွန်မ လာဖြစ်မှာ မဟုတ်ဘူးနော်"

"ဟုတ်ကဲ့ ... စိတ်ချချသာသွား ဆရာမ။ ကားကိုဂရုစိုက် မောင်းဦးနော်"

"အိုကေ ... အိုကေ ... အားလုံးပဲ သွားပြီ"

မေက ဂျစ်ကားပေါ်တက်၍ စက်နှိုးကာ အား... ကို ဇေဝဲနှုတ်ဆက်လျက် မောင်းထွက်လာခဲ့သည်။ လက်မှ... ကို တစ်ချက်ကြည့်လိုက်လျှင် ညနေ ခြောက်နာရီထိုးလုခါနီး... မြို့နှင့် အိမ်မှာ တစ်နာရီလောက် မောင်းရသဖြင့် မေဟာ ... နာရီလောက်မှ အိမ်သို့ပြန်ရောက်ပေလိမ့်မည်။

ညနေစောင်းစောင်း နေကျသွားပြီ ဖြစ်သဖြင့် တော... ကြောတွေ အားလုံးတွင် အရိပ်လွှမ်းကာ လေပြည်က ခပ်နှေး... နှင့် ခပ်ဖြူးဖြူး တိုက်ခတ်၍နေသည်။ တစ်ချက် တစ်ချက်တွင် အဝေးက သယ်ဆောင်လာသော တောပန်းရနံ့တို့က မေ့နှာ...





...ရောက်တိုးဝှေ့သွားကြသည်။ မေ ကားမောင်းလာရာ မြေနီ...မ်းကြီးသည် တွေ့ကာမိုက်ကာဖြင့် အနီရောင်မြစ်တစ်စင်းလို ...ဖြစ်နေတာကို မေက သဘောကျစိတ်ဖြင့် ခံစားတွေးတောရင်း ...မောင်းနှင်လာခဲ့သည်။

ကြည့်ပါဦး ... ဘယ်လောက်လှပတဲ့ သဘာဝရှုခင်း ...တစ်ခုပါလိမ့်။ နေဝင်ချိန် သည်းဆာမှာ တိမ်တွေက လိမ္မော်ရောင် ...တောက်ပနေကာ အိပ်တန်းတက် ငှက်တို့က ဘယ်သူကမှ သင် ...ပေးပါဘဲနှင့် စနစ်တကျ စီတန်း၍ ပျံသန်းသွားကြသည်။ ...တောပန်းဝါဝါလေးတွေက လေညင်းလုလင်ရဲ့ စည်းချက်အတိုင်း ...ခနဲ့နွဲ့ယိမ်းလို့။

ဒီနေရာမှာသာ စာရေးဆရာ တစ်ယောက် (သို့) ...ဗျာဆရာတစ်ယောက် ရောက်နေခဲ့ပါလျှင် တော်တော့်ကို အတွေး ...အာရုံတွေ များစေနိုင်မည့်နေရာဖြစ်သည်။ ဒါမှမဟုတ် ချစ်သူနှစ် ...ယောက်သာ ဆိုရင်လည်း တစ်ယောက်နဲ့ တစ်ယောက် ထွေးပွေ့... ...ခင်း ငြိမ်သက်စွာ ငေးမောရမည့် အမှတ်တရ ညနေခင်းလေး ...တစ်ခု ဖြစ်နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



မေကတော့ ဒီရှုခင်းလေးကိုပဲ တစ်ကိုယ်တည်း ငြိမ်သက်စွာ ခံစားနေခဲ့မိသည်။ မေ့မှာ ချစ်သူရှိခဲ့လျှင်တော့ ပြည့်စုံမလားပဲ။ မေသည် ကိုယ့်အတွေးနဲ့ကိုယ် တစ်ကိုယ်တည်း ပြုံးလိုက်မိစဉ်မှာပဲ မျက်စိရှေ့သို့ ဝင်လာသောအရာတစ်ခု ကားရှေ့သို့ ရောက်လာသော အရာတစ်ခုကြောင့် မျက်လုံးထဲ ပြာခနဲ ဖြစ်လို့သွားကာ ကားဘရိတ်ကို အလျင်အမြန် ဆောင့်နင်းချလိုက်ရသည်။

လမ်းရှင်းရှင်းမှာ အရှိန်တင်ပြီး မောင်းလာသော ကြောင့် ရုတ်တရက် ဘရိတ်ဆောင့်အုပ်လိုက်သောအခါ ဘီး ဆွဲသံကျယ်ကျယ်သည် တိတ်ဆိတ်နေသော ပတ်ဝန်းကျင်ကို သွားစေသည်။ မေသည် ကားရပ်သွားသောအခါ ကားပေါ် ဆင်းမိသေးဘဲ အခြေအနေကို စူးစမ်းကြည့်မိသည်။

မေ့ကားရှေ့သို့ ဖြတ်ပြေးတာ လူတစ်ယောက် ဘာဖြစ်သွားပြီလဲ သေသွားပြီလား။ ဟင့်အင်း မဖြစ်နိုင်ဘူး။ ကားနဲ့ မတိုက်မိတာတော့ သေချာတယ်။ ဒါဆို ဘာလဲ။ သည် ကြောက်တော့ မကြောက်သော်လည်း လူပြတ်သော ပတ်





ဝန်းကျင်မှာ အမှောင်ထုကလည်း ဝင်ရောက်လို့လာပြီမို့ နည်းနည်းတော့ စိုးရိမ်လို့လာမိသည်။

ဟိုအောက်က လူကလည်း ထမလာသေး။ မေက ကိုယ့်ကိုယ်ကိုယ် အားတင်ကာ ကားပေါ်မှ ခုန်ဆင်းလိုက်သည်။ အဲဒီနောက် လဲကျနေသူရဲ့အနားသို့ သွားကာ ကြည့်လိုက်လျှင် ...

"မလှုပ်နဲ့"

သွားစေ့ထားပြီး ကြိမ်းသံနှင့်အတူ ချွန်မြအေးစက်သော အရာတစ်ခုက မေ့ရဲ့လည်ပင်းဆီသို့ တိုးကပ်လာလျှင် မေ့နှလုံးသားတစ်ခုလုံး ဒိန်းခနဲ ဆောင့်ခုန်သွားရကာ မျက်လုံးပြူးတုန်လှုပ်သွားရသည်။

ဒါဟာ ဘာဆိုတာကို ချက်ချင်းနားလည် သဘောပေါက်လို့သွားလျှင် အေးစိမ့်သောရာသီဥတုမှာ မေ့နဖူး၌ ချွေးတို့က ချက်ချင်းစိမ့်ထွက်လာခဲ့သည်။

"ရှင် ... ရှင်တို့ ..."

"ဟား ဟား ဟား ... သိပ်ကြောက်သွားလား ဒေါ်တော်ဦးမေ"



www.burmeseclassic.com

www.burmeseclassic.com



လမ်းပေါ်မှာ လဲကျနေသောလူက ရုတ်တရက်မတ်တတ်ထရပ်ကာ တဟားဟား အော်ရယ်ပြီး မေးလိုက်လျှင် မေသည် မျက်လုံးပြူးရုံသာမက ပါးစပ်အဟောင်းသားပါ ပွင့်သွားရသည်။ ဒီလူတွေဟာ မေ့ကို သိနေပါလား။ ဒါဆို သူတို့ မေ့ထံမှ တမင်ခွေးချယ်ကာ အကွက်ချ စီစဉ်ထားကြတာပေါ့။ ဘယ်သူတွေလဲ၊ သူတို့ ဘာကြောင့် ...။

မေသည် စိတ်ထဲက မေးခွန်းများကို မေးဖို့ရာမှာ လည်ချောင်းထဲမှာ တစ်စုံတစ်ခုက တစ်ဆို့နေလျက် တော်တော်နှင့် အသံက ထွက်မလာချေ။ သူတို့ကလည်း ဒါကိုသိဟန်ဖြင့် —

"ခင်ဗျားကို သိနေလို့ သိပ်အံ့သြသွားလား ဆရာမကြီး၊ အေးပေါ့လေ ကျုပ်တို့ကို ခင်ဗျားက ဘယ်မှတ်မိပါ့မလဲ"

"ရှင် ... ရှင်တို့ ဘယ်သူတွေလဲ"

မေက အနည်းငယ် လှုပ်ရှားလိုက်တာနှင့် နောက်ဘက်မှ ဓားသွားက မေ့ရဲ့လည်ပင်းကို တစ်ချက်ဆူးသွားသည်။ မေသည် ကြောက်စိတ်ထက် ဒေါသစိတ်တွေကသာ ပို၍ဆူဝေလာသည်။ ခုချိန်မှာ ဒေါသအတိုင်း တုံ့ပြန်လျှင် မေ့အတွက် ဘာ





အကျိုးမရှိနိုင်သည်မို့ မေက ဒေါသတွေကို မျိုသိပ်ထားလိုက်ရသည်။

"ခင်ဗျား ဒီမြို့ကို ရောက်တဲ့နေ့မှာပဲ ခင်ဗျား မောင်းထုတ်လိုက်တဲ့ လင်မယားနှစ်ယောက်ကို မှတ်မိသေးလား"

"ဘာ ... အဲ ... အဲဒါ ..."

မေသည် အထစ်ထစ် အငေါ့ငေါ့ဖြင့် အံ့သြစွာဆိုင်း ထိုလင်မယားနှစ်ယောက်ကို မှတ်မိသွားသည်။ ပြင်ဦးလွင်ို မေ စတင်ရောက်ရှိသောနေ့မှာပဲ အဲဒီခြံစောင့်လင်မယားဟာ ညစ်ပတ်လွန်း၊ တာဝန်မကျေလွန်း၊ အသုံးမကျလွန်းမှုကြောင့် ချက်ချင်းပဲ ခြံစောင့်အလုပ်မှ ဖြုတ်ပစ်ခဲ့ကာ ...

တစ်အိမ်လုံးနှင့် တစ်ခြံလုံးကို မေ ကိုယ်တိုင် ရောက်ချက်ချင်း ရှင်းလင်းခဲ့ရတာကို မှတ်မိသေးသည်။ အဲဒီအချိန်ည်းက မေ့ကို မကျေလည်သော မျက်လုံးများနှင့် ကြည့်သွားသော ခြံစောင့်လင်မယားကို မေက မှတ်မိသွားလေသည်။

"ရှင်တို့ ဒါ ဘာလုပ်ကြတာလဲ၊ ကျွန်မကို ဘာလုပ်ကြမလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား ... ဘာလုပ်ရမှာလဲ။ ခင်ဗျား

ထမင်းစား ဖိတ်မယ်များ ထင်နေသေးလို့လား ...

အခု ခင်ဗျားရဲ့ ခင်ပွန်းလောင်း ပိုင်ရှင်သူ

ဗျာန်ရဲ ရောက်နေတယ် မဟုတ်လား။ ဒီတော့ ကျွန်

က ခင်ဗျားကို ပြန်ပေးဆွဲမှာပေါ့ ...

ဟား ဟား ဟား"

မေသည် ရုပ်ရှင်တွေ ဗီဒီယိုတွေထဲမှာသာ ကြား

သော ပြန်ပေးဆွဲခြင်းကို နဖူးတွေ့ ဒူးတွေ့ ကြုံတွေ့ရသော

ထိတ်လန့်သွားမိသည်။ ပြီးတော့ မေ တစ်ယောက်တည်းနဲ့

ရမ်းကားနှစ်ယောက်။ ပြန်ပေးဆွဲရုံ ဆွဲတာကို မေ မကြော

မေ့ရဲ့အရှက်သိက္ခာကိုသာ တစ်ခုခု ထိပါးစော်ကားခဲ့လျှင်ဟု

အတွေးဖြင့် မေသည် ဆိုးဆိုးဆတ်ဆတ် တုန်လှုပ်လာခဲ့သည်

ဘုရား ... ဘုရား ... အမှောင်ထုကလည်း

စိုးမိုးသွားခဲ့ပြီ။

"ရှင် ... ရှင်တို့ မယုတ်မာကြနဲ့၊ ရှင်တို့နဲ့ ကျွန်မကြား

ဒီလိုလုပ်စရာ ဘာအကြောင်းမှ မရှိဘူး"





"ဩော် ... ခင်ဗျားဘက်ကတော့ အဲဒီလို ထင်တာပေါ့။ ကျုပ်တို့က ခင်ဗျားလို ရတနာတွင်းကြီး တစ်တွင်းလုံး တွေ့ထားတာတောင် လက်လွှတ်ခံပေးလိုက်ရမှာလား ...

ဘာမှစိတ်မပူပါနဲ့၊ ခင်ဗျားရဲ့ ခင်ပွန်းလောင်းက ခင်ဗျားကို ဘယ်လောက်ပဲဖြစ်ဖြစ် ရွေးယူမှာပါ၊ ကဲ ... အခုလောလောဆယ်တော့ မရုန်းကန်ပဲ ကျုပ်တို့နဲ့ အသာ တကြည် လိုက်ခဲ့ပါ ...

ထွက်ပြေးလို့ အကျိုးမရှိဘူး အမိ"

မေသည် အံကိုတင်းတင်းကြိတ်ကာ ဘာမှမတတ်နိုင်တော့ဘဲ၊ အဲဒီလူတွေ ခေါ်ဆောင်ရာနောက်သို့ လိုက်ပါလာခဲ့ရတော့သည်။

မေသည် ပထမတော့ ဒါမျိုးကိစ္စကို အတွေ့အကြုံ မရှိတာရော၊ ကိုယ်တစ်ယောက်တည်း ညကြီးမှောင်မည်းထဲမှာ ဖြစ်တာရောကြောင့် ကြောက်လန့်စိတ်ဖြင့် တုန်လှုပ်ခဲ့သော်လည်း ကိုယ့်စိတ်ကိုကိုယ် အတတ်နိုင်ဆုံး တည်ငြိမ်အောင် ထိန်းသိမ်းလိုက်နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



မေ ကြောက်နေ၍ အကျိုးမရှိ။ မေ ကြောက်နေသ
ဒီလူတွေက မေ့ကို ဗိုလ်ဖြစ်ခြောက်တော့မည်။ အောက်တန်းစာ
လူတစ်ယောက်က မေ့ရဲ့ လည်ပင်းကို သိုင်းချုပ်ခေါ်လာခြင်း
လေရာ မေက ...

"ငါလည်ပင်းကို လွှတ်စမ်း။ နင်တို့သွားတဲ့နောက် ငါလိုက်
မယ်၊ ငါ့အသားကို ထိစရာ မလိုဘူး"

မေ့ကိုချုပ်ထားသောလူက အောင်မာဟု မာန်မဲသူ
ရှေ့က ခြံစောင့်ပြတ်က ...

"ကဲ ... ကဲ ... မချွေကြီးကျယ်ကို လွှတ်ပေးလိုက်စမ်း
ကွာ၊ မင်းက သူ့နောက်ကလိုက်။ သူ ထွက်ပြေးဖို့ စိတ်
ကူးမရှိပါဘူး"

မေသည် ယောက်ျားနှစ်ယောက်က ရှေ့နောက်ခြံ
ထားလျက်ကပင် လာရာလမ်းခရီးကို မှတ်သားထားလျက် လိုက်
ပါလို့ လာရလေသည်။ သူတို့ခေါ်လာသောလမ်းမှာ တွေ့ကရ
သွားခြင်း မဟုတ်ဘဲ လူသွားလမ်းသဖွယ် ဖြစ်နေသည့် လျှောက်
လမ်းလေး ဆိုတာကိုလည်း မေက သတိပြုမိသည်။ လက်မှနာ





ကြည့်ကာ ကြာသည့်အချိန်ကိုလည်း တွက်ဆသည်။ ဆယ်ငါး
ကြာသည်အထိလည်း သူတို့ခေါ်ဆောင်ရာသို့ မရောက်သေး။

မေသည် ပင့်သက်တစ်ချက်ရှိုက်ရင်းမှ အတော်စိတ်
ကြတော့မည့် နေခြည်နဲ့ ကိုရှာန်တို့ရဲ့ မျက်နှာကို မြင်ယောင်
မိသည်။ တစ်လက်စတည်းမှာပဲ ဒီလိုဖြစ်အောင် မေ ရှောင်
ခဲ့သည့် လူတစ်ယောက်ကိုပါ သတိရသွားလျှင် သူ့ကြောင့်ဟု
က(ထူးဆန်းစွာ) အပြစ်မတင်ချင်တော့။ နေခြည် ကံကောင်း
ည်ဟုသာပဲ အပြုသဘောဆောင် အကောင်းမြင်စိတ်ဖြင့် တွေး
ခဲ့တော့သည်။

❦ ✿ ❦



www.burmeseclassic.com

www.burmeseclassic.com



ခြုံမင်းရဲ့ ခြံထဲမှာ ကြော်ငြာလာရိုက်ကြသောအ
တစ်ခြံလုံးက အလုပ်သမားတွေမှာ ပျော်ရွှင်မြူးထူးလို့ နေကြ
သည်။ မင်းသား မင်းသမီးတို့တွင်သာမက ဇာတ်ပို့ဇာတ်ရံသ
တချို့ပါ ပါလေရာ အဲဒီလူတွေရယ် ကြော်ငြာရိုက်သောအဖွဲ့
ရယ်နှင့် လူတွေစုံကာ ဝရုန်းသုန်းကား ပျော်ရွှင်နေကြသည်။

သူသည် ကိုရျာန်ရဲ့နှင့် နေခြည်တို့ နှစ်ဦးကို
မြင်လျက် သူ့မကို မမြင်မိသောအခါ ဟိုဟိုဒီဒီ ရှာဖွေလျက်
ခဏတော့ စောင့်ကြည့်နေသေးသည်။ သို့သော် မနက်ခင်း
ဝက်ကျိုးသွားသည်အထိ သူမရဲ့အရိပ်ယောင်လေးကိုသော်မှ မမြ
ရ။ အဲဒီအခါမှ သူသည် လက်နှစ်ဖက်ကို ပိုက်ထားကာ နှုတ်ခမ်း
ကို တင်းတင့်စေ့ထားတတ်သော မျက်နှာထားတည်တည်တစ်ခု
အလွန်အမင်း တွေ့ချင်လာပြီဆိုတာ ကိုယ့်ကိုယ်ကိုယ် သတိထား
မိလာလေသည်။





သူ့ကိုမြင်လျှင် အရင်ကလို စွာတေးလန်မဟုတ်
သော့ဘဲ နှုတ်ခမ်းများကို တင်းတင့်စေ့ပိတ်ကာ မျက်နှာလွှဲသွား
တတ်သောပုံစံကို အခုမှ သူက ဘာကြောင့် အသည်းအသန် မြင်
ချင်နေမိတာပါလိမ့်။ သူသည် နှောင်ထွေး ဖွင့်နေကျ R ဇာနည်
ဆိုထားသော သီချင်းကို သွားအမှတ်ရမိသည်။

"လူဆိုသည်မှာလည်း ... ရန်သူတွေတောင်မှ ... အနေကြာ
ရင် တကယ်ချစ်လာကြ ... အချစ်က ရုန်းထွက်ဖို့ ခက်
ပြီ ... ဘယ်သူတွေ လှုပ်ကင်းနိုင်မလဲ ..."

အဲဒီသီချင်းထဲကလိုပဲ သူဟာ တည်ကြည်တဲ့ မျက်နှာ
ထားတစ်ခုအောက်ကနေ ရုန်းထွက်ဖို့ ခက်ခဲနေပြီလား။ ဒီလို
လည်း မဟုတ်ပါ။ ဒါဖြင့် ဘယ်လိုလဲ ဆိုတာတော့ သူ မပြော
တတ်ပေ။ သေချာတာကတော့ သူမကို မမြင်မတွေ့ရခြင်းသည်
နှလုံးသားမှာ တစ်ခုခု လိုအပ်နေသလို အမြဲခံစားရစေပါသည်။

ကြော်ငြာရိုက်ကွင်းအဖွဲ့ ခဏနားချိန်တွင် သူက
နေခြည် အနားသို့ ကပ်သွားကာ ...

"အဆင်ပြေရဲ့လား မနေခြည်"



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... ဟုတ်၊ အဆင်ပြေပါတယ်၊ ဒါရိုက်တာကတော့ ပုံတွေကောင်းလို့ တော်တော်သဘောကျနေတယ် ...

ကိုချြုးမင်းသာ မျက်စိနောက်ရပြီနဲ့ တူတယ်"

"မနောက်ပါဘူးဗျာ၊ ကိုယ်တတ်နိုင်တာ ကူညီရတာပဲ။ ကျွန်တော့်ခြံက ကောင်တွေကတော့ ရှုတင်အဖွဲ့နဲ့ တွေ့နေရလို့ ထမင်းမေ့ ဟင်းမေ့ပဲ ...

ဒါနဲ့ မနေခြည်ရဲ့ သူငယ်ချင်းရော မတွေ့ပါလား"

သူက စကားရောဖောရောဖြင့် မေးလိုက်သော်လည်း နေခြည်ရဲ့ မျက်ခုံးတစ်ဖက်က မသိမသာ ပင့်တက်သွားကာ –

"မေက ခြံထဲ ဆင်းသွားတယ်။ ဒီနေ့ ဆေးဖျန်းရမှာမို့"

"သြော် ... သူက စိုက်ပျိုးရေးပညာရှင်လား"

"ဟုတ်တယ်။ မေက စိုက်ပျိုးရေးတက္ကသိုလ်က မဟာဘွဲ့ရထားတာ။ သူက အပင်တွေနဲ့ ပတ်သက်ရင် အရမ်းတော်တယ်။ အပင်တွေကိုလည်း သိပ်ဂရုစိုက်တတ်တာ"

"အင်း ... ကျွန်တော်တို့ကတော့ သူလို တက္ကသိုလ်ကြီးမှာ စာတွေ့ လက်တွေ့ မသင်ကြားခဲ့ရဘူးပေါ့ဗျာ၊ ဒီလိုပဲ ကိုယ့်မိရိုးဖလာနည်းနဲ့ပါပဲ ...





သူတို့ယောက်လည်း ဘယ်စနစ်ကျပါ့မလဲ"

"သြော် ... အဲဒီလိုလည်း မဟုတ်ပါဘူး။ အမိက,က အတွေ့အကြုံက စကားပြောတာပါပဲ။ အခု ကျွန်မတို့စားနေတဲ့ စပါးကိုစိုက်တဲ့ တောင်သူဦးကြီးတွေ၊ ကောက်စိုက်သမလေးတွေဆိုလည်း စိုက်ပျိုးရေးတက္ကသိုလ်ဆင်းတွေ မဟုတ်ကြပါဘူး ...

ဒါပေမဲ့ အတွေ့အကြုံကြောင့် အောင်မြင်အောင် လုပ်နိုင်တာပဲ မဟုတ်လား"

သူက နားလည်မှုတရားရှိသော မိန်းကလေးကို တစ်ချက်ပြုံးကြည့်လိုက်ရင်းမှ တော်ဦးမေ ဆိုသော မိန်းကလေးလည်း ဒီလိုအတွေးမျိုး ရှိသလားဆိုတာကို စဉ်းစားမိသွားသည်။

သြော် ... တော်ဦးမေ ခြံထဲမှာ ဆေးဖျန်းစရာရှိတာထက် သူနဲ့ ဆုံချင်လို့ ခြံထဲကို ဆင်းသွားတာပဲ ဖြစ်မှာပါ။

"အခုလို သဘောထားပေးတာ ဝမ်းသာပါတယ်ဗျာ။ ကျွန်တော်က မနေခြည်ကို တောင်းပန်ချင်နေတာဗျ။ ဟိုတစ်ခါ ပျားကိစ္စရော၊ နောက် တော်ဦးမေနဲ့ ဟို ..."



www.burmeseclassic.com

www.burmeseclassic.com



သူက ဘယ်လိုဆက်ပြောရမှန်း မသိသဖြင့် အဲ
နေရာအရောက်မှာ အ,ထစ်လို့သွားသော်လည်း နေခြည်က သဘော
ပေါက်စွာဖြင့် ခေါင်းတစ်ချက်ညိတ်ကာ ...

"ရပါတယ်၊ ကျွန်မတို့ နားလည်ပါတယ်။ မေလည်း
အေးအေးဆေးဆေး ဖြစ်သွားပါပြီ"

"တော်ဦးမေကတော့ ကျွန်တော့်ကို မတွေ့ချင် မမြင်ချင်
လောက်အောင် ဒေါသထွက်နေမှာပါပဲ"

"ပြော် ... အဲဒီလို မဟုတ်ပါဘူး။ မေလည်း သဘော
ပေါက်ပါတယ်။ မေကလည်း လွန်ပါတယ်လေ။ ရှင့်အပြ
ကြီးပဲတော့လည်း မဟုတ်မှန်း သူလည်းသိလို့ ဒီလိုပြ
သွားတာပေါ့ ...

မဟုတ်ရင်တော့လည်း မေ ဆိုတဲ့ မိန်းမက သိ
စိတ်ကြီးတာ။ မေက စိတ်ရင်းကတော့ ကောင်းပါတယ်
ပါးစပ်ထဲရှိတဲ့အတိုင်း ပြောတတ်တော့ ပထမဆုံး စတွေ့
ကဲ့လူဆိုရင် အဆင်ပြေသွားရင်ပြေသွား၊ မပြေသွားရင်တော့
နောက်ထပ်တွေ့လည်း အဆင်မပြေနိုင်တော့ဘူး ...
ရှင်နဲ့လည်း အဲဒီလိုပဲ ဖြစ်မှာပါ"





သူက ခေါင်းတဆတ်ဆတ်ညိတ်နေမိကာ အခုတော့
အဆင်ပြေချင်နေပြီဗျာ ဟူသော စကားကို စိတ်ထဲမှာသာ တိုးတိုး
သေး ကျိတ်ပြောနေမိသည်။ တကယ်တမ်းမှာတော့ သူက နေခြည့်
ကို နှုတ်ဆက်ကာ အနားမှ အသာခွာလာရင်း သူ့မှာသူ တစ်
ယောက်တည်းပဲ အတွေးထဲ နစ်မြောနေမိတော့သည်။

ဒါဆို သူမက ခြံထဲကို တစ်ယောက်တည်း သွား
တာပေါ့။ သူ့စိတ်ထဲတွင် ဘာကြောင့်မှန်း မသိဘဲ သူမတစ်ယောက်
တည်း ခြံထဲဆင်းသွားတာကို စိတ်မချနိုင် ဖြစ်နေလေသည်။ သူ
ရော ခြံထဲကို လိုက်သွားရင် ကောင်းမလား။ လိုက်သွားပြီး ဘာ
လုပ်ရမှာလဲ။ ဘာမှတော့ မလုပ်ဘူးပေါ့။ မသကာ သူမမျက်နှာ
လေးကို တစ်မိနစ်လောက်ပဲဖြစ်ဖြစ် ခိုးကြည့်ရရင်ကို သူ ကျေနပ်
နိုင်သားပဲ။

သူ့စိတ်က သွားရကောင်းနိုးနိုး၊ မသွားရကောင်း
နိုးနိုး တွေဝေ ဒွိဟဖြစ်နေကာ နောက်ဆုံးတော့ သူက သွားဖို့
ဆုံးဖြတ်ချက် ချလိုက်တော့လေသည်။ သူသည် နောင်တွေးနှင့်
အတူ နေ့လယ်စာ ထမင်းစားရင်းမှ ...



www.burmeseclassic.com

www.burmeseclassic.com



"နှောင်ထွေး … ငါ ခြံဘက် ခဏသွားလိုက်ဦးမယ်ကွာ။ မင်း ဒီမှာကြည့်ထားလိုက်၊ လိုအပ်တာ လုပ်ပေး၊ စိတ်ချမယ်"

"ကိုခြူး မရှိလို့ ကောင်းပါ့မလား"

"ကောင်းပါတယ်ကွာ။ သူတို့ဟာသူတို့ ရိုက်နေကြတာပဲ။ ငါမရှိလည်း ဘာမှမဖြစ်ပါဘူး"

သူက နှောင်ထွေးကို အပ်ထားခဲ့ကာ ထမင်းစားပြီးတာနှင့် ခြံဘက်သို့ ဆိုင်ကယ်နှင့် ထွက်လာခဲ့သည်။ သူမတို့ခြံနှင့် သူ့ခြံမှာ မျက်စောင်းထိုး အနေအထားလောက် ကျသည့်မို့ မနီးမဝေးသော အခြေအနေမှာ ရှိသည်။ သူသည် အဲဒီခြံထဲမှာ သူမ ရှိနေသည်ဟူသော အသိနဲ့တင် သူ့ရင်ထဲမှာ ပြည့်စုံမှုတစ်ခုကို ခံစားသွားရလေသည်။

သူမ ရှိ့မရှိ သေချာချင်သည့်မို့ သူက ခြံနားမှာ ရစ်သီ ရစ်သီ သွားလုပ်ကြည့်လျှင် သူမ မောင်းနေကျ ဂျစ်ကားကို တွေ့ရသည့်မို့ ပိုသေချာသွားသည်။ အဲဒီနောက် သူကလည်း ခြံထဲမှာ ဟိုလုပ် ဒီလုပ်နှင့် အချိန်က ဘယ်လိုကုန်သွားမှန်းမသိ





ပေ။ သူ သတိရသောအချိန်တွင် ညနေစောင်းနေခဲ့ပြီ။ ဒီတော့မှ သူက အလုပ်တွေကိုဖြတ်ကာ အမြန်ပြန်ရသည်။ တစ်ဖက်ခြံမှာကား သူမရဲ့ဂျစ်ကားက မရှိတော့။

သူသည် သူမကို မီလိုမီငြား‌ဖြင့် ဆိုင်ကယ်ကို အပြင်းမောင်းလာခဲ့လေရာ တစ်နေရာအရောက်တွင် သူ့အာရုံတွေကို တန့်သွားစေသော အရာတစ်ခုကို မြင်သည်။ သူမရဲ့ဂျစ်ကား။ သူမ မောင်းတတ်လေ့ရှိသော ဂျစ်ကားကို သူ အမြင်မှားစရာ အကြောင်းမရှိပါ။ မှောင်နေသော်လည်း ဆိုင်ကယ်မီးရောင်ထိုးထားသဖြင့် ဒါဟာ သူမ မောင်းလေ့ရှိသော ဂျစ်ကားဆိုတာ ထင်ရှားနေသည်။

ဘာဖြစ်လို့ပါလိမ့်။ ဘီးများပေါက်လို့လား။ သူက စူးစမ်းစိတ်ဖြင့် ဆိုင်ကယ်ကိုရပ်ကာ ဂျစ်ကားဆီသို့ ဆိုင်ကယ်မီးရောင်ဖြင့် ထိုးကြည့်သည်။ သူမရဲ့ အရိပ်အယောင်ကိုသော်မှ မတွေ့ရ။ သူက မျက်မှောင်တစ်ချက်ကြုတ်ကာ ဆိုင်ကယ်ပေါ်မှ သတိထား ဆင်းလိုက်သည်။ သတိအနေအထားဖြင့် ဂျစ်ကား အနားသို့ တိုးကပ်သွားသော်လည်း အနားရောက်သည်အထိ



www.burmeseclassic.com

www.burmeseclassic.com



ဘာထူးခြားမှုမှ မတွေ့ရပေ။ အဲဒီ ထူးခြားမှု မတွေ့ရခြင်းကို ထူးခြားသည်ဟု သူက ထင်သည်။ သူက အိတ်ဆောင်ဓာတ်မီးလေးဖြင့် ကားဘီးတွေကို စစ်ကြည့်လိုက်တော့လည်း လေးဘီးလုံးက အကောင်းအတိုင်း။ ထို့နောက် ကားမှာက သော့တန်းလန်းနှင့်။ နောက် ... ဘေးခုံမှာ တော်ဦးမေရဲ့အိတ်။

သူသည် အကြောင်းအရာ အားလုံးကို ဆက်စပ်ပြီး ကြည့်လိုက်လျှင် သူမမှာ အန္တရာယ်တစ်ခုခုနှင့် ကြုံတွေ့နေရပြီဆိုတာကို နားလည်လိုက်လေသည်။ တစ်လက်စတည်းမှာပဲ ခံစားသွားရတာက သူ ရှိနေသော နေရာသို့ မလာချင်သောကြောင့် သူမတစ်ယောက်တည်း ခြံထဲဆင်းသွားခဲ့ရာမှ ဒီလိုအန္တရာယ်မျိုးနှင့် ကြုံတွေ့ရသည်ဟူသော အတွေးတစ်ခု ဖြစ်သည်။

အဲဒီအတွေးဟာ မှန်ချင်မှ မှန်မည်။ သို့သော် သူက သူ့မှာ အပြစ်မကင်းဟုသာ ခံစားရပါသည်။ သူသည်ချက်ချင်းပဲ သွေးတို့ပူနွေးလှုပ်ရှားလာကာ သူမအတွက် စိုးရိမ်သောဖြစ်မှုတို့က ငယ်ထိပ်အထိ ဆောင့်တက်လို့ လာလေသည်။ သူ ဘယ်လိုအန္တရာယ်မျိုးနဲ့ ကြုံနေရပြီလဲ။ သူမသာ တစ်ခုခုဖြစ်သွားခဲ့လျှင် သူ့ကိုယ်သူ ဘယ်လိုမှ အပြစ်ကင်းပါသည်ဟု သတ်မှတ်၍ရမှာမဟုတ်တော့ချေ။





သူက ချက်ချင်းပင် ပတ်ဝန်းကျင်ကို ဂရုတစိုက် လေ့လာအကဲခတ်လိုက်သည်။ အဲဒီမှာပဲ မလှမ်းမကမ်းမှာ အတွင်းဘက်သို့ ဝင်သွားသော လူသွားလမ်းလေးတစ်ခုကို တွေ့မြင်လိုက်ရလျှင် အဲဒီလမ်းကလေးကို အထူးအာရုံဝင်စားသွားရသည်။ နောက်တော့ ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ သူက အဲဒီလမ်းလေးအတိုင်း အထဲကို တောက်လျှောက်လိုက်ဝင်လာခဲ့တော့လေသည်။

သူက မြေနီလမ်းတွေကို ဓာတ်မီးနှင့် သေချာထိုးကြည့်မိလိုက်လျှင် ဖိနပ်ခြေရာတွေကို အတိအကျ တွေ့မြင်လိုက်ရသည်။ ဖိနပ်ခြေရာနှစ်ခုက ဆင်တူဖြစ်လျက် တစ်ခုကတော့ ဝေါကင်းရှူးလို ဖိနပ်ခြေရာမျိုးဖြစ်သည်။ ဝေါကင်းရှူးခြေရာက အလယ်မှာ ရောက်နေခြင်းအားဖြင့် သူမကို လူနှစ်ယောက်က ရှေ့နောက် ညှပ်ခေါ်သွားသည်ဆိုတာ သူက သဘောပေါက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် ခြေရာများကို မြင်ရသောအခါ ဘာပဲ
ဖြစ် သူမကို ဒီလမ်းမှ ဖမ်းခေါ်သွားပြီဆိုတာ သေချာသွားသ
ဝမ်းသာသွားရသည်။ ဘယ်လိုပဲဖြစ်ဖြစ် သူမကိုတွေ့လျှင်
သူ ကယ်တင်နိုင်မှာပဲ။ သူ ပျှောက်လာခဲ့တာ နာရီဝက်လော
ကြာသည့် အချိန်မှာတော့ သူသည် မှောင်ရိပ်ထဲမှာ တဲလုံး
ရေပ်ပျက်လိုလို တစ်ခုကို သွား၍တွေ့လျှင် ရင်ခုန်သံတွေ
ချက်ချင်းငြိမ်ကျသွားသည်။

မှန်အိမ်အလင်းရောင်တစ်ခုသာ မှုန်ဝါးဝါးရနေသေ
တဲအိမ်ပျက်ကို ငေးစိုက်ကြည့်ကာ သူ့ရင်ထဲတွင် နင့်လာသည်
ဘုရားသိကြားမ,လို့ အဲဒီထဲမှာ သူမ ရှိနေပါစေ။ သူမ ရှိနေခဲ့ပြ
သူမအတွက်နဲ့ သူ ဘာပဲလုပ်ရ လုပ်ရ အဲဒီထဲမှာ သူမ ရှိနေလျှ
သူ ကျေနပ်နိုင်ပေပြီ။





မေ့ကို ဖမ်းချုပ်လာသော လူတွေက ခုံတစ်ခုံတွင် လက်ပြန်ကြိုးတုပ်လျက်ထားကာ မေ့ကို အရင်တည်းက မကြည်လင်ခဲ့သော ခြံစောင့်မိန်းမက မေ ဒီလိုဖြစ်နေတာကို ဝမ်းသာအားရပုံစံနှင့် ခြေဆုံးခေါင်းဆုံး ကြည့်လို့နေသည်။

မေသည် ဒီလူတွေကို စိတ်ပျက်တာထက် ဒီလူတွေနှင့် လာတွေ့ရသော ကိုယ့်ကံကြမ္မာကိုသာ သာ၍ စိတ်ပျက်နေမိလေသည်။

"ဒီမှာ ရှင်တို့ ကျွန်မကို ဘယ်အချိန်ထိ ခေါ်ထားကြမှာလဲ၊ သူတို့ကို သွားပြောမှာဖြင့် မြန်မြန်သွားပြောကြကြာတယ်"

ခြံစောင့်မိန်းမက မေ့ အပြောကို မျက်ခုံးပင့်ကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုလှဒင် ဒီမိန်းမက အာဂမိန်းမပါလားတော့၊ ကြောက်တဲ့ပုံကတော့ တစ်စက်လေးမှ မရှိဘူး"

"အေး ... သူ့ယောက်ျားလောင်း အားကိုးနဲ့ ကျယ်နေတာနေမှာပေါ့။ ဒီမှာ အမိ ... ခင်ဗျားကို မနက်ဖြန် မနက်ခင်းမှ လာရွေးကြမှာ၊ ဒီညတော့ ငုတ်တုတ်ထိုင်ဖို့သာ စဉ်းစားထားပေတော့"

မေက ကျစ်ခနဲ စုတ်သပ်လိုက်သော်လည်း သူတို့ကို ဘာမှပြန်မပြောဖြစ်တော့ချေ။ အဲဒီအချိန်မှာပဲ မေ့ မျက်လုံးထဲတွင် လူတစ်ယောက်ကို ဖျတ်ခနဲ တွေ့လိုက်ရသည်။ ပထမတော့ မေသည် အံ့အားသင့်လွန်းသဖြင့် ကြောင်ကာသွားသည်။ သူက မေ့ကို ရှူးတိုးတိုးဟူသော ပုံစံမျိုးလုပ်ပြကာ တဲထဲသို့ အသာချင်းနင်းဝင်ရောက်လာသည်။ တဲထဲမှာ မေ့ကို ဝိုင်းရံထားသော လူသုံးယောက်က ဝင်ပေါက်ဘက်ကို ကျောပေးထားတာမို့ သူ ဝင်လာတာကို မမြင်ကြချေ။

အဲဒီနောက်မှာတော့ သူက အနီးဆုံးလူတစ်ယောက်ရဲ့ခေါင်းကို လက်ထဲကတုတ်နှင့် ရိုက်ချပစ်လိုက်သည်။ သူ ရိုက်





ိုက်သောအခါ ဘေးက တစ်ယောက်က သိသွားလျက် သူ့ကို င်လုံးကြတော့သည်။ ဒီကြားထဲ ခြံစောင့်မိန်းမကပါ သူတို့လူ က်က ကာကွယ်ရိုက်နှက်ပေးသဖြင့် သူ့မှာ မသက်သာချေ။

သို့သော် ပြောရလျှင် သူက ဟိုလူတွေထက် ခုခံကာကွယ်မှု ပိုကောင်းသည်ဟု ပြော၍ရပါသည်။ သူ့လက်ချက် ် ဟိုလူနှစ်ယောက် လဲသွားလျှင် သူက မေ့ကို ကြိုးမြန်မြန် ာဖြေပေးသည်။

"ရှင် ... ရှင် ... ဘယ်လိုလုပ်ပြီး ..."

မေသည် အံ့သြမှုကြောင့် စကားတွေ တစ်ဆို့နေ က် တော်တော်နှင့် စကားက မထွက်ချေ။ သူက မေ့လက်က ြိုးတွေကို သွက်သွက်ဖြေပေးနေရင်းမှ ...

"နောက်မှမေး၊ ဒီနေရာကနေ မြန်မြန်သွားရမယ်"

သူက မေ့လက်ကို ကြိုးဖြေနေတုန်းမှာပဲ လဲနေသော ူတစ်ယောက်က ဓားမြှောင်ဖြင့် ကုန်းထလာလျှင် မေ့ မျက်လုံး ဲ၌ ပြာခနဲ ဖြစ်သွားရသည်။ မေ့ရဲ့ အားခနဲအော်သံတွင် သူက ာက်သို့လှည့်ကာ လက်ကာလိုက်သဖြင့် ချိန်ရွယ်ထိုးသောဓား



www.burmeseclassic.com

www.burmeseclassic.com



မှာ နေရာလွဲသွားလျက် သူ့လက်ဖျံကို ရှပ်ခန် ရကာသွားသည်

မေက အော်ပါသော်လည်း သူက အသံတစ်ချက်မှ မထွက်

စားနှင့်လူကို မေ့အောင်သိပ်လိုက်ပြီးမှ မေ့လက်က ကျန်ရှိနေ

သော ကြိုးတို့ကို ဆက်ဖြေပေးသည်။

"သွားစို့"

"ဟို ... ရှင့် ... ဒဏ်ရာ ... ဒဏ်ရာက ..."

"အာ ... ဒါ ဘာမှ အရေးမကြီးဘူး။ ဒီနေရာက မြန်မြန်

သွားမှ ဖြစ်မှာ၊ လာ ... လာ"

သူက မေ့ရဲ့လက်ကိုဆွဲကာ ပြေးသည်။ မေသည်

သူ့နောက်မှ တကောက်ကောက် ပြေးလိုက်လာရသလို သူ့လက်

ဒဏ်ရာမှ သွေးများကလည်း တတောက်တောက်ကျလျက် ရှိနေ

သည်။ ဒီပုံအတိုင်းဆိုလျှင် သွေးထွက်လွန်ကာ သူ ဒုက္ခရောက်

သွားနိုင်သည်ဟု တွေးမိသောကြောင့် မေက ပြေးနေသော

လက်ကို ဆောင့်ဆွဲလိုက်ကာ ...

"ဒီမှာ ... ရှင့်ဒဏ်ရာ သွေးအရမ်းထွက်နေတယ်၊ ဒီအတိုင်း

ပြေးနေရင် သွေးထွက်လွန်သွားလိမ့်မယ်"





"ဟာ ... ဒီလိုပြေးလို့ ဘယ်လိုပြေးရမှာလဲ၊ လာစမ်းပါ"

မေက စကားအကောင်းပြောလျှင် အကောင်းမထင်

သည့်လူကို အမှောင်ထဲမှာ မျက်စောင်းတစ်ချက် ပိတ်ထိုးလိုက်

ပြီးမှ လည်ပင်းမှာ စည်းထားသော ပဝါကို ဆွဲဖြုတ်လိုက်သည်။

"ရှင့်လက်ကို ဒါနဲ့စည်းထားမှ ရမယ်"

"ကဲ ... စည်း ... စည်း"

မေက သူ့လက်မှဒဏ်ရာကို ပဝါဖြင့် သေချာစည်း

နှောင်ပေးလိုက်လေသည်။ အဲဒီနောက် တော်တော်ပြေးပြီးသော

အခါ ကားရပ်ထားသော နေရာသို့ ပြန်ရောက်လာခဲ့ကြသည်။

သူက ရှေ့နောက်ဝဲယာကို လှည့်ပတ်ကြည့်ရှုနေရင်းမှ ...

"ခင်ဗျား ကားမောင်းနိုင်တယ် မဟုတ်လား၊ မောင်းသွား

လိုက်တော့"

"ဘယ်ဖြစ်မလဲ။ ရှင့်လက်မှာ ဒဏ်ရာနဲ့ ရှင် ဘယ်လို

ဆိုင်ကယ်စီးမှာလဲ။ ကျွန်မကားနဲ့ပဲ လိုက်ခဲ့ပါ။ ဆိုင်ကယ်

ကို တစ်နေရာရာမှာ ဖွက်ထားခဲ့ပေါ့"

သူ့ဒဏ်ရာကား ဘယ်လောက်များ နာနေသလဲတော့

မပြောတတ်ပေ။ သူက သိပ်မစဉ်းစားဘဲ ဆိုင်ကယ်ကို ချုံပုတ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုထဲ ထိုးထည့်ဖွက်ကာ မေ့ကားပေါ်သို့ တက်လိုက်သည်။ အဲဒီနောက်မှာတော့ မေသည် အဲဒီနေရာကနေ၍ ကားကို ပေါ ရှိန်ထိုး မောင်းထွက်လာခဲ့လေသည်။ ကားပေါ်တွင် သူကလည်း စကားမဆိုသလို မေကလည်း မမေးမိချေ။

တကယ်ဆိုလျှင် သူနဲ့ မေ့ကြားတွင် ပြောစရာ မေးစရာစကားတွေ အများကြီးရှိပါလျက်နှင့် နှစ်ယောက်စလုံး တိတ်ဆိတ်နေခြင်းမှာ ပုံမှန်အလုပ် မဟုတ်ချေ။ ပြီးတော့ ... သူ သူက မေ့ကို ဖမ်းခေါ်ထားသော နေရာသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာပြီး ကယ်တင်ပုံမှာ ထူးဆန်းသည်။ သူ ဘယ်လိုများ သိသလဲ။

မေ့နောက်ကို လိုက်ချောင်းကြည့်နေလို့ သိတာလား။ ဒီလိုတွေးမိလိုက်တော့ မေ့ပါးပြင်နှစ်ဖက်စလုံး ပူနွေးသွားသည်။ အဲဒါကတော့ ဖြစ်နိုင်မည် မထင်ပေ။ မေသည် ဆက်မတွေးတော့ ဘဲ ကားကိုသာ အာရုံစိုက် မောင်းနေမိသည်။ တစ်နေရာအရောက် တွင်တော့ ရှူးရှသော ကားမီးတန်းကြီးက ထိုးလာကာ အချက်ပြ လို့လာလျှင် မေသည် ဒါ ကိုချာန်တို့ လိုက်လာပြီ ဆိုတာ အတပ်သိလိုက်လေသည်။





ကားနှစ်စင်း ရပ်ပြီးချိန်မှာတော့ မေ့ထံကို စိုးရိမ်တကြီးဖြင့် ပြေးလာသော နေခြည်၊ အင်မတန် စိတ်ပူနေဟန်ရှိသော ကိုချာန်၊ နောက် သူ့ကိုတွေ့လိုက်ရ၍ အံ့သြသွားသော မျက်နှာထားများ၊ မေးလာမည့် မေးခွန်းများ၊ ဒါတွေကိုဖြေဖို့ မောသွားသော အမောများသည် တောထဲမှာပြေးခဲ့ရသော အမောတို့ထက်ကို ပိုမည်ဟု ထင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၀

"ဖြစ်မှ ဖြစ်ရလေ မေရယ်၊ မသေကောင်း မပျောက်ကောင်းပဲကိုး။ ငါတို့က နင့်အတွက်ကို တော်တော်စိတ်ပူနေတာ ...

ရှုတင်ကလည်း ငါးနာရီလောက်မှပြီးတော့ နင်ပြန်လာနိုး ပြန်လာနိုးနဲ့ပေါ့။ ခုနစ်နာရီထိ နင် ရောက်မလာတာနဲ့ လိုက်ချလာခဲ့ကြတာ"

မေက နေခြည့်ရဲ့စကားကို ဘာမှပြန်မပြောဖြစ်ဘဲ ...တ်ဆိတ်လို့သာ နေမိသည်။ ကိုဈာန်ရဲ့ စွမ်းဆောင်မှုကြောင့် ...မှုကို ပြန်ပေးဆွဲဖို့ ကြိုးစားသော သုံးယောက်ကိုလည်း နောက် ...ဂစ်နေ့မနက်မှာတင် ဖမ်းမိသွားခဲ့ပြီးပြီဖြစ်သည်။ ကိုဈာန်နှင့်





...ခြည်က စိတ်တိုဒေါသထွက်နေသလောက် မေကတော့ ထူးခြား ... အားဆေးငြိမ်သက်လို့နေသည်။

ကိုဈာန်နှင့် နေခြည်က သူ့ကို ကျေးဇူးတင်စကား ... အထပ်ထပ် ပြောခဲ့သော်လည်း မေကတော့ တစ်ခွန်းမှမပြော ...ခဲ့။ အခြေအနေတွေကိုလည်း ရှင်းလင်းပြတာမျိုးလည်း မလုပ် ... အဲဒီလူတစ်ယောက်ကပဲ အစအဆုံး ရှင်းပြသွားတာကို မေက ...တ်ဆိတ်စွာ နားထောင်နေခဲ့သည်။

ကိုဈာန်ကတော့ မေ့ရဲ့အမူအရာတွေကို အကဲခတ် ...ာ ...

"မေတို့ ဒီမှာနေဖို့ မဖြစ်တော့ဘူးနဲ့ တူတယ်။ ဒီက မြို့ထဲနဲ့ဝေးပြီး သီးသန့်ကျတော့ တစ်ခုခုဆို စိုးရိမ်ရတယ်။ ဟိုတယ်ကိုပဲ ပြောင်းနေပါလား မေ။ ကိုယ့်သဘောကတော့ မေ့ကို ဒီမှာတောင် မနေစေချင်တော့ဘူး။ ကိုယ်နဲ့ရန်ကုန်ကို ပြန်လိုက်ခဲ့ပါတော့ကွာ ... နော်"

ဒီတစ်ခါတော့ မေက ခေါင်းကို သွက်သွက်ခါယမ်း ...ာ ...



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလောက် မလိုပါဘူး ကိုချာန်ရယ်။ အနုပညာက ... အခန့်မသင့်လို့ ဖြစ်သွားတာပါ။ မေလည်း ဘာမှဖြစ် ... မှ မဟုတ်တာ ...

အဲဒီလူတွေကိုလည်း ဖမ်းမိထားတာပဲ ... လား"

ကိုချာန်က သွေးအေး တည်ငြိမ်နေသော ... အံ့ဩသလို တစ်ချက်ကြည့်ကာ ...

"မေ ဘယ်လိုဖြစ်တာလဲ။ အရင်ကဆို တစ်ခုခုဆို ... ဆတ်ထိမခံ ဖြစ်တတ်တဲ့ မေက ကိုယ့်ကို အန္တရာယ် ... ဖို့ ကြိုးစားတာတောင် ဘာမှမဖြစ်သလို တည်ငြိမ် ... လိုက်တာ ...

မေက တည်ငြိမ်နေနိုင်ပေမယ့် ကိုယ်ကတော့ ... ငြိမ်မနေနိုင်ဘူး မေ၊ ဒီကိစ္စကို ကိုယ့်မိဘတွေ၊ မေ့မိ ... သိသွားရင်လည်း မေ့ကို ဘယ်လိုမှ စိတ်ချနိုင်မှာ ... တော့ဘူး"

"မေ့အတွက် မစိုးရိမ်ပါနဲ့ ကိုချာန်"





ကိုချာန်က မေ့ရဲ့သွေးအေးလွန်းသော ပုံစံကို အလို့မကျဟန်ဖြင့် မျက်မှောင်တစ်ချက်ကုတ်ကာ ...

"စိုးရိမ်တာပေါ့ မေ။ မေ ဖြစ်ခဲ့တဲ့အဖြစ်ဟာ စိုးရိမ်စရာမကောင်းတဲ့ကိစ္စမို့လို့လား။ ကိုယ်က မေ စိတ်ချမ်းသာနေတာကိုပဲ အမြဲမြင်ချင်တဲ့သူပါ။ ဒါပေမဲ့ အခုပြဿနာက မေ့အတွက် အရမ်းစိုးရိမ်ရလို့ပြောနေတာ။ ကိုယ့်စေတနာကို နားလည်စမ်းပါ မေရယ်"

ကိုချာန်က ဆက်မပြောချင်တော့ဟန်ဖြင့် ထ,ထွက်လို့သွားလျှင် မေသည် နေရာမှာတင် အေးစက်စက်မျက်နှာပေးနှင့် လက်ပိုက်ကာ ကျန်ရစ်ခဲ့သည်။ နေခြည်က မေ့ရဲ့ မျက်နှာရိပ်မျက်နှာကဲကို အကဲခတ်ကာ ...

"မေ ... နင် အဲဒီတုန်းက တော်တော်ကြောက်ခဲ့လားဟင်"

"ပထမပိုင်းတုန်းကတော့ ကြောက်တာပေါ့။ နောက်တော့ သိပ်မကြောက်တော့ဘူး။ ဘာလို့လဲ ဆိုတော့ သူတို့က လိုချင်တဲ့ငွေရဖို့အတွက် ငါ့ကို ဘာအန္တရာယ်မှဖြစ်အောင် လုပ်မှာမဟုတ်ဘူးဆိုတာ သိနေလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"နင်ကတော့ စံပါပဲ မေရယ်၊ ဒါနဲ့လေ"

ဒါနဲ့လေပြောပြီး နေခြည်အသံက ရပ်သွားကာ ဘေးဘီကို ဝေ့ဝဲကြည့်သည်။ ဘယ်သူမှ မရှိမှန်းသေချာသွားတော့မှ ...

"ကိုခြူးမင်းက နင် ရှိတဲ့နေရာကိုသိပြီး လာကယ်တာ ထူးခြားတယ်လို့ နင် မထင်မိဘူးလား မေ"

"မပြောတတ်ပါဘူးဟာ၊ သူကလည်း သူ့ခြံက ပြန်လာတာ မဟုတ်လား၊ ငါ့ကားကိုတွေ့တော့ သံသယရှိပြီး လိုက်ရှာတာနေမှာပေါ့ ...

အကြောင်းသင့်သွားတာပါ"

"ငါကတော့ အဲဒီလိုမထင်ဘူး။ ဘာလို့လဲဆိုတော့ သူ့မနက်ခင်းတစ်ခင်းလုံး သူ့ခြံမှာ ရှိနေသေးတယ်။ ငါ့ကိုလည်း လာမေးတယ်ဟ၊ နောက်တော့ နေ့ခင်း ထမင်းစားပြီးချိန်ကျတော့ ရှုတင်ပြန်စတော့ သူ့ကို မတွေ့တော့ဘူး၊ ငါလည်း သူ့တပည့်လေးကို မေးကြည့်တော့ ခြံကိုသွားတယ်တဲ့ ...





အဲဒါ နင်တစ်ယောက်တည်းမို့ နင့်နောက်ကို လိုက်လာတာပဲနေမှာ"

မေသည် နေခြည်ရဲ့ စကားကြောင့် ရင်ထဲတွင် တစ်မျိုးဖြစ်သွားသော်လည်း ခေါင်းကို ခါယမ်းလိုက်ကာ ...

"သူ့ခြံသူ သွားတာ နေမှာပေါ့ဟာ၊ နင်ကလည်း"

"ဒီမှာ မေ ... တချို့အရာတွေက အပေါ်ယံရုပ်ကြည့်ရင်တော့ ရိုးရိုးလေးပဲလို့ ထင်ရပေမယ့် အတွင်းသဘောမှာ နက်ရှိုင်းနေတာမျိုးတွေလည်း ရှိတတ်တာပဲ။ ဒီကိစ္စဟာလည်း အပေါ်ယံကြည့်ရင်တော့ သူ့ခြံသူသွားတယ်၊ အပြန်မှာ နင့်ကားကိုတွေ့ပြီး နင့်ကို မတွေ့လို့ လိုက်ရှာတယ်၊ လာကူညီတယ်ဆိုပေမဲ့ ငါ့စိတ်ထဲမှာတော့ သာမန်ကိစ္စလို့ကိုမမြင်ဘူး ...

ပြီးတော့ သူ့လက်ဖျံက ဒဏ်ရာကို စည်းပေးထားတဲ့ နင့်ရဲ့လည်စီးပဝါ။ အဲဒီပဝါကို မြင်သွားတဲ့ ကိုရှာန့်ရဲ့ မျက်လုံးတွေကလည်းတစ်မျိုးပဲ။ ကိုရှာန်က နင့်ကို ရန်ကုန်ပြန်ခေါ်ဖို့ တော်တော် စိတ်ထက်သန်နေတဲ့ပုံပဲ။ အဲဒါရော နင် ဘယ်လိုဆုံးဖြတ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဆုံးဖြတ်ရမှာလဲ၊ ငါ့ဆန္ဒ ငါ့သဘောအတိုင်း

ဆုံးဖြတ်မှာပေါ့"

နေခြည်က မေရဲ့ စိတ်နေစိတ်ထားကို သိနေသူပီပီ ဆက်မပြောတော့ချေ။

မေသည် ဟိုလူတစ်ယောက်ရဲ့ လက်ကဒဏ်ရာကို ပြေးမြင်ယောင်လာကာ သက်သာရဲ့လား၊ အဖျားများဝင်နေ မလားဟု စိတ်ပူစွာ တွေးမိလေသည်။ ဒါကို နေခြည်ကလည်း တွေးမိသွားဟန်ဖြင့် ...

"ကိုခြူးမင်းရော နေကောင်းရဲ့လား မသိဘူးနော် မေ နင် သွားမမေးဘူးလား"

"အင်း ... စိတ်တော့ကူးနေတာပဲ"

"ဟယ် ... ဖြစ်မှဖြစ်ရလေ မေရယ်၊ နင်ကတော့"

"ငါ သိပါတယ်ဟာ၊ ဒီလူ့ဆီ သွားရမှာ တစ်မျိုးဖြစ်နေ လို့ပါ"

"သွားရင် နင့်ဟာနင် တစ်ယောက်တည်းသွားနော် မေ ငါ မလိုက်တော့ဘူး၊ ဖြစ်တယ် မဟုတ်လား"





မေသည် ညစ်ကျယ်ကျယ်ပြုံးကာ ပြောနေသော နေခြည်ရဲ့မျက်နှာကို မျက်စောင်းတစ်ချက်ထိုးကြည့်ကာ "နင် မပါ လင်ပိုတောင်ကောင်းသေး"ဟု ပြန်ပြောလိုက်လေသည်။ တကယ် ...ည်း ဘေးလူတစ်ယောက်မှမပါတာ ပိုကောင်းသည်ဟု မေ ...င်သည်။ ဒီလူဟာ အခုကျမှ မေ့အပေါ်တွင် ဘာကြောင့်များ သဘောထားတွေ ပြောင်းနေသလဲဆိုတာ သူ့မျက်ရိပ် မျက်နှာကဲ ကို မေက သေချာစွာ ဖမ်းကြည့်ချင်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ကရခဲ့သော ဓားဒဏ်ရာကြောင့် အနာ
တက်ကာ သူ ဖျားခဲ့သည်။ ဆောင်းတွင်းပိုင်းဝင်လာပြီမို့ သူ့ဒဏ်
ရာက နာရှံမှုမက ကိုက်ပါကိုက်နေခဲ့သဖြင့် ခါတိုင်းလို မနက်
စောစော ကြက်ဥနှင့် နွားနို့ပို့သည့်အလုပ်ကို သူက မလုပ်နိုင်တော့
ချေ။ ဒီနေ့နဲ့ပါဆိုလျှင် သူ ဖျားတာ နှစ်ရက်ရှိခဲ့ပြီဖြစ်လေရာ
တစ်စုံတစ်ယောက်ကတော့ သူ နေမကောင်းတာကို လာမေး
တောင် မရချေ။ သူ့ကို ပြုစုလုပ်ကိုင်ပေးသော နှောင်ထွေးကတော့

"ဟိုအစ်မကြီးကလည်း နေနိုင်လိုက်တာဗျာ။ သတင်းလေး
တောင် လာမေးဖော်မရဘူး။ သူ့ကို ဒီလောက်ကူညီထား
တဲ့ဟာကို"

"အဲဒီလိုလည်း မဟုတ်ဘူးလေကွာ။ သူကိုယ်တိုင်လည်း
နေကောင်းဦးမှကိုး"





နှောင်ထွေးက သိပါတယ်ဟူသော ပုံစံမျိုးဖြင့် သူ့ကို
ကြည့်ကာ ...

"ကိုခြူး မညာနဲ့။ မှန်မှန်ပြော အဲဒီနေ့လယ်က ကိုခြူး
အဲဒီအစ်မနောက်ကို လိုက်သွားတာ မဟုတ်လား"

"မဟုတ်ပါဘူးကွာ။ မင်းကလည်း"

"ထားပါတော့၊ ကိုခြူး ညာရင်လည်း ကျွန်တော်က ဘာ
တတ်နိုင်မှာလဲ၊ ဒါပေမဲ့ အဲဒီအစ်မကိုတော့ ကိုခြူး ကြိုက်
တယ်မဟုတ်လား"

"ဟာ ... ဒီကောင်"

"ကိုခြူးကို ကျွန်တော် ပြောပြစရာတစ်ခု ရှိတယ်ဗျ"

"ကိုခြူး ဟိုဘက်ခြံက အစ်မ ရောက်နေတယ်၊ ကိုခြူးကို
သတင်းလာမေးတာတဲ့"

နှောင်ထွေးရဲ့စကား မစခင်မှာပဲ ခြံထဲက ကောင်
...းတစ်ဦးက လာပြောလျှင် သူ့ရင်ထဲ၌ ဒိန်းခနဲ ခုန်သွားရသည်။
... ကပျာကယာပင် အိပ်ရာထက်မှ ဆင်းလိုက်သောအခါ
...လဲမလိုတောင် ဖြစ်သွား၍ နှောင်ထွေးက ဖမ်းထူလိုက်ရ...



www.burmeseclassic.com

www.burmeseclassic.com



သည်။ နောင်ထွေးက သူ့ကို ပြောင်စပ်စပ်ဖြင့် ကြည့်နေသော

လည်း သူက အဲဒီအကြည့်တွေကို ဂရုမစိုက်နိုင်တော့ဘဲ ဧည့်ခ

ထဲသို့သာ အမြန်ဝင်လာခဲ့သည်။

ဧည့်ခန်းထဲတွင် လက်နှစ်ဖက်ကို နောက်ပစ်လျ

မတ်တတ်ရပ်နေသော သူမက သူ့ကိုကျောပေးထားကာ ဟိုဟ

ငေးငေးကြည့်နေသည်။ အဖြူရောင်ကုတ်အတိုကို ဝတ်ထား

လိမ္မော်ရောင်နှင့်အဖြူရောင်စပ်ထားသည့် မာဖလာလုလုတစ်ထည

လည်ပင်းမှာ ရစ်ပတ်ဖွဲ့နှောင်ထားလျက် လည်သာရှူးဖိနပ်ရှည

စီးထားပုံမှာ တကယ့်ကို စမတ်ကျကျ။ သူမ ရောက်နေသော

မှေးမှိန်နေသော သူ့ဧည့်ခန်းလေးပင်လျှင် လင်းချင်းတော

သွားသည်ဟု ထင်ရလေသည်။

"အဟမ်း"

သူက ချောင်းတစ်ချက်ဟန့်လိုက်လျှင် သူမက

ခနဲလှည့်ကြည့်လို့လာသည်။ သူက သူမကို ရဲရဲမကြည့်ဖြစ်သေ

ဘဲ ...

"ဟို ... မတ်တတ်ကြီး ... ထိုင် ... ထိုင်ပါ"





"ရပါတယ်၊ ရှင် နေကောင်းရဲ့လား"

မချိုသာသော်လည်း တင်းမာမှုမရှိသော ပုံမှန်လေသံ

သည် သူ့ထက်စာလျှင်တော့ တည်ငြိမ်မှုရှိသေးသည်ဟု ထင်သည်။

သူနှင့် အခါများစွာ(သို့)စတွေ့တည်းက တစ်စက်လေးမှ အဆင်

မပြေခဲ့သောမိန်းမသည် အခုတော့ သူ့အိမ်ဧည့်ခန်းထဲသို့ ရောက်

နေကာ သူ့ကို စကားပြောနေတယ်ဆိုသော အဖြစ်သည် သူ့အတွက်

တော့ အိပ်မက်လိုလို ဘာလိုလိုပဲဖြစ်သည်။

"အင်း ... သိပ်တော့မကောင်းဘူး"

သူက ဆက်တီမှာဝင်ထိုင်ရင်း ဖြေလိုက်သလို သူမ

ကလည်း သူနှင့် မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်လေသည်။ သူမ

က သူ့လက်က ဒဏ်ရာကို စေ့စေ့စိုက်ကြည့်ကာ ...

"လက်ကဒဏ်ရာက ကိုက်နေမှာပေါ့။ ရှင် ဆရာဝန်နဲ့ရော

ပြလား"

"ပြပါတယ်"

"ချုပ်ရမယ်နဲ့တူတယ်"

"အင်း ... နှစ်ချက်ချုပ်ထားရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ကျွန်မ စိတ်မကောင်းပါဘူး"

"ရပါတယ်ဗျာ။ ခင်ဗျား တစ်ခုခုမဖြစ်တာဘဲ ကျွန်တော်
ဝမ်းသာလှပါပြီ"

သူ့စကားကို သူမက ဘာမှပြန်မပြောဘဲ ခေတ္တတိတ်
ဆိတ်သွားကြသည်။ သူက စတင်၍ အရဲစွန့်ကာ ...

"ခင်ဗျားနဲ့ ကျွန်တော့်ကြားမှာရှိတဲ့ မကျေလည်မှုတွေ
လေ ခင်ဗျားဘက်က ရှပ်သိမ်းပေးလို့ရမလား မသိဘူး"

သူမရဲ့ အကြည့်စူးစူးတစ်ချက်က သူ့ဆီသို့ ဒိုင်းခနဲ
ရောက်လာကာ ...

"မကျေလည်မှုတွေသာ ရှိနေသေးရင် ရှင့်ဆီကို ကျွန်မ
ရောက်လာနေပါ့မလား၊ ကျွန်မလည်း အဲဒါမျိုးကို လိုလား
တဲ့သူမဟုတ်ပါဘူး ...

ကျွန်မကို ကူညီခဲ့တဲ့အတွက်လည်း ရှင့်ကို ကျေးဇူး
သိပ်တင်ပါတယ်"

နောက်ဆုံးစကားလေးက သူ့ရင်ထဲသို့ ဘယ်လို
ငြိမ့်စီးဆင်းဝင်သွားမှန်းကို မသိချေ။ နှုတ်ဆုံနေသောစကားတ
မဟုတ်သော်လည်း စိတ်ရင်းအတိုင်း ပြောတတ်သည့်စကားတို့ဆ





တာ သိသာနေသဖြင့် အဲဒီစကားတွေဟာ နားထဲသို့ နားဝင်ချိုလို့
နေသည်။

သူသည် မျက်စိရှေ့မှာ တည်တည်ငြိမ်ငြိမ်နှင့် ထိုင်
နေသော လိမ္မော်ရောင်မာဖလာထူထူပတ်ထားသည့် မိန်းကလေးကို
ရင်ထဲမှာ သိမ်းထားချင်လောက်အောင် မြတ်နိုးနေပြီဆိုတာ ကိုယ့်
ကိုယ်ကိုယ် သတိပြုမိလိုက်သည်။ မင်းနဲ့ အဆင်ပြေချင်တယ်
တော်ဦးမေရယ်။

"ခင်ဗျား ခြံထဲသွားတာလာတာ သတိထားပေါ့ဗျာ။ ဒါက
လည်း အကြောင်းသိနေတဲ့လူ အငြိုးရှိနေတဲ့လူမို့ ဒီလိုလုပ်
တာပါ"

"အင်းပေါ့လေ၊ ကျွန်မက လူမုန်းများတဲ့လူကိုး"

သူမက ဘာကို ရည်ရွယ်မှန်းမသိဘဲ စောင်းပြော
သည်။ သေချာတာကတော့ ခင်ဗျားကို ကျွန်တော် မမုန်းဘူး
အမိပျိုလေးရဲ့။

"တကယ်တမ်းကျတော့ ခင်ဗျားက မုန်းစရာမကောင်းပါ
ဘူး။ စကားပြောတာလေးက နည်းနည်းရင့်သီးနေတာက
လွဲလို့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူမက သူ့အပြောကို နှုတ်ခမ်းတစ်ဖက်တွန့်ကာ ပြုံးလေသည်။ အဲဒီပြုံးပုံလေးဟာ ဘယ်လိုစိတ်ပိုင်ကျ ကြည့်ကောင်းမှန်းကိုမသိ။ သူ့ရှေ့တွင် ထိုင်နေသောမိန်းကလေးသည် နုပျိုလန်းဆန်းနေသော လိမ္မော်ပင်ပျိုပေါက်လေးလိုပင် တက်တက်ကြွကြွရှိကာ အေးချမ်းနေသည်။ ဖြစ်နိုင်လျှင် သူမရဲ့မျက်နှာကို တစ်နေကုန်ထိုင်ကြည့်နေချင်တော့တာပါပဲ။

ဒီအချိန်မှာ အလိုက်သိသော နောင်ထွေးက သူမအတွက် ကော်ဖီတစ်ခွက်နှင့် ကြက်ဥပူတင်းတစ်ပွဲ လာချပေးသွားသည်မို့ ...

"သုံးဆောင်ပါဦးဗျာ။ ဒီမှာတော့ ဧည့်ခံစရာက ဒါပဲရှိတယ်"

သူမက အသာပြုံးနေကာ ဘာမှမပြောဘဲ ကော်ဖီကို ယူသောက်ပါသည်၊ ကြက်ဥပူတင်းကိုတော့ မစား။

"ပူတင်းလည်း စားပါဦး။ ကောင်းပါတယ်။ ကျွန်တော်တို့ ခြံထွက်စစ်စစ်ပါ။ ကိုယ်တိုင်လုပ်တာပါ ...

ကြိုက်ရင် အမြဲပို့ပေးမယ်လေ"

"နေပါစေ"





သူမက ပူတင်းကို ဇွန်းနှင့်တစ်ဖဲ့စားပြီး ကောင်းပါသယ်ဟု ချီးကျူးလျှင် သူက ရောဂါဝေဒနာတောင် တစ်ဝက်လောက်သက်သာသွားသလို ခံစားရလေသည်။ ဘာစကားဆက်ပြောရမှန်းမသိသဖြင့် ...

"ဟို ... နေခြည်ရော မပါဘူးလား"

"အင်း ... မပါဘူး"

သူမကလည်း အဲဒါပဲဖြေသည်။ သူသည် သူမကို စကားတွေ အများကြီးပြောချင်သော်လည်း ဘာပြောရမှန်းမသိဘဲ စကားတို့က လည်ချောင်းဝမှ ထွက်မလာချေ။ အဆင်မပြေခဲ့တုန်းက ဟောဟောဒိုင်းဒိုင်းနှင့် ပြောထွက်ခဲ့သလောက် အခုချိန်ကျမှ စကားတွေ ထွက်မလာခြင်းအပေါ် သူ့ကိုယ်သူလည်း စိတ်တိုသည်။

သူ စဉ်းစားအကြံစည်ထုတ်နေတုန်းမှာပဲ သူမက ကော်ဖီကို လက်စသတ်ကာ ...

"ကျွန်မ ပြန်တော့မယ်။ ခွင့်ပြုပါဦး"

"ဩော် ... ပြန်တော့မှာလား။ ဟုတ် ... ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကို လိုက်မပို့ပါနဲ့။ နားနားနေနေပဲ နေခဲ့ပါ"

သူမက သူ့စိတ်ကို သိနေသည့်အလား ပိတ်ခြ
လေသည်။ သူသည် အစုမှ ထွက်လာသော စကားတို့အတိုင်း

"ဟို ... ဟိုလေ အရင်ကဖြစ်ခဲ့တဲ့ ကိစ္စတွေအားလုံးအတွ
ခင်ဗျားကို ကျွန်တော် တောင်းပန်ပါတယ် ...
အဲဒါလေးကို ပြောချင်လို့ပါ"

သူမက သူ့ကို လှည့်ကြည့်ကာ မော့ပြီးပြုံးပြသည်
အဲဒီအပြုံးထဲတွင် အရာအားလုံးကို သင်ပုန်းချေလိုက်ပြီဟူသော
အဓိပ္ပာယ်တွေ အပြည့်အဝကို ပါဝင်နေသည်ဆိုတာ သတိထား
လေသည်။ အဲဒီအပြုံးသည် လွတ်လပ်မှုတွေ ပိတ်ဆို့နေသော
သူ့နှလုံးသားကို တံခါးဖွင့်ပေးလိုက်သလို ဖြစ်စေသော အပြုံး
လည်းဖြစ်သည်။

အဲဒီအပြုံးရဲ့ နောက်ကွယ်တွင် သူ့ရင်ကို ငြိမ်းချ
အေးမြစေနိုင်မည့် ရင်ခုန်သံပျိုးခင်းတစ်ခုလည်း ပါဝင်နေမည်
မျှော်လင့်တမ်းတရပါသည်။





၁၁

အမှတ်သည်းခြေမရှိ အကြောက်အလန့်မရှိတတ်
သော မေသည် တစ်ပတ်လောက် ကြာတာနှင့် နေခြည်နဲ့အတူ
ခြံထဲသို့ ဆင်းခဲ့လေသည်။ အဲဒါကို ကိုရှာန်တောင် မသိပေ။
ကိုရှာန်က ခြံထဲဆင်းလျှင် သူ့ကိုပြော ဆိုသော်လည်း မေက
တကူးကတ ခေါ်မနေခဲ့တော့။ နေခြည့်ကိုသာ အဖော်ပြု၍ အေး
အေးဆေးဆေးပဲ ခြံထဲသို့မောင်းလာခဲ့သည်။ မေက မကြောက်ပေ
မယ့် နေခြည်ကတော့ မျက်လုံးတွေကို ကျီးလန့်စာစားဖြင့် ဟို
ကြည့် ဒီကြည့်။

"မေ နောက်တစ်ဖွဲ့ ထပ်ရောက်လာရင်ရော"



www.burmeseclassic.com

www.burmeseclassic.com



မေက နေခြည်ရဲ့ အပြောကို ဟက်ခနဲ တစ်ချက် ရယ်ကာ ...

"ရောက်တော့လည်း ထပ်တွေ့ရဦးမှာပေါ့ဟာ၊ ကြောက်မနေစမ်းပါနဲ့"

နေခြည်က မေ့ကို တတ်နိုင်တယ် ဟူသောပုံစံဖြင့် ပခုံးတွန့်၍နေလေသည်။ ဒီလိုနှင့် ဘာအန္တရာယ်မှ မတွေ့ကြဘဲ ခြံထဲသို့ ရောက်သွားကြသည်။ ခြံထဲရောက်တာနှင့် မေ့ရဲ့စိတ်တွေက ရွှင်ပျသွားလျက် ဆေးဖျန်းထားသော လိမ္မော်ပင်တွေကို လိုက်လံကြည့်ရှုသည်။ လိမ္မော်ပင်တချို့က အချိန်မတန်သေးဘဲ လိမ္မော်သီးတွေ သီးနေတာကိုမြင်လျှင် နေခြည်က ဝမ်းသာအားရဖြင့် ...

"ဟယ် ... မေရေ၊ ဒီမှာ လိမ္မော်သီးတွေ အစောကြီး သီးနေတယ်တော့"

မေက ပြုံးပြုံးလေး လှည့်ကြည့်ကာ ...

"အဲဒါ စော်ဘွားသီးလို့ ခေါ်တယ်၊ အချိန်မတန်ခင် သီးလာတဲ့ အသီးမျိုးကို ခေါ်တာပေါ့"





"ဟုတ်လား ... စော်ဘွားမျိုးလား"

"ဟား ဟား ... မဟုတ်ပါဘူးဟာ၊ အချိန်မကျခင် သီးလာလို့ ဒီလိုပဲ ခေါ်ကြတာပါ၊ ဒေသခေါ်ပေါ့၊ ငါထင်တာတော့ ရှေးတုန်းက ဦးဦးဖျားဖျား သီးလာတဲ့ အသီးမို့ အထွတ်အမြတ်ထားပြီး စော်ဘွားတွေကို ဆက်သရလို့ နေမှာပေါ့"

"သြော် ... သြော် ... သိပ်တော့ ရိုးမြယ်မထင်ဘူးနော်"

မေက နေခြည်ရဲ့စကားကို ထောက်ခံဟန်ဖြင့် ခေါင်းညိတ်ပြုံးပြလိုက်စဉ်မှာပဲ မျက်ဝန်းထောင့်တစ်ခုမှာ အရိပ်တစ်ခု ရောက်လာတာကို မြင်သည်။ လှည့်ကြည့်လိုက်လျှင် မေတို့ကို ပြုံးကြည့်နေသော လူတစ်ဦး။ သူ့ကိုမြင်သောအခါ မေက ရုတ်တရက် ကြောင်သွားပြီးမှ ခေါင်းညိတ်ကာ အသိအမှတ်ပြုလိုက်သည်။ ပြီးလျှင် ဘာရယ်မဟုတ် နေခြည့်ထံ အကြည့်ရောက်သွားပါက နေခြည်က မေ့ကို တစ်မျိုးသောအဓိပ္ပာယ်တွေ ယှက်ဖြာနေသည့် မျက်လုံးမျိုးဖြင့် ကြည့်လို့နေပေသည်။

"လာလေ ကိုစိုင်းခြူးမင်း၊၊ ဒီနေ့ ခြံထဲဆင်းသလား"



www.burmeseclassic.com

www.burmeseclassic.com



မေက စတင်ဖိတ်ခေါ်နှုတ်ဆက်လိုက်သဖြင့် သူက အားတက်ဝမ်းသာသွားဟန်တူကာ ရှေ့သို့တိုးလျှောက်လာသည်။

"ဟုတ်တယ်။ ဟိုတစ်ပတ်က အပင်တွေ ဆေးဖျန်းထားတော့ လာကြည့်ရတာ"

"ရှင့်ဒဏ်ရာရော သက်သာရဲ့လား"

"သက်သာပါတယ်။ ဒါနဲ့ တော်ဦးမေတို့ခြံမှာ စော်ဘွားသီးတွေတောင် သီးနေပြီနော်၊ ကျွန်တော့်ခြံမှာ မသီးသေးဘူး ...

တော်ဦးမေက နည်းပညာပိုကျွမ်းကျင်လို့နဲ့တူတယ်"

"အဲဒီလိုလည်း မဟုတ်ပါဘူး။ တစ်ရက် နှစ်ရက်နေရင် ရှင့်ခြံမှာလည်း သီးလာမှာပေါ့"

"ဟိုလေ ... အပန်းမကြီးဘူးဆိုရင် ကျွန်တော့်ခြံကို လိုက်လည်ပါလား။ အဲဒါ လာဖိတ်တာပါ၊ အပင်တွေလည်းကြည့်ရင်းပေါ့၊ လိုအပ်တဲ့ အကြံရှိရင်လည်း ပြောပြပါ"

မေက နေခြည့်ကို တစ်ချက်လှမ်းကြည့်လိုက်လျှင် နေခြည်က သွားလေဆိုသော ပုံစံမျိုးဖြင့် မေးဆတ်ပြသည်။ မေက ကောင်းပါပြီဟု ခေါင်းညိတ်ပြောပြလိုက်လျှင် သူက ဝမ်းသာအားရပုံစံမျိုးဖြင့် ရှေ့မှဦးဆောင်ကာ ခေါ်လာလေသည်။ သူ့ခြံဟာ မေတို့ လုပ်ကိုင်စိုက်ပျိုးနေသော ခြံလောက်တော့ မကျယ်ပါ။ တစ်ပိုင်တစ်နိုင်ခြံလေးမျှသာ ဖြစ်သည်။

"ကျွန်တော့်ခြံက သိပ်တော့ မကျယ်ပါဘူး။ မိဘအမွေမို့လို့သာ ဆက်လုပ်ဖြစ်နေတာပါ"

"ဒီဘက်အခြမ်းက ပိုသာယာသလိုပဲနော်"

မေက တမ်းတသံအပြည့်ဖြင့် ချီးကျူးလိုက်လျှင် သူက လက်နောက်ပစ်လျက်သားမှ ဟုတ်ကဲ့ဟု ခေါင်းညိတ်ပြသည်။

အဲဒီနောက် သူက မေတို့ကို ခြံထောင့်တောင်ကုန်းလေးရှိ ကွပ်ပျစ်လေးထံသို့ ခေါ်လာသည်။ အဲဒီနေရာလေးက ကြည့်လိုက်လျှင် ပတ်ပတ်လည်က တောင်တန်းကြီးများကို မြင်ရကာ စိမ်းညို့နေသော တောတန်းတွေ၊ ရစ်ခွေစီးဆင်းနေသော စမ်းချောင်းငယ်၊ တောပန်းပင်အုပ်စုလေးများ စသဖြင့် ယာမီးခိုးငွေ့တွေဖြင့် သက်ဝင်ပန်းချီကားတစ်ချပ်သဖွယ် လှပလွန်းလေသည်။







www.burmeseclassic.com

www.burmeseclassic.com



"ကြည့်ပါဦး ... လှလိုက်တာ နေခြည်။ ငါ့ကို ဓာတ်ပုံ တစ်ပုံလောက် ရိုက်ပေးစမ်းပါ"

"အတူတူ ရိုက်မှာပေါ့ဟဲ့။ ကိုခြူးမင်းကို ရိုက်ခိုင်းရအောင်။ ကိုခြူးမင်း ကျွန်မတို့ကို ဒီရှုခင်း နောက်ခံထားပြီး ဓာတ်ပုံ တစ်ပုံလောက် ရိုက်ပေးပါလား"

"ရပါတယ်၊ ပေးလေ"

သူမက ဘောင်းဘီအိတ်ကပ်ထဲမှ ဖုန်းကို ထုတ်ပေးလိုက်လေသည်။ ပြီးတော့ သူ့ကို ဘယ်လို ဘယ်လိုရိုက်ဆိုတာကို ပြောပြဖို့ ဖုန်းဖွင့်လိုက်လျှင် ပထမဆုံးပေါ်လာတာက [illegible]မှ ဖုန်းထဲမှာ background အဖြစ် အသုံးပြုထားသော သူ့ခြံထဲက ဂန္ဓမာပန်းခင်းပုံဖြစ်သည်။ တစ်ချိန်က အဲဒီပုံကို မရိုက်ခဲ့ပါဘူးဟု ဒေါသတကြီး ငြင်းဆိုခဲ့ဖူးသော သူမက အဲဒီပုံကိုမြင်လျှင် အိုးတိုးအမ်းတမ်း ဖြစ်သွားသည်။

သူကတော့ အဲဒီပုံလေးကိုမြင်လျှင် ရင်ထဲမှာ နွေးခနဲ ဖြစ်သွားပါသည်။ သူ့ခြံထဲက ပန်းခင်းကြီးရဲ့ ဓာတ်ပုံလေးဟာ သူမဖုန်းထဲမှာ အမြဲရှိနေတယ်ဆိုသော အဖြစ်ဟာ သူ့နှလုံး





သားကို ပူနွေးလှုပ်ခတ်လာစေသည်။ အနီးကပ်မြင်နေရသော မျက်နှာနုနုလေးဟာ အခုတော့လည်း ဘာဒေါသမာန်မာနမှ ရှိမနေသဖြင့် ဖွဲမကျချင်စရာကောင်းအောင်ပင် အပြစ်ကင်းနေသည်။

"မတော်ဦးမေ တစ်နေ့လောက် ကျွန်တော့်ခြံထဲကို ထပ်လာခဲ့ဦးလေ"

"ဘာလုပ်ဖို့လဲ"

သူမက ဒီတစ်ခါတော့ သူ့ကို လှည့်ကြည့်ကာ ခပ်ဆတ်ဆတ်ဆိုသည်။

"ဓာတ်ပုံရိုက်ဖို့ပါ။ တော်ဦးမေက ဓာတ်ပုံရိုက်တာ ဝါသနာပါတယ် မဟုတ်လား။ ကျွန်တော့်ခြံထဲက ပန်းတွေကို ဓာတ်ပုံရိုက်ပြီး ဖုန်းထဲမှာ ပုံတွေအများကြီး ထည့်ထားပေါ့။ ကျွန်တော့်ပုံပါ ထည့်ထားရင်လည်း စိတ်မဆိုးတတ်ပါဘူး"

သူမက သူ့ကို လာသေးတယ်ဟူသော အကြည့်မျိုးဖြင့်ကြည့်ကာ နှုတ်ခမ်းတစ်ဖက်တည်း တွန့်ပြုံးတတ်ပုံကို သူ ဘယ်လိုသဘောကျမှန်းကို မသိပေ။ အချိန်ကြာလာလေလေ ဒီအမျိုးသမီးရဲ့အနားမှာပဲ နေချင်လာလေလေဆိုတာ သေချာခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ဒီမှာ နေပူနေပြီနော်"

နေခြည်က လှမ်းအော်သောအခါ သူမက သူ့လက်ထဲကို ဖုန်းကိုထည့်ပေးခဲ့ကာ နေခြည့်အနားမှာ သွားရပ်သည်။ ပြီးနောက် နေခြည်နှင့် သူမ အတူတူယှဉ်လျက်သားတစ်ပုံကို သူက ရိုက်ပေးလိုက်သည်။

သူရိုက်ပေးထားသောပုံကို သူမက ပြန်ကြည့်ကာ သဘောကျစိတ်ဖြင့် ပြုံးနေပုံသည် သူ့မျက်လုံးထဲတွင်တော့ အလှဆုံးပဲဖြစ်သည်။ ပြီးလျှင် သူက သူမနှင့် နေခြည်ကို ဝါးကွပ်ပျစ်လေးပေါ်တွင် ရေနွေးကြမ်း၊ ဆတ်သားခြောက်ဖုတ်၊ ခေါပုပ်ကြော်တို့ဖြင့် ဧည့်ခံသည်။

"သုံးဆောင်ပါဦး။ ဒီမှာတော့ ဒါပဲ ဧည့်ခံစရာရှိတာ"

"ရပါတယ်ရှင်၊ ဆတ်သားခြောက်ကတော့ နည်းသလိုပဲ၊ ဟင်း ဟင်း"

နေခြည်က သူ့ကိုနောက်လျှင် သူမက ပြုံးရုံသာ ပြုံးနေလေသည်။ ခဏအကြာတွင် နေခြည်က ခြံထဲလျှောက်ကြည့်ဦးမယ်ဆိုကာ ထသွားလျှင် သူနှင့် သူမတို့ နှစ်ဦးတည်း ကျန်ရစ်





ခဲ့သည်။ သူသည် ကွပ်ပျစ်ပေါ်မှာ တင်ပါးစွန်းတင်ရုံလေး လွှဲထိုင်နေသော သူမကို ငေးကာ စကားတချို့ ပြောချင်နေသော်လည်း ဘယ်ကစပြောရလျှင်ကောင်းမှန်း မသိပေ။

ခင်ဗျားရဲ့ GIORDANO ကြယ်သီးလေးနှစ်လုံးကို ကျွန်တော် သိမ်းထားတယ်၊ အာ ... ဒါလည်းမကောင်းပါဘူး။ ဒါဖြင့် ဓားဒဏ်ရာကို ချည်ပေးခဲ့တဲ့ လည်စီးပဝါလေးကို သေချာလျှော်ပြီး သိမ်းထားတယ်။ ဟာ ... ဒါဆိုရင် ပြန်ပေးဆိုမှ ခွကျမှာပဲ။ သူက စကားစဖို့ ကြံရာမရ ဖြစ်နေတုန်းမှာပဲ သူမက စကားစလာခဲ့သည်။

"ရှင် ဘာနဲ့ ကျောင်းပြီးတာလဲ"

"ကျွန်တော် ဘူမိဗေဒနဲ့ပါ"

"မန္တလေးတက္ကသိုလ်ကပေါ့"

"ဟုတ်တယ်။ ခင်ဗျားကတော့ ရေဆင်းက ဆင်းတယ်လို့ သိရတယ်၊ ဝါသနာပါလို့ တက်ခဲ့တာလား"

"ဝါသနာလည်းပါတယ်၊ အမှတ်လည်း မီတာနဲ့ တက်ခဲ့တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အခုလည်း ဝါသနာနဲ့ပဲ ရပ်တည်ခွင့်ရနေတော့ ကံကောင်းတာပေါ့နော်"

သူမက သူ့အပြောကို အသာငဲ့ကြည့်ကာ ...

"ရှင်ကရော ဝါသနာနဲ့ မရပ်တည်နေရဘူးလား"

"အင်း ... အခုတော့ ဝါသနာပါနေပြီပေါ့ဗျာ။ ဒီဘဝက ကျွန်တော်က ရွေးချယ်ထားခဲ့တဲ့ဘဝမှ မဟုတ်ဘဲ၊ ကျွန်တော် ရွေးကိုရွေးချယ်ရမယ့် ဘဝတစ်ခု ဖြစ်နေတာကိုး ...

ကျွန်တော် နောက်ဆုံးနှစ်မှာပဲ ဒီခြံအလုပ်ကို ဦးစီးနေတဲ့ ကျွန်တော့်အဖေက ဆုံးသွားတယ်လေ။ အဲဒီတော့ ကျွန်တော်က ဒီအလုပ်ကို မလုပ်မဖြစ် ဆက်လုပ်ခဲ့ရတဲ့သဘောပေါ့"

"သြော် ... ရှင်က မလုပ်ချင်ဘဲနဲ့ လုပ်ခဲ့ရတာပေါ့"

"အဲဒီလိုတော့လည်း မဟုတ်ပါဘူး။ ဘဝက ဒီထဲမှာပဲ နစ်မြုပ်သွားသလို ဖြစ်သွားတာပေါ့။ ကိုယ့်ကိုယ်ကိုယ် ခြံသမားတစ်ယောက်လို့ ယူဆလိုက်တော့လည်း ခြံသမားပုံစံပဲ ပေါက်သွားတော့တာပဲ ...





တချို့ဆို ခြံအလုပ်သမားထင်ပြီး ကျွန်တော့်ထော်လာဂျီကို မစီးချင်ခဲ့တဲ့သူတောင် ရှိခဲ့ဖူးတယ်"

သူမက ဒီတစ်ခါတော့ သူ့စကားကို ဟက်ဟက်ပက်ပက်ကြီးကို ရယ်မောလေသည်။ စိတ်ဆိုးသွားမည် ထင်ထားသမျှ သဘောတကျ ရယ်မောနေသော သူမကိုကြည့်ကာ သူက အံ့သြနေရသည်။

ဒီမိန်းကလေးဟာ ထူးဆန်း အံ့သြဖွယ်ကောင်းတဲ့ အခုံခင်ပဲ။ ခုလိုကျတော့လည်း သဘောထား ကြီးနေလိုက်တာ။

ဘာကြောင့်များ ကံကြမ္မာက သူမနှင့် အဆင်မပြေအောင် ဖန်တီးပေးထားခဲ့တာပါလိမ့်။

"ရှင်က အဲဒါကို စိတ်နာနေတုန်းလား။ အဲဒီတုန်းက ကျွန်မ တော်တော်ဒေါသထွက်နေခဲ့တာရှင့်။ ကျွန်မ စီးလာတဲ့ကားက ပန်ကာကြိုးပြတ်သွားလို့ ပေတရာကနေ လမ်းလျှောက်ခဲ့ရတာ ...

ရှင့်ထော်လာဂျီကို စီးရအောင်ကလည်း ပေပွနေတဲ့ဟာ၊ ကျွန်မအောင်းဘီက အဖြူဝတ်ထားတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားသာ လိုက်မယ်ဆိုရင် ကျွန်တော်က အဆင်ပြေအောင် စီစဉ်ပေးမလို့ပါ။ ကျွန်တော်ဖတ်ဖို့ ဝယ်လာတဲ့ ဘောလုံးဂျာနယ် ရှိသားပဲ ...

အဲဒါကို ခင်းပေးမှာပေါ့"

သူ့အပြောကို သူမက မျက်လုံးပြူးကာ ပခုံးတွန့်ပြသည်။

ပြုမူလိုက်သော ပုံစံတိုင်းဟာ နှမြောင့်သွက်လက်နေလျက် အဆင့်မြင့်စွာ ချောမောသော ဒီမိန်းကလေးဟာ ဒီလို တောထဲခြံထဲ ယာထဲမှာ တစ်သက်လုံး နေနိုင်ပါ့မလား။

ဒီလိုတွေးလိုက်တော့ သူ့ရင်ထဲ မောသွားသည်။

"အခု ခင်ဗျား ကျွန်တော့်ကို စိတ်မဆိုးတော့ဘူးပေါ့နော်"

"ဘာကိုလဲ"

"အရင်က ပြဿနာတွေကိုပေါ့၊ အထူးသဖြင့် ဖျားတုပ်ခံရတဲ့ ကိစ္စကိုပေါ့"

အဲဒီလို ပြောလိုက်တော့ သူမ မျက်နှာက ပြုံးယောင်ယောင်လေး ဖြစ်သွားသည်။





"အဲဒီတုန်းက ကျွန်မက သိပ်အတုပ်မခံရဘူးရှင့်၊ ရေထဲခုန်ချလိုက်တာ၊ ဖျားတော့ ဖျားသွားတာပေါ့။ အထိဆုံးက နေခြည်ပဲ"

"ခင်ဗျား ကျွန်တော့်ကို တော်တော်မုန်းခဲ့မှာပဲနော်"

ဒါကိုတော့ သူမက မဖြေဘဲ နှုတ်ခမ်းလေးတွန့်ရုံ ပြုံးနေလျှင် သူက ထိုပုံစံကို အတော်အသည်းယားသွားလေသည်။

သူ့ကို မကြည့်ဘဲ မြေပြင်တစ်နေရာကို စိုက်ကြည့်ကာ ပြုံးနေသော သူမရဲ့မျက်နှာကို သူကလည်း တစိမ့်စိမ့်ပဲ စိုက်လို့ကြည့်မိသည်။ သူကြည့်နေသည်မှာ ဘယ်လောက်တောင် ကြာသွားလဲတော့ မပြောတတ်ပေ။

ရုတ်ခနဲ သစ်ကိုင်းမြည်သံကြားမှ သူက မော့ကြည့်လိုက်လျှင် သူတို့နှစ်ယောက်ကို လက်ပိုက်ကာ ရှုတည်တည်ကြည့်နေသော ချာန်ရဲ့ကို တွေ့လိုက်ရသည်။

"ဩော် ... ကိုချာန်ရဲ့၊ လာလေ"

ချာန်ရဲက သူ့ကို တစ်ချက်မျှသာကြည့်ကာ သူမဘက်သို့လှည့်လျက် ...



www.burmeseclassic.com

www.burmeseclassic.com



"မေလေးက ဒီဘက်ကို ရောက်နေတာကိုး။ ခြံကိုသွားရင် ကိုယ့်ကိုပြောပါ ဆိုတဲ့ဟာကို ဘာလို့ ပြောမသွားရတာလဲ"

ဈာန်ရဲ့ ဆူသလို အလိုမကျသလို အပြောကို သူမက ဘာမှပြန်မပြောပေ။ သူကသာ မနေနိုင်သဖြင့် ...

"ထိုင်ပါဦး ကိုဈာန်ရဲ။ လက်ဖက်ရည်ကြမ်းလေး သောက်ပါဦး"

"ရတယ် ကိုခြူးမင်း။ ကျွန်တော် ကိစ္စလေးရှိလို့ မေလေးကို လာခေါ်တာပါ"

သူက သူမကို လှည့်ကြည့်လိုက်လျှင် သူမက ကွပ်ပျစ်ပေါ်မှဆင်းကာ သူ့ကိုလှည့်၍ နှုတ်ဆက်သည်။

"ခွင့်ပြုဦး။ နောက်တော့ တွေ့ကြတာပေါ့"

သူမရဲ့ နှုတ်ဆက်သံနှင့်အတူ နေခြည်ကပါ ရောက်လို့လာလေသည်။

"သြော် ... ကိုဈာန် လိုက်လာတာကိုး။ သွားတော့မလို့လား မေ"





သူမက နေခြည့်ကို ခေါင်းညိတ်ပြရင်းမှ သူ့ကိုတစ်ချက်လှမ်းကြည့်သည်။ သူမရဲ့ မျက်ဝန်းများနှင့် အကြည့်ဆုံသောနှလုံးသားတစ်ခုလုံးသည် အစမှ နွေးထွေးသွားကာ နှုတ်ဆက်ခြင်းကလည်း ပြီးပြည့်စုံသွားသလို ခံစားရစေသည်။ ဒါပေမဲ့ အနားမှာမရှိတော့ပြန်ဘူးဆိုသော အဖြစ်ကလည်း သူ့ရင်ကို မောလျှလွှမ်းဆွတ်စေပြန်ပါသည်။

သေချာတယ် တော်ဦးမေ ဆိုတဲ့ မိန်းမချောရယ်၊ ခင်းကို ပထမတစ်ခါမှာ ချစ်ခဲ့ဖူးတဲ့ အချစ်ထက်ကို သာလွန်မြင့်မြတ်စွာ ချစ်နေမိပြီ ဆိုတာကိုပေါ့။



www.burmeseclassic.com

www.burmeseclassic.com



မေသည် ကိုချာန် ဘာမေးမယ် ဆိုတာကို ကြိုသိထားသော်လည်း တကယ်တမ်း မေးလာသည့်အ[illegible]မှာ ဖြေဖို့စကားလုံးကို ရှာမတွေ့ပေ။ အဲဒီကောင်းဘွိုင် (မေ့စိတ်ထဲက တိတ်တိတ်လေး ခေါ်သောနာမည်)နှင့် ပတ်သက်၍ ခမ့်ရင်ထဲမှာ တစ်စုံတစ်ခု ရှိနေခဲ့သည် ဆိုပါစို့။ အဲဒါဟာ ဘာလဲ မေ ကိုယ်တိုင်ပင်လျှင် မရေရာပါ။

"မေလေး ... ကိုယ်နဲ့ ရန်ကုန်ကို ပြန်လိုက်ခဲ့ပါ"

တကယ်တမ်း ပြောလာတာက တစ်ခွန်းတည်းပင် အဲဒီမေးခွန်းအတွက်တော့ မေ့မှာ အဖြေအဆင်သင့် ရှိလေသည်။

"မေ မလိုက်ချင်ဘူး ကိုချာန်"

"ဘာကြောင့်လဲ မေလေး"

ကိုချာန်ရဲ့အသံက အတတ်နိုင်ဆုံး စိတ်လျှော့ထားသောအသံမျိုးဖြစ်သည်။





"ဘာကြောင့်လဲဆိုတာ မေးဖို့မလိုတဲ့ မေးခွန်းပါ ကိုချာန်။ မေ ဒီကိုရောက်လာတာ့ ဒီက စိုက်ပျိုးရေးခြံတွေ စမ်းသပ်စိုက်ပျိုးမယ့်အပင်တွေအတွက်ပါ။ ဒါတွေ ဘာတစ်ခုမှ အထမမြောက်လာသေးဘဲနဲ့ မေက ရန်ကုန်ကို ဘာကြောင့် ပြန်ရမှာလဲ ...

ကိုချာန်ပဲ သေချာစဉ်းစားကြည့်ပါဦး"

ကိုချာန်က မေ့ကို မျက်ခုံးတစ်ချက်ရှုံ့ကာ လှည့်ကြည့်သည်။ ကိုချာန့်ပုံစံသည် တစ်ခုခုကို ပြောချင်နေသော ချိတုံချတုံပုံစံမျိုး ဖြစ်နေသည် ဆိုတာကိုလည်း မေက သိလေသည်။

"ဒါပေမဲ့ ဒီနေရာက မေ့အတွက် မကောင်းတော့ဘူးလေ"

"ဘယ်လိုမကောင်းတာလဲ ကိုချာန်။ ဒါက အခန့်မသင့်လို့ ဖြစ်သွားတဲ့ကိစ္စပါ"

"ဒီမှာ မေလေး။ ကိုယ် ပွင့်ပွင့်လင်းလင်းပဲ ပြောတော့မယ်။ ကိုယ် မိဘတွေကို ဖွင့်ပြောပြီး မေလေးနဲ့ လက်ထပ်ဖို့ စီစဉ်တော့မယ်။ လက်ထပ်ပြီးရင်လည်း ဒီလိုခွဲနေဖို့ဆိုတာ မဖြစ်နိုင်တော့ဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



မေသည် ကိုဈာန့်ရဲ့ ဘောင်ကျော်စကားတွေကို ဖြည်းဖြည်းချင်း ခေါင်းယမ်းလိုက်ကာ ...

"ဒါက ကိုဈာန့်ရဲ့ တစ်ဖက်သတ် အတွေးပါ။ မေမှ ကိုဈာန့်ကို လက်ထပ်ဖို့ ခေါင်းမညိတ်ထားခဲ့ပဲ"

"ဒါက မေလေးကို ကိုယ်က နားလည်မှုပေးခဲ့တဲ့ သဘောပါ။ မေလေးရဲ့ မိဘတွေဆန္ဒက ဘယ်လိုရှိလဲ မေလေး အသိဆုံးပဲလေ။ တစ်နေ့မှာ ကိုယ်နဲ့ မေလေးတို့ဟာ လက်ထပ်ကြမယ့်သူတွေဆိုတာ အားလုံး သိနေကြတာပဲ"

မေသည် စိတ်ရှုပ်လာလျှင် လုပ်နေကျပုံစံအတိုင်း လက်ကိုတင်းတင်းပိုက်ကာ နှုတ်ခမ်းစေ့ပြီး ငြိမ်သက်နေမိသည်။ ဖွင့်မပြောပေမယ့် ကိုဈာန် ဘာကြောင့် လက်ထပ်ဖို့ အသည်းအသန် ဖြစ်နေသည်ဆိုတာ မေ သိသည်။ ဒါဆို မေကရော ဒီမြို့ကထွက်ခွာဖို့အရေးမှာ ဘာကြောင့် တွန့်ဆုတ်ကြောက်လန့်နေရသလဲ။ မေ မခွဲနိုင်တာ အပင်တွေကိုပဲလား။ ဒါမှမဟုတ် ... ?။

"လူတစ်ယောက်မှာ တဒင်္ဂရူးသွပ်မှုဆိုတာ ရှိတတ်ကြတယ် မေလေး။ အဲဒါကို ကိုယ် နားလည်တယ်။ ခွင့်လည်း ခွင့်လွှတ်နိုင်တယ် ...



ဒါပေမဲ့ အဲဒီရူးသွပ်မှုကို တစ်သက်တာလုံးအတွက် ဖက်တွယ်ထားမယ် ဆိုရင်တော့ ဒါဟာ မိုက်မဲမှု ဖြစ်သွားပြီ ...

မိုက်မဲမှုကိုတော့ ခွင့်လွှတ်နိုင်စရာအကြောင်း မရှိတော့ဘူး"

ကိုဈာန့်ရဲ့ စကားအဆုံးတွင် မေက ကိုဈာန့်ကို မျက်ခနဲ မော့ကြည့်မိသည်။ အဲဒီစကားသည် ငြိမ်သက်နေသော မေ့ရဲ့သွေးတို့ကို ပူပြင်းတောက်လောင်သွားအောင် မီးတိုက်ပေးလိုက်သကဲ့သို့ရှိ၏။

"မေလေးဟာ မိုက်မဲတဲ့ မိန်းမတစ်ယောက် ဖြစ်မှာမဟုတ်ဘူးလို့ ကိုယ် ယုံကြည်တယ်။ မေလေး ကိုယ်နဲ့ ရန်ကုန်ကို ပြန်လိုက်ခဲ့ပါ"

ကိုဈာန်က နောက်ဆုံးစကားကို မေရဲ့လက်မဝါးတစ်ဖက်အား ဖျစ်ညှစ်ဆုပ်ကိုင်ရင်း ပြောကြားလိုက်တာဖြစ်သည်။ ကိုဈာန် ဆုပ်ကိုင်လိုက်သော လက်တစ်ဖက်သည် နွေးထွေးမှု ကင်းမဲ့စွာ အေးစက်ချောက်ချားနေသည် ဆိုတာကိုတော့ ကိုဈာန် ပဲ အသိဆုံးဖြစ်မည်။

www.burmeseclassic.com

www.burmeseclassic.com



မေသည် လက်တစ်ဖက် ဆုပ်ကိုင်ခြင်း ခံရထားဆဲ တစ်ကိုယ်လုံး သိမ်းဖက်ခြင်း ခံထားရသည့်အလား အသက်ရှူ ကျပ်စွာ မွန်းဟိုက်၍ လာသည်။ ဒီအချိန်မှာ မေ တမ်းတမိတာသည် တောင်ယာမီးနီးတလူလူလွင့်နေသော၊ ထင်းရှူးရနံ့နှင့် နှင်းရနံ့ ရောစပ်သင်းပျံ့နေသော၊ ရှမ်းရိုးမတောင်တန်းကြီးတွေ အနားကွပ်ထားသည့် ဝါးကွပ်ပျစ်လေးရှိသော လိမ္မော်ခြံငယ်လေး ကိုသာဖြစ်သည်။





၁၂

သူသည် စိတ်ထဲမှာရှိသော အတွေးတို့ကို ပိုက်ထား ...င်းမှ အကြံအစည်တို့ကို အကောင်အထည်ဖော်သင့် မဖော်သင့် ...ှုံးစားနေမိသည်။ ဒီနေ့ဟာ သူ့မွေးနေ့ဖြစ်သည့်အတွက် ခြံထဲ ...ာ မီးပုံပွဲလေးကျင်းပကာ အလုပ်သမားတွေကို ဘာဘီကျူးနှင့် ...ခါင်ရည်တိုက်မှာမို့ အဲဒီပွဲသို့ သူမကို ဖိတ်ချင်တာဖြစ်သည်။

သို့သော် တစ်နေ့က အဖြစ်အပျက်ကလည်း သူ့ ...က်လုံးထဲမှ မထွက်ပေ။ ကိုဈာန်ရဲက သူ့ကိုသာမက သူမကိုပါ ...ပ်တည်တည် ဆက်ဆံသွားပုံကို မြင်ရလျှင် သူမအတွက် ရင်ထဲ ...ာ တကယ်ပဲ စိုးရိမ်ရပါသည်။ သူ့နှလုံးသားဟာ ပိုင်ရှင်ရှိသူ ...လေးကိုမှ ချစ်မိသွားခဲ့တာလား။ သူ့နားထဲတွင် အဲဒီနေ့က ...ခေါင်ထွေး ပြောပြသော စကားတို့ကို ပြန်ကြားယောင်၍လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"မတော်ဦးမေက "ကိုချာန်ရဲရဲ့ သတို့သမီးလောင်း တချို့က ပြောကြတယ် ကိုခြုံးရ ...

ကိုချာန်ရဲတို့က အရမ်းချမ်းသာတယ်တဲ့။ ရိုးမသ လုပ်ငန်းတွေကိုပိုင်တာ ကိုချာန်ရဲတို့တဲ့။ မတော်ဦးမေ လည်း အဲဒီအသိုင်းအဝန်းထဲကို ဝင်မယ့်သူမို့ ဒီကလုပ်ငန်း တွေ၊ ခြံတွေကို လာဦးစီး ကွပ်ကဲနေတာတဲ့"

"မင်းက ဒါတွေ ဘယ်က သိလာရတာလဲ"

"ကျွန်တော့်ဘော်ဒါတစ်ကောင်က မြို့ထဲက မတော်ဦး တို့ရုံးမှာ လုပ်တာလေ၊ သူက ပြောပြတာပါ။ ဒါကလည်း အကြောင်းရှိလို့ပါ။ မတော်ဦးမေတို့ ရုံးကို ဟဲလ်မက် ဦးထုပ်တွေ ဆောင်းပြီး ရောက်လာတာကို ဟားကြတာ နေ ပြောပြတာပါ"

အဲဒီတုန်းက သူသည် သက်ပြင်းတစ်ချက်ရှိုက်ကာ

"သူတို့က ချစ်သူတွေလား"

"အဲဒီလိုတော့ မပြောဘူး။ ဒါပေမဲ့ လက်ထပ်ကြမယ့်သူ တွေ ဆိုတဲ့စကားက ချစ်သူတွေထက် နိုင်မာနေတယ် မဟုတ်လား"





သူက အဲဒီစကား၌ ခေါင်းငိုက်စိုက်လို့ ကျသွားခဲ့သည်။ ဒါပေမဲ့ သူ့ရင်ထဲမှာ သူမကို ဘယ်လိုမှ မထုတ်နိုင်ခဲ့ချေ။ ဘာကြောင့်များ သူမကို ဒီလောက်ထိ သိပ်ချစ်မိသွားသလဲတော့ မပြောတတ်ပါ။ သေချာတာတော့ တော်ဦးမေ ဆိုသော မိန်းက လေးဟာ ကြာလေ ကြာလေ ပို၍ချစ်တတ်လာအောင် ဖွမ်းစေနိုင် လာတယ် ဆိုတာကတော့ သေချာလေသည်။

သူသည် အတွေးများနှင့်အတူ ခြေလှမ်းများက သူမတို့ခြံရှေ့သို့ ဘယ်လိုရောက်သွားမှန်းကို မသိပေ။ သူမကို ခြံထဲမှာ လမ်းလျှောက်နေတာနှင့် ကြုံသည်။ ဆွဲယ်တာအကျပ် အနီရဲရဲကို အသားရောင်ဘောင်းဘီအရှည်ဖြင့် တွဲဖက်ဝတ်စားထား လျက် ခြံထဲက အပင်ငယ်တွေကို လိုက်လံကြည့်ရှုနေသော သူမ မှာ သူ့ကို မမြင်သေးပါ။ သူ့ကိုမမြင်သေးသော သူမတစ်ယောက် တည်း လှုပ်ရှားနေထိုင်ပုံလေးကို သူက မြင်ကွင်းထဲမှာ စွဲသွား အောင် ငေးမောနေမိသည်။ သို့သော် ဘယ်အရာက သူမကို တပ် လှန့်နှိုးဆော်လိုက်သလဲတော့ မပြောတတ်ပါ။ သူမက ခြံတံခါး ရှိရာဘက်သို့ ဖျတ်ခနဲလှည့်ကြည့်လာလျှင် သူ့ကို တွေ့မြင်လို့ သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့မှ သူက ပြုံးပြရမလို ရယ်ပြရမလို မျက်နှာဖြင့် ခေါင်းညိတ်ကာ လက်တစ်ဖက် ထောင်ပြလိုက်လျှင် သူမက ခြံတံခါးရှိရာသို့ လျှောက်လာသည်။

"ကိုခြူးမင်းပါလား၊ ဝင်လေ"

သူမက ခြံတံခါးကို ဖွင့်လိုက်သော်လည်း သူက အထဲသို့မဝင်မိ။ သူမက တံခါးကိုဖွင့်ကာ ခြံပြင်သို့ ခြေနှစ်လှမ်း စာလောက် ထွက်လာခဲ့သည်။

"ဘာကိစ္စများလဲ ကိုခြူးမင်း"

သူ့ပုံစံကပဲ သူမကို တစ်ခုခု ပြောဖို့ရာ သိပ်သိသာနေသလား၊ ဒါမှမဟုတ် သူမကပဲ လူကဲခတ် တော်လွန်းတာလားတော့ မပြောတတ်ချေ။ သူကတော့ ရူးစမ်းရိပ်လေးနှင့် ပြည့်နေသော သူမ မျက်နှာလေးကို မျက်လုံးတစ်ချက် လှန်ကြည့်ကာ ...

"ဟိုလေ ... ဒီနေ့က ကျွန်တော့်ဘတ်ဒေးပါ။ အဲဒါညပိုင်းလောက်ကျရင် ခြံထဲမှာ ဘာဘီကျူး လုပ်စားကြမှာမို့ အဲဒါ တော်ဦးမေနဲ့ နေခြည့်ကို လာဖိတ်တာပါ၊ လာနိုင်မလား မသိဘူး"

"သြော် ... လူဘယ်နှယောက်လောက်များ ဖိတ်ထားတာလဲ"





"ဘယ်နှယောက်မှ ဖိတ်မထားပါဘူး။ ကျွန်တော့်ခြံက ကောင်လေးတွေပဲ ရှိတာပါ။ ခြောက်နာရီခွဲလောက်တည်းက စ,မှာပေါ့ ..."

ဟို ... တော်ဦးမေ အတွက် အပန်းကြီးမယ် ဆိုရင်လည်း ..."

သူ့စကားပင် မဆုံးသေး သူမက လှပစွာပြုံးလျက်သက်ကာပြကာ ...

"ဘာလို့ အပန်းကြီးရမှာလဲ။ ခြံကူးလာရုံပဲဟာ၊ ကျွန်မတို့ ရောက်လာပါ့မယ်"

"ဟုတ် ... ကျေးဇူးပဲ။ ဟို ... တစ်ခုလောက် မေးလို့ရမလား မသိဘူး"

သူ့အဖြေကို သူမက ဘာပါလိမ့်ဟူသော သဘောဖြင့် မျက်လုံးပြူးကာ ခေါင်းငဲ့ပြသည်။

"ကျွန်တော့်ဆီမှာ ရှိနေတဲ့ တော်ဦးမေရဲ့ ပဝါလေးလေ၊ အဲဒါ လျှော်ဖွပ်ပြီးပါပြီ၊ ဟို ... အဲဒါလေးကိုများ ပြန်ပေးဖို့ လိုမလားလို့ပါ"

သူမမျက်နှာက တစ်မျိုးလေး ဖြစ်သွားရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်"

ရပါတယ်ဟု ပြောရင်းမှ သူ့ကို ကြည့်လိုက်သော အကြည့်လေးမှာ ရှင့်ဆီမှာပဲ သိမ်းထားလိုက်ပါတော့ ဟူသော အဓိပ္ပာယ်များ ပျော်ဝင်နေသည့် အကြည့်မျိုး ဖြစ်သည်။ သူသည် အဲဒီအကြည့်လေးနှင့် တွေ့ဆုံသွားပြီးနောက် နှစ်ဦးသားမှာ စကား ဆက်မဆိုဖြစ်ကြတော့ပဲ ငြိမ်သက်နေမိကြလေသည်။

ခဏကြာမှ သူက ...

"ကျွန်တော် သွားတော့မယ်နော်"

သူမက ခြံဝင်းတံခါးက အစွန်းလေးကို ဆုပ်ကိုင် ရင်းမှ သူ့ကိုပြုံးကာ ခေါင်းညိတ်ပြသည်။ ပြီးမှ နှစ်ကိုယ်ကြား လေသံလေးဖြင့် ချိုမြိန်စွာ နှုတ်ဆက်ပါသည်။

"See you tonight"

ဒီည တွေ့ကြမယ်တဲ့ ...။ ဒီနေ့ညတော့ အပြင်မှာ လ,သာသာ မသာသာ သူ့ခြံထဲမှာတော့ လလေးတစ်စင်း သာ လိမ့်မည်။





မေသည် မွေးနေ့လက်ဆောင် ပါကင်ထုပ်လေးကို စနစ်တကျ ပါကင်ပိတ်ပြီးသွားသောအခါ ကျေနပ်စိတ်ဖြင့် တဒင်္ဂ မျှ ငေးကြည့်နေမိသည်။ မျက်လုံးထဲတွင် ကောင်းဘွိုင်ရဲ့ ရုပ်တည် ပုံစံကို မြင်ယောင်လာကာ အထဲမှာပါသော GIORDANO ဂျင်း ဦးထုပ်လေးနဲ့ ဆိုရင်တော့ ပို၍နုပျိုသွားမည်ဟု တွေးမိနေတာဖြစ် သည်။ သူ့အတွက် မေ့ရဲ့မွေးနေ့လက်ဆောင်မှာ GIORDANO ဦးထုပ်လေးတစ်လုံးဖြစ်သည်။

"မေ ပြီးပြီလား။ ပြီးရင် သွားရအောင်"

နေခြည့် အသံကို ကြားလျှင် မေက ပြီးပြီဟု ဆို ကာ ပါဆယ်ထုပ်ကိုယူ၍ မတ်တတ်ထရပ်လိုက်သည်။ နေခြည်က မေ့လက်ထဲကအထုပ်ကို ငဲ့ကြည့်ကာ မသိမသာ ပြုံးတာကို မသိ ချင်ဟန်ဆောင်ကာ နေလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနောက် မေနဲ့ နေခြည်ဦးသည် သူရှိသော တန်ဖက်ခြံသို့ ရောက်လာခဲ့ကြသည်။ မွေးနေ့ပွဲမှာ သူ ပြောသလိုပင် အပြင်လူများ တစ်ယောက်မှ ပါဝင်ခြင်းမရှိပါ။ ခြံထောင့်ရှိ နင်ကွက်လပ်ကျယ်မှာ မီးဖိုတစ်ဖို ဖိုထားကာ အသားကင်ဖို့ စင်တစ်ခုကို ချထားသည်။ မလှမ်းမကမ်းမှာက ချေတစ်ကောင်ကို တစ်ကောင်လုံးလိုက် ကင်ထားလျှင် မေက မျက်လုံးပြူးကာသွားသည်။

အဲဒီ ချေကောင်ကို စိုက်ကြည့်နေတာနှင့် သူ အနားရောက်လာတာတောင် မသိလိုက်ချေ။

"တော်ဦးမေက ချေတစ်ကောင်လုံး ကင်ထားတာကိုကြည့်ပြီး အံ့သြနေတာလား"

မေသည် နောက်ပါးဆီက အသံကြောင့် အဲဒီတော့မှ သူ ရောက်လာမှန်းသိကာ နောက်သို့ လှည့်ကြည့်မိသည်။ သူက အနက်ရောင်ဆွယ်တာ လည်ထောင်ကို နက်ပြာရောင်ဂျင်းဘောင်းဘီဖြင့် တွဲဖက်ဝတ်ဆင်ထားကာ ထူးထူးခြားခြားအနေဖြင့် လည်ပင်းမှာ အဖြူရောင်မာဖလာတစ်ထည်ကို ပတ်ထားသဖြင့် ကြည့်ကောင်းနေတာကို မေက သတိပြုမိသည်။





"အင်း ... ဟုတ်တယ်။ ရှင် ပစ်ထားတာလား"

မေ့အပြောကို သူက တဟားဟား ရယ်မောကာ ...

"ကျွန်တော် အဲဒီလောက် မတော်ပါဘူး။ ကျွန်တော့်မိတ်ဆွေတစ်ယောက်က မွေးနေ့လက်ဆောင်အဖြစ် ပစ်ပေးထားတာပါ ...

ကျွန်တော့်ကောင်လေးတွေက ကြက်သားကင်၊ ဆိတ်သားကင်လောက်နဲ့ အာသာမပြေကြဘူးဗျ။ ပြီးတော့ ဒီဘက်မှာက ပုစွန်တွေ ဂဏန်းတွေ သိပ်မရှိတော့ အကင်စားရတာ သိပ်မပြည့်စုံဘူး ...

တော်ဦးမေကို အားတော့နာတယ်"

"ရပါတယ်။ ချေသားက အဲဒီထက် စိတ်ဝင်စားဖို့ ကောင်းတာပဲဟာ"

မေ့အပြောကို သူက အပြုံးနွေးနွေး တစ်ချက်ဖြင့် စိုက်ကြည့်လို့လာလျှင် မေ့ရင်ထဲမှာ တစ်မျိုးဖြစ်သွားရသည်။ အဲဒီ အဓိပ္ပာယ်ကို မေ မသိပါ။ သို့သော် ကြည်နူးဖို့ကောင်းသည် ဆိုတာကိုတော့ မေ နားလည်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... ဒီမှာ ရှင့်အတွက် ဘတ်ဒေးပရဲဆင်"

"ဟာ ... အားနာစရာကြီးဗျာ၊ အဲဒီလောက် မလိုပါဘူး"

သူက ပါးစပ်ကသာ အဲဒီလို ပြောလိုက်သော်လည်း သူ့အတွက် မွေးနေ့လက်ဆောင်ဟူသော အပြုအမူကို ဝမ်းသာကျေနပ်သွားဟန်တွေ မေ တွေ့လိုက်ရလေသည်။ မေ ကမ်းပေးလိုက်သော ပါဆယ်ထုပ်ကို သူက တမြတ်တနိုး လှမ်းယူကာ –

"ကျေးဇူးအများကြီး တင်ပါတယ်"

ဟု ပြောသည်။

မေက ခပ်ပြုံးပြုံးဖြင့် ...

"မိန်းကလေးတွေကတော့ အသက်မေးရင် စိတ်ဆိုးကြတယ်တဲ့၊ ယောကျ်ားလေးတွေကတော့ အသက်မေးရင် စိတ်ဆိုးဘူး ထင်ပါတယ်နော်"

မေ့စကားကို သူက သဘောကျစွာ ရယ်မောပါသည်။ ပြီးတော့မှ သူ့အဓိပ္ပာယ်နဲ့သူ ပြုံးကာ ...

"ကျွန်တော်လား၊ ကျွန်တော်က ကောင်းကောင်းလူလားမမြောက်သေးတဲ့ အရွယ်ဆိုပါတော့"





"အဲဒါ ဘာအဓိပ္ပာယ်လဲ"

"သြော် ... လူတစ်ယောက်ရဲ့ဘဝမှာ အချိန်တန် အရွယ်ရောက်လာရင် သဘာဝတရားကပေးတဲ့ လက်ဆောင်တွေကို ရလေ့ရှိကြတယ် ...

ကျွန်တော့်အရွယ်ဆိုရင် ချစ်သူတစ်ယောက်လောက်တော့ အနည်းဆုံး ရှိသင့်တဲ့ အရွယ်ပေါ့နော်။ ဒါပေမဲ့ မရှိသေးဘူးဆိုတော့ လူလားမမြောက်သေးတဲ့ အရွယ်လို့ ပြောရမှာပေါ့။ ဒါကြောင့် အသက်က ငယ်ငယ်လေးပဲ ရှိသေးတယ်"

သူ့အပြောကို သူမက နှုတ်ခမ်းလေးကိုဝိုင်းကာ မျက်စောင်းချိုချိုလေး ထိုးပါသည်။ အင်မတန် ချိုမြိန်သော မျက်စောင်းလေး ဖြစ်သော်ငြား သူ့ရင်ခွင်ထဲသို့ ထုတ်ချင်းစိုက် ဝင်လိုသွားသည်။ အအေးဒဏ်ကို လက်နှစ်ဖက်ပိုက်ကာ ခံနေသော သူမကို သူက စောင်းငဲ့ကြည့်ကာ မေးခွန်းတစ်ခုကို အရဲစွန့်၍ ထပ်မေးလိုက်သည်။

"တော်ဦးမေရော လူလားမြောက်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါတော့ သူမက ပခုံးကို တစ်ချက်တွန့်ကာ ဟက်ခနဲ ရယ်လေသည်။ ပြီးတော့ ဘာမှမဆိုင်ဘူးဟု တိုးတိုး ရေရွတ်သည်။ သူက အဲဒီမျက်နှာလေးကို မချင့်မရဲ စိုက်ကြည့်လျက်သားမှ ...

"ဟင်လို့ ... တော်ဦးမေ"

သူ့ရဲ့ သိချင်စိတ် အင်မတန်ပြင်းပြနေသော လေသံကို သူမက နားဝင်ချိုမှုနေသည့်အလား မြေပြင်သို့ စိုက်ကြည့်ကာ နားထောင်နေသည်။ ပြီးတော့မှ ခေါင်းကို ဖြည်းဖြည်းချင်း မော့လာကာ ...

"ကျွန်မကို လူလားမြောက်စေတဲ့သူရှိရင် အဲဒီလူရဲ့အနားက ခွဲပြီး ကျွန်မ ဒီကို ရောက်လာစရာ အကြောင်းမရှိပါဘူး"

သူမရဲ့ အေးဆေးသော အပြောက သူ့နှလုံးသားတစ်ခုလုံးရဲ့ လှုပ်ရှားမှုအားလုံးကို ရပ်တန့်သွားစေသလို ခံစားသွားရစေပါသည်။ သူမ ဖြေသွားသော အဖြေရဲ့ အဓိပ္ပာယ်က သူမေးတာထက် ပိုပြီးဖြေပေးသွားသော အဖြေမျိုးဖြစ်သည်။ သူသည်





မီးရောင်ဟပ်နေသော အဝါရောင် အနီရောင် ရောစပ်နေသည့် မျက်နှာလေးကို ငေးကာ ချစ်စိတ်တို့က ရင်ထဲမှာ ပြည့်လျှံ၍လာသည်။

ခင်ဗျားကို သိပ်ချစ်တာပဲ တော်ဦးမေရယ် ဟူသော စကားထွက်မသွားစေရန် သူ့နှုတ်ခမ်းကို တင်းကျပ်စွာ ပိတ်ထားရလေသည်။ အဲဒီစကားအစား တခြားစကားတစ်ခုကို လမ်းကြောင်းလွှဲလိုက်ရသည်။

"တော်ဦးမေ ... ပျော်ရဲ့လား"

သူမက ပြုံးကာ ခေါင်းညိတ်ပြသည်။ သူက မီးဖိုနှင့် မလှမ်းမကမ်းမှာရှိသော တန်းလျားလေး၌ ဝင်ထိုင်ရင်းမှ သူမကိုပါ ထိုင်ဖို့ခေါ်လိုက်လျှင် သူမက အသာတကြည်ဘဲ လာထိုင်ပါသည်။

"ကျွန်တော် တစ်ခုစဉ်းစားကြည့်မိတယ် တော်ဦးမေ။ ကျွန်တော်နဲ့ တော်ဦးမေ တွေ့စက ဘာလို့အဆင်မပြေ ဖြစ်ခဲ့ကြတာလဲ မသိဘူးနော်"

သူ့အပြောကို သူမက ပြန်မဖြေပေ။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဆိုလိုတာက ကျွန်တော်ကပဲ လွန်ခဲ့လို့လား၊ တော်ဦးမေကပဲ လွန်ခဲ့လို့လား၊ ဒါမှမဟုတ် တစ်ယောက်ယောက်ကပဲ"

သူ့အပြောမဆုံးခင် သူမက လက်ကာပြကာ -

"အဲဒါတွေကို မတွေးနဲ့တော့ ကိုခြူးမင်း။ ပြီးခဲ့တာတွေကို ပြန်တွေးနေမယ့်အစား ရှေ့ဆက် အဆင်ပြေဖို့က အရေးကြီးတာပါ"

"ဒါဆို ကျွန်တော်တို့ အဆင်ပြေသွားတာက ကံတရားက ကူညီလို့ပေါ့နော်"

"အင်း ... အဲဒါလည်း မမှားဘူး"

သူမက သူ့ကိုမကြည့်ဘဲ ပြုံးရင်းဖြေသည်။ သူသည် အဲဒီမျက်နှာလေးကို အားတစေင်းငေးကာ နေရင်းမှ ကင်ထားသော ချောကောင်လိုပဲ သူလည်းပဲ အချစ်မီးတောက်တွေကြားမှာ လောင်ကျွမ်းနေရပြီဟု နားလည်လိုက်သည်။

"တော်ဦးမေ"

"အင်း ... ပြော"





"ဟို ... ဟိုလေ ... ဘယ်လိုမှတော့ မအောက်မေ့ပါနဲ့နော်၊ ကျွန်တော်မေးတာကို စိတ်မဆိုးပါနဲ့"

သူမက သူ့ကို ရယ်ချင်သော မျက်နှာဖြင့် လှည့်ကြည့်လာကာ ခေါင်းညိတ်ပြသည်။

"ဟိုလေ ... တော်ဦးမေ။ ဟို GIORDANO နီညိုရောင် ရှပ်အင်္ကျီလေးကို ဘာလုပ်လိုက်လဲဟင်"

သူမက ဟင်းဆိုသော မသဲကွဲ မပီသသော ရေရွတ်သံနှင့်အတူ တစ်ဖက်သို့ မျက်နှာလွှဲသွားသည်။ သူက ဒီအခြေအနေဆိုလျှင် မဆိုးဟု မှတ်ယူ၍ ...

"ကျွန်တော် အကောင်းမေးတာပါ။ ဘာလုပ်လိုက်လဲ၊ လွှင့်ပစ်လိုက်လား"

"အိုး ... လွှင့်မပစ်ပါဘူး"

"ဒါဆို ..."

"ဒီလိုပဲ ရှိနေတာပေါ့ရှင့်။ ဘာလုပ်လို့ ရမှာလဲ၊ ဝတ်လို့မှ မရတော့တာ"

သူက မျက်နှာနီမြန်းမြန်းဖြင့် ဖြေနေသော သူမကို ငေးမဝစွာ စိုက်ကြည့်နေရင်းမှ ...



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအင်္ကျီလေး ကျွန်တော့်ကို ပေးလေ။ ဝတ်လို့ရအောင် ကျွန်တော် လုပ်ပေးမယ်"

သူမက သူ့ကို အလန့်တကြား လှည့်ကြည့်သည်။ သူက ခိုင်မာသေချာနေသော အပြုံးတစ်ခုဖြင့် သူမကို ခေါင်းညိတ်ပြနေကာ ...

"တကယ်ပါ တော်ဦးမေရဲ့။ မနက်ဖြန်ကျရင် ကျွန်တော် လာယူမယ်၊ အရင်လို အကောင်းအတိုင်းဖြစ်အောင် ပြန်လုပ်ပေးမယ်။ ပြီးတော့ ... တော်ဦးမေကို ပြန်ပေးမယ်လေနော်"

သူ့စကားကို သူမက မျက်နှာနီနီနှင့် ခေါင်းညိတ်လုဆဲဆဲမှာပဲ နောင်ထွေးနှင့် နေခြည်က အလိုက်မသိစွာဖြင့် အနားသို့ ရောက်လာလေသည်။ နေခြည်က သူ့ကို ရယ်ပဟာကြည့်ကာ ...

"ကဲ ... မွေးနေ့ရှင်၊ ဒီလိုပဲ ထိုင်နေတော့မှာလား၊ ဟော်လိုရှိုး အစီအစဉ်ပါ ထည့်ရမယ်"

"ဟာ ... မလုပ်ပါနဲ့။ ကျွန်တော် မဆိုတတ်ပါဘူး"





"အမလေး ... လျှောက်ပြောမနေပါနဲ့။ မန္တလေးတက္ကသိုလ်ရဲ့ အဆောင်ရှေ့မှာ ညတိုင်း ဟစ်ကြွေးလာခဲ့တာ သတင်းရပြီးသားနော် ...

ဂစ်တာတီးတာလည်း သိပ်တော်ဆိုပဲ။ မရဘူး ဆိုပြရမှာပဲ"

"ဟား ... ကျပ်ပြီကွာ"

သူက ရှုံ့မဲ့စွာနှင့် ခေါင်းကုတ်ရင်း သူမကို လှည့်ကြည့်လိုက်လျှင် သူမက လုပ်လိုက်လေဟူသော ပုံစံဖြင့် ခေါင်းငဲ့ကာ ဆတ်ပြသည်။

နောင်ထွေးက သူ့လက်ထဲသို့ ဂစ်တာလာထည့်ပေးလျှင် သူ့မှာ ဘယ်လိုမှ ငြင်းမရတော့။ သူက ဂစ်တာကို ကြိုးညှိရင်းမှ ...

"ဘာသီချင်း ဆိုရမလဲ"

"ကြိုက်တာဆိုပေါ့"

"ကျွန်တော်ရတဲ့ သီချင်းက စုံတွဲသီချင်း ဖြစ်နေတယ်၊ ကူဆိုပေးမလား"



www.burmeseclassic.com

www.burmeseclassic.com



သူမက ပြုံးရင်းမှ ခေါင်းယမ်းပြကာ တစ်ယောက်တည်းပဲ ဆိုလိုက်ပါဟု အမိန့်ပေးလျှင် သူက နှုးညံ့တဲ့အမိန့်လေးကို မပယ်ရှားရဲခဲ့ပါ။ ဂစ်တာကို ကြိုးညှိပြီးနောက် သူက အားတလော ရင်ဘတ်နှင့်ထိကာ ဆိုညည်းဖြစ်နေသော သီချင်းလေးကို စ,တီးကာ Intro ဝင်လိုက်သည်။

သီချင်းက R ဓာနည်နှင့် ဆုန်သင်းပါရ်တို့ စုံတွဲ သီဆိုထားသော "တစ်နယ်စီခွဲနိုင်မလား"ဟူသော သီချင်းဖြစ်သည်။ သူသည် သူမကို ရည်ရွယ်ကာ သီဆိုသော သီချင်းဖြစ်၍ သူ့ဘေးနားမှာ ရှိနေသောအခါ ခံစားချက်တို့က အတိုင်းထက်အလွန် အသက်ဝင်သည်။ သူ့ရင်ထဲက စကားတွေကို သူမအား ဂစ်တာတီးပြခွင့် ရခြင်းဟာလည်း ကုသိုလ်ထူးသော ရင်ခုန်သံတစ်မျိုးလည်း ဖြစ်သေးသည်။

"အတူယှဉ်တွဲပြီး နေလိုက်ချင်တယ် ... အစဉ်တို့မခွဲဘူး_
ရင်မှာ ချည်နှောင်ထားတဲ့ အချစ်စစ်က သက်ဆုံးတိုင်ထိ_
ကြင်နာသူ အတူခေါ်သွား ... ကိုယ် ရေမြေခြားရင် နေလို့
မရ ...





နှောင်လာမယ့် နှစ်,လ,တွေ အသစ်သစ်တိုင်အောင်_
အတူရှိရမှ ... ချစ်တဲ့သူလေး ... တစ်နယ်စီ ခွဲနိုင်မလား"

သူက အဲဒီသီချင်းကို Mood အပြည့်နှင့် သီဆိုသွားလျှင် တစ်ခြံလုံးက လက်ခုပ်သြဘာတီးကာ အားပေးကြလေသည်။ သူမကတော့ လက်ခုပ်တီးတာထက်ပိုသော အားပေးစကားတစ်ခွန်းဖြင့် သူ့ရင်ကို နွေးထွေးစေခဲ့သည်။

"အမှန်တကယ်က ရှင် အဆိုတော်လုပ်ခဲ့ရမှာ"တဲ့။

အဲဒီနေ့ညရဲ့ သူ့ရဲ့အသက်ထုတ်တ်ဖော် မကြော်ငြာသော မွေးနေ့ပွဲဖြစ်သော်လည်း သူမ ရောက်လာခဲ့ခြင်းကြောင့် အသက်တစ်နှစ်လောက် ငယ်သွားသလို နုပျိုလန်းဆန်းသွားခဲ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၃

နောက်တစ်နေ့နံနက်တွင် သူက အဟုတ်ကိုပဲ မေ့ထံမှ GIORDANO အင်္ကျီလေးကို လာယူပါသည်။ ပြီးတော့ မေ လက်ဆောင်ပေးထားသော ကပ်ဦးထုပ် ဂျင်းပြာရောင်လေးကိုလည်း ဆောင်းလာခဲ့သေးလျှင် မေသည် ရှက်စိတ်ကြောင့် သူ့မျက်နှာကို သေချာမကြည့်ဖြစ်ပေ။ ဒါကြောင့် သူ့ကို ကြာကြာတောင် စကားမပြောဖြစ်ခဲ့ပါ။

အိမ်ထဲ ပြန်ရောက်သည်အထိ မေ့ မျက်နှာတွင် အပြုံးတစ်ခုက တွဲလဲခိုဆဲပဲဖြစ်သည်။ ဧည့်ခန်းထဲမှာ ဘုရားစာ ရွတ်နေသော နေခြည်က မေ ပြန်ဝင်လာတာကိုမြင်လျှင် ဘုရားစာအုပ်ကိုပိတ်ကာ ...



"နင့်ကိုတော့ မြင်ယောင်နေတယ် မေ"

"ဘာကိုလဲ"

မေက နေခြည်ရဲ့နံဘေးမှာ ဝင်ထိုင်ရင်း မေးလိုက်သည်။

"နင် အခက်တွေ့မှာကိုပေါ့။ မေ ငါ့ကို မညာတမ်း ဖြေစမ်းပါ၊ နင် ကိုခြူးမင်းကို သံယောဇဉ်ဖြစ်နေပြီလား"

မေသည် နေခြည် မေးသော မေးခွန်းကို ရုတ်တရက် ပြန်မဖြေမိချေ။ သေချာတာတော့ မေ့ ရင်ထဲတွင် သူနှင့်ပတ်သက်၍ တစ်ခါမှ မခံစားဖူးသော ခံစားချက်မျိုးကိုခံစားသည်။ ဒါဟာဘာလဲ၊ သံယောဇဉ်လား၊ အချစ်လား၊ မေ မဝေခွဲတတ်။

မေ နှုတ်ဆိတ်နေဆဲမှာပင် စားပွဲပေါ်၌ ချထားသော မေ့ရဲ့လက်ကိုင်ဖုန်းက ထမြည်လို့လာသည်။ မေက ဖုန်းဖွင့်လိုက်လျှင် မေ့အဖေရဲ့အသံကို ကြားရသည်။

"သမီးလေးလား"

"ဟုတ် ... ဖေလား"

"အေး ... သမီးလေး။ ဖေဖေ ပြောတာကို သေချာနားထောင် ...

www.burmeseclassic.com

www.burmeseclassic.com



သမီးမေမေကို အခု ဆေးရုံတင်ထားရတယ်"

"ရှင် ... ဖေဖေ"

မေက အဲဒီစကားကိုကြားလျှင် ထိတ်လန့်တုန်လှုပ်လို့ သွားရသည်။ မေမေ့မှာ နှလုံးရောဂါရှိတာကိုတော့ မေ သိသည်။

သို့သော် မေမေက ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ကာ ဆေးကုသမှု အပြည့်အဝ ခံယူနေသဖြင့် အခြေအနေက ကောင်းတယ်ဟူသော အနေအထားမှာရှိသည်။

အခု ဆေးရုံတင်ထားရတယ်ဟူသော အဖြစ်ကိုတော့ မေက ထိတ်လန့်တုန်လှုပ်စွာဖြင့် မယုံနိုင် ဖြစ်ရလေသည်။

"သိပ်စိတ်မပူနဲ့သမီး၊ ဒါပေမဲ့ သမီး ဒီကိုလိုက်လာဖို့တော့ လိုလိမ့်မယ်"

"ဟုတ် ... လာမှာပေါ့ ဖေဖေ။ သမီး အခုချက်ချင်းပဲ စီစဉ်ပါ့မယ်"

"ဖေဖေ ပြောမယ် သမီး။ သမီးမေမေ အခုတက်နေတာ ဗန်ကောက်က ဆေးရုံကြီးမှာ၊ ဖေဖေလည်း အဲဒီမှာပဲ ရောက်နေတာ ..."





သမီးက အဲဒီကို မောင်ချာန်ရဲ့နဲ့ လိုက်လာခဲ့ရမယ်၊ မောင်ချာန်ရဲက သမီးအတွက် လေယာဉ်လက်မှတ်ကို တံတားဦးလေဆိပ်မှာ အဆင်သင့် စီစဉ်ပေးထားတယ်။ သမီးက လေဆိပ်ကို သွားရုံပဲ။ ဒီနေ့ပဲသွား၊ ညနေလေယာဉ်နဲ့ လိုက်လာဖို့ အားလုံး စီစဉ်ပြီးသွားပြီ ...

ဟုတ်ပြီနော် သမီး"

"ဟုတ် ... ဟုတ်ကဲ့ပါ ဖေဖေ၊ သမီး အခုပဲ မန္တလေးကို ဆင်းပါ့မယ်"

မေသည် ဖေဖေ ဖုန်းချပြီးသွားတာနှင့် အမေးမျက်ဝန်းများနှင့် စောင့်နေသော နေခြည်ကို အတိုချုံးရှင်းပြကာ ချက်ချင်းပဲ မန္တလေးဆင်းဖို့ စီစဉ်ရသည်။ မန္တလေးဆင်းဖို့အတွက် မန်နေဂျာနှင့် ကားကို ဖုန်းဆက်ခေါ်ကာ မလာခင်အချိန်လေး၌ လိုအပ်သောပစ္စည်းများကို ကမန်းကတန်း ထည့်ရလေသည်။

"တံတားဦးအထိ ငါပါ လိုက်ခဲ့မယ်လေ မေ"

"ရတယ် နေခြည်၊ ဒီမှာပဲ နေခဲ့ပါ၊ ငါ ဟိုရောက်ရင် ဖုန်းဆက်လိုက်မယ်၊ ခြံထဲကို ရက်ခြားဆင်းတော့နော်၊ လိမ္မော်တွေ စ,သီးနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါဟယ်၊ ဒီကဟာတွေ အတွက်တော့ ဘာမှမပူ နင် ဘယ်လောက်ကြာမှာလဲဟင်"

"မပြောတတ်သေးဘူးဟာ၊ အခြေအနေအရပေါ့"

နေခြည်က မေ့ရဲ့ ရတက်မအေးသော မျက်နှာ ငေးရင်းမှ ...

"နင် ကိုခြူးမင်းကိုတော့ နှုတ်ဆက်မသွားတော့ဘူးလား"

မေသည် နေခြည့် အပြောကြောင့် တစ်ချက် ေ ခနဲ ဖြစ်သွား၏။

မျက်ဝန်းထဲတွင် မေ လက်ဆောင်ပေးထားသော GIORDANO ဂျင်းကပ်ဦးထုပ်ကိုဆောင်းကာ ပြုံးရွှင်ကြည်နူးသော မျက်နှာဖြင့် မေ့အကျီလေးကို ရင်မှာပိုက် ပြန်သွားပုံအား ပြန် ယောင်လာမိသည်။

ကောင်းဘွိုင် ...။ အရိုးဖြောင့်ဆုံး နှလုံးသားတစ်ခု ဖြင့် ချစ်တတ်မည့် သူ့ရဲ့လွတ်လပ်သော အသည်းနှလုံးကို ေ ကြောင့်တော့ဖြင့် မနာကျင်စေချင်တော့ပါ။ ပြီးတော့ ဘယ်အချိ မှာ မေ ပြန်ရောက်လာမလဲ ဆိုတာကိုလည်း အသေအချာ ကတိ မပေးနိုင်တော့မည့် အချိန်မှာ သူ့ကို မေ နှုတ်မဆက်သွားချင်တော့





"နှုတ်မဆက်တော့ပါဘူးဟာ၊ နင့်ကို မေးလာရင်ပဲ ပြော ပြလိုက်ပါတော့"

နေခြည်က စိတ်မကောင်းစွာဖြင့် သက်ပြင်းချသည်။ ခဏအကြာတွင် မေ မှာထားသောကား ရောက်ရှိလို့ လာလေ သည်။

မေသည် ကားနောက်ခန်းထဲသို့ ဝင်ထိုင်ကာ နေခြည့် ကို လက်ပြနှုတ်ဆက်သည်။ မေ ဝင်ထိုင်ပြီးတာနှင့် ကားက ညင်သာစွာ မောင်းထွက်လို့သွားသည်။

မေသည် သူ့ရဲ့ခြံရှေ့မှ ဖြတ်သောအခါ စိတ်ထဲက နေ၍ သူ့ကို တိုးတိုးလေး နှုတ်ဆက်လိုက်သည်။ သူနှင့် အဆင် မပြေတာတွေ၊ မုန်းခဲ့တာတွေ ရှိခဲ့သော်လည်း ဒီအချိန်မှာတော့ သူနှင့် ပတ်သက်၍ မေ့ ရင်ထဲမှာ တစ်ခုပဲ ကျန်ရှိနေတော့သည်။

အဲဒါကတော့ ... ...။

မေသည် ဆက်မတွေးချင်တော့စွာ ပါးကို လက်နှင့် ထောက်ကာ ခေါင်းကိုပဲ ဖြည်းဖြည်းယမ်းနေခဲ့မိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် အားလုံးပြီးစီးကာ ဝတ်ဖို့အဆင်သင့်ဖြစ်နေသော GIORDANO ရှပ်အင်္ကျီလေးကိုကြည့်ကာ သဘောကျစိတ်ဖြင့် ကြည်နူးစွာ ပြုံးမိသည်။ သူမ မြင်လျှင်ရော ဒီအင်္ကျီလေးကို ဘယ်လောက်များ သဘောကျမှာပါလိမ့်။ သူသည် အဲဒီအင်္ကျီလေးကို သူ့မှာရှိသော (သူ ကောက်လာခဲ့သော) မှုရင်းကြယ်သီးလေးနှစ်လုံးကို သူကိုယ်တိုင်ပဲ သေချာပြင်ဘပ်ပေးထားခဲ့ခြင်းဖြစ်သည်။

လုပ်လေ လုပ်ထမရှိသဖြင့် သူ့မှာ ကြယ်သီးတပ်ဖို့ အပ်ပေါက်ကိုတောင် ဆယ်ခါလောက်တိုးရလေသည်။ နောက်ဆုံးတော့လည်း စေတနာပါသော စိတ်ဆန္ဒကြောင့် သူမရဲ့အင်္ကျီလေးမှာ နဂိုအတိုင်း ပြန်ဖြစ်လို့သွားသည်။



နောက်တစ်ရက်မှာတော့ သူက ထိုအင်္ကျီလေးကို အိတ်ထဲထည့်ကာ သူမကို ပေးဖို့အတွက် သူမရှိရာခြံဘက်သို့ ကူးလာခဲ့သည်။

အဲဒီအချိန်မှာပဲ သူမရဲ့ သူငယ်ချင်း နေခြည်ကို ခြံဝင်းတံခါးဝမှာ အထုပ်အပိုးတွေနှင့်အတူ ကားတစ်စီးပေါ် တက်အုံဆဲဆဲ အခြေအနေနှင့် တွေ့လိုက်ရတာဖြစ်သည်။ နေခြည်က သူ့ကို မြင်သွားသောအခါ အထုပ်တွေကိုသာ ကားပေါ်တင်လျက် လူကတော့ ရပ်စောင့်ကာနေသည်။ သူသည် အထုပ်တွေကို မြင်သော်လည်း သူမကို မမြင်ရသေးသည်မို့ ထူးထူးခြားခြား တုန်လှုပ်ခြင်းမရှိဘဲ ပြုံး၍ နှုတ်ဆက်လိုက်သည်။

"မနေခြည် ဘယ်သွားမလို့လဲ"

"ကျွန်မ မြို့ထဲက ဟိုတယ်ကို ပြောင်းနေတော့မလို့ ကိုခြူးမင်း"

"တော်ဦးမေကာရော"

နေခြည်က သူ့မျက်နှာကို စိတ်မသက်မသာသလို တစ်ချက်ကြည့်သည်။ အဲဒီအကြည့်နဲ့တင် သူ့မှာ ပျာယာခတ်သွားရကာ ...

www.burmeseclassic.com

www.burmeseclassic.com



"မေက သူ့အမေ ဆေးရုံတင်ထားရလို့ မနေ့ မနက်က ရန်ကုန်ကို ပြန်သွားပါပြီ"

သူ့ရင်ထဲတွင် လှိုက်ခနဲ ဖြစ်သွားရသည်။

သူသည် လက်ထဲမှအိတ်လေးကို တင်းတင်းဆုပ်ကိုင်လိုက်ကာ ...

"မနေ့ မနက်ကပဲ ကျွန်တော်နဲ့ သူ စကားပြောခဲ့သေးတယ်"

"ဟုတ်ပါတယ်၊ ရှင်နဲ့ စကားပြောပြီး အိမ်ထဲပြန်ဝင်လာတာနဲ့ သူ့အဖေဆီက ဖုန်းလာတာပါ။ အဲဒါနဲ့ ချက်ချင်း ထသွားဖို့ အကြောင်းဖန်လာတယ် ဆိုပါတော့ ...

မေ့အမေက ဗန်ကောက်မှာတောင် ဆေးရုံတင်ထားရတာပါ"

"ဒါဆို သူက ဗန်ကောက်အထိ လိုက်သွားရမှာပေါ့"

"ဟုတ်တယ်၊ ကျွန်မလည်း ဒီအိမ်မှာ တစ်ယောက်တည်း ဖြစ်နေတာနဲ့ မြို့ထဲက ဟိုတယ်ကိုပဲ ပြောင်းနေလိုက်တာပါ"

"တော်ဦးမေကများ ကျွန်တော့်ကိုတောင် နှုတ်ဆက်မသွားဘူး"



"သူလည်း စိတ်ထိခိုက် ဝမ်းနည်းနေတာပါ။ ဒါပေမဲ့ ကျွန်မကိုတော့ မှာခဲ့ပါတယ်။ ကိုခြူးမင်း လာရင် ပြောပြလိုက်ပါတဲ့ ...

သူ ဖုန်းဆက်လာရင် ကျွန်မ ဘာပြောပေးရမလဲ ဟင်"

"နေပါစေတော့ဗျာ၊ ကျေးဇူးပါပဲ"

သူက ခေါင်းငိုက်စိုက်ကျလျက် ခြေလှမ်းတွေကို အိမ်ဘက်သို့ ပြန်ဦးတည်လာခဲ့ရလေသည်။ သူမက သူ့ကိုတောင် နှုတ်ဆက်မသွားခဲ့သည်မှာ ဘယ်လိုသဘောမျိုးပါလိမ့်။ အကောင်းဘက်ကပဲ ယူဆရမှာလား။ ဒါမှမဟုတ် အဆိုးဘက်ကပဲ ယူဆရမှာလား။ သူမရဲ့အကျီလေးကို ကြယ်သီးပြန်တပ်ပေးရင်း သူ့ရင်ထဲက ပြောချင်နေတဲ့ စကားတွေကို သူက ဘယ်တော့များမှ ပြောခွင့်ရတော့မှာပါလိမ့်။

တော်ဦးမေရယ် ... မင်း ကိုယ့်ကို နှုတ်ဆက်မသွားခဲ့တာဟာ ကောင်းသောနှုတ်မဆက်ခြင်းလို့ပဲ ယူဆပြီး ကိုယ်စောင့်နေပါ့မယ်။ ဒါပေမဲ့ မင်းကို စောင့်နေမယ်လို့ မပြောလိုက်ရတဲ့အတွက် ကိုယ် တကယ်ပဲ စိတ်မကောင်းပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



၁၄

မေ ရန်ကုန်ရောက်သောအခါ ကိုဈာန်က လေယာဉ်ကွင်းမှာ လာကြိုနေခဲ့သည်။ မေ့ရဲ့အားတင်းထားသော မသက်မသာမျက်နှာကိုကြည့်ကာ နွေးထွေးစွာဖြင့် တစ်ချက်မွေ့ကာ နှုတ်ဆက်သည်။

"ဒီနေ့ညတော့ ကောင်းကောင်း အနားယူလိုက်ဦးပေါ့ မေလေး၊ မနက်ဖြန် မနက်မှဘဲ ကိုယ်တို့သွားကြမယ်"

"မေမေ သက်သာပါတယ်နော် ကိုဈာန်"

"သက်သာပါတယ်၊ မေလေးလည်း ပင်ပန်းနေပြီ၊ နားလိုက်ဦး"





မေက ကိုဈာန့်ကိုကြည့်ကာ ခေါင်းညိတ်ပြလိုက်သည်။ မေမေ ဆေးရုံတက်ချိန်မှာ အစစအရာရာ လိုလေသင့်မရှိ အညီအဆောင်ရွက်ပေးခဲ့သော ကိုဈာန့်တို့ မိသားစုရဲ့ ကျေးဇူးတရားတွေကို မြင်ရလျှင် ဒါတွေကို လက်ခံဖို့ သင့်ပါရဲ့လားဟု မေ တွေဝေစွာဖြင့် စဉ်းစားမိသည်။

မေက ဒါတွေနှင့် ဝေးရာကို ပြေးထွက်ချင်နေသူ ဟုတ်ပါလား။

တစ်ဖက်မှာက မေရဲ့မိဘတွေနဲ့အတူ အင်မတန် ပြည့်စုံချမ်းသာနေသော ကိုဈာန်ရှိသည်။ တစ်ဖက်မှာက မေ နေချင်သော အေးချမ်းသည့် ဘဝစတိုင်လ်နှင့် လူတစ်ယောက်ရှိသည်။

ဒီလောကကြီးမှာ မေ ဖြစ်ချင်တာတွေကို လက်ညှိုးတစ်ချက်ညွှန်ရုံနှင့် လိုလေသင့်မရှိ ဖြည့်ဆည်းပေးနိုင်သော ကိုဈာန့်ကို မေ စွန့်လွှတ်ကာ နေလိုက်မည်ဆိုလျှင် မေ့မိဘတွေက ဘာပြောကြမလဲ။ မေသည် မြေးထွက်ချင်နေသော နှလုံးသားကို ဦးနှောက်က လိုက်ဖမ်းနေရသည့်အလုပ်အား ခါးသီးစိတ်ပျက်၍ လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့်များ နှလုံးသားက လွတ်လပ်ခွင့် မရှိတာပါလိမ့်။ အရင်တုန်းကတော့ ကိုရျာန်ရဲ့ ရည်မွှန်းသူတစ်ယောက် ဆိုတာကို မိန်းကလေးပီပီ ကျေနပ်ဂုဏ်ယူချင်စိတ် ရှိခဲ့သော်လည်း အခုချိန်မှာတော့ ဘယ်သူနှင့်မှ မပတ်သက်သည့် အချစ်ကို လွတ်လပ်စွာ ပျိုးထောင်စိုက်ပျိုးနိုင်သည့် သာမန်မိန်းကလေးတစ်ယောက်သာ မေ ဖြစ်ချင်နေမိတော့သည်။

အဲဒီနေ့ညက မေ ကောင်းကောင်းအိပ်မပျော်ခဲ့ပေ။ နောက်နေ့မနက် ရောက်တော့လည်း လေဆိပ်ဆင်းရမှာ ဖြစ်သဖြင့် စောစောနိုးကာနေသည်။ ရန်ကုန်ဆောင်းသည် ပြင်ဦးလွင်၏ ဆောင်းလို မပီပြင်ဘဲ နှမ်းနုလုံးသားကို ပို၍လွမ်းဆွတ်တမ်းတစေသည်။ မေ့ထံကို မျှော်လင့်ချက်အပြည့်ဖြင့် ရောက်လာမည့် မျက်နှာတစ်ခုကို မေ တကယ်ပဲ သတိရမိပါသည်။

ကိုရျာန် လာကြိုသောအခါ မေသည် ကိုရျာန့်ကားနဲ့ပဲ လေဆိပ်သို့ ဆင်းခဲ့သည်။ ကိုရျာန့်ကို စကားတစ်ခွန်းမှ မပြော။ မေ့ဘာသာ နှုတ်ဆိတ်နေတာကို ကိုရျာန်ကလည်း နားလည်ပေးပုံဖြင့် သူလည်းပဲ တိတ်တဆိတ်ရှိသည်။ မေ့အတွေး





ဘာရုံထဲတွင် မေမေ၊ မေမေ၊ ပြီးတော့ ကိုရျာန့်မိဘများ၊ ကိုရျာန်၊ ပြင်ဦးလွင်က မြေနီလမ်းလေး၊ ဂန္ဓမာပန်းခင်းကြီး၊ ပွတ်ခဲနေသည့် လိမ္မော်သီးပေါက်စနလေးများ၊ ရှမ်းရိုးမတောင်တန်းကြီး၊ အတူ ဆိုင်ခဲ့ဖူးသော ဝါးကွပ်ပျစ်ကလေး၊ သူ့ရဲ့ မွေးနေ့ည၊ ချောသား ဘင်နဲ့ ခေါင်ရည်၊ ဆိုပြခဲ့ဖူးသော "တစ်နယ်စီခွဲနိုင်မလား" တေး သွားလေး။

ဟင့်အင်း ... ကျွန်မ မခွဲချင်ဘူး ခြူးမင်း။

"မေ ခါးပတ် ပတ်တော့လေ၊ ကြေညာနေပြီ"

ဘယ်အချိန်က လေယာဉ်တက်ပြီး၊ ဘယ်အချိန်မှာ လေယာဉ်ဆင်းသွားလဲတော့ မသိပေ။ မေ့ခေါင်းထဲတွင် အတွေး မျိုးစုံကသာ ရစ်ဝဲလို့နေသည်။

ဒီလိုနှင့် မေမေ ဆေးရုံတက်ရာ ဆေးရုံကြီးသို့ ရောက်သွားလျှင် ခုတင်ပေါ်၌ ဝေဒနာခံစားနေရသူ မေမေ့ကိုတွေ့ လိုက်ရသည်။

"မေမေ ... မေမေ နေကောင်းတယ်နော်"

"အင်း ... ဒီလိုပါပဲ သမီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"မေမေရယ် ဒီလို ဖြစ်နေတာတောင် သမီးကို ဘာလို့အေ စောတည်းက မခေါ်တာလဲ"

"မေမေလည်း သက်သာနိုး သက်သာနိုးနဲ့ပါ သမီးရယ်"

မေမေက စကားပြောရင်း မောလာသဖြင့် စကားခ ကိုရပ်ကာ ခဏမှိန်းသွားသည်။ ဖေဖေက မေနှင့် ကိုဈာန်ကို အပြင်ခေါ်ထုတ်ကာ ...

"သမီးမေမေရဲ့ အခြေအနေက ခွဲစိတ်မှရမယ့် အခြေအနေ ရှိတယ်လို့ ဆရာဝန်ကပြောတယ် သမီး ...

အဲဒါ နောက်တစ်ပတ်ထဲလောက် ခွဲစိတ်ဖို့ စီစဉ်ကြ မယ်တဲ့"

"အရမ်းစိုးရိမ်ရလား ဖေဖေ"

"အင်း ... သမီးလည်း ရင့်ကျက်တဲ့လူ ဖြစ်နေပြီပဲ။ ဘာမဆို ရင်ဆိုင်ဖို့ ကြိုတင်ပြင်ဆင်ထားတာတော့ မမှားဘူးပေါ့။ ခွဲစိတ်တယ် ဆိုရာမှာလည်း အောင်မြင်တာ မအောင်မြင်တာ အမျိုးမျိုး ရှိတာပေါ့ သမီးရယ်"

မေက ခေါင်းငိုက်စိုက်လို့ ကျသွားခဲ့သည်။ ကိုဈာန်က မေ့ပခုံးတစ်ဖက်ကိုဖက်ကာ ကော်ရစ်တာရှိ ခုံလေးတွေထဲသို့



ခေါ်ယူလာကာ အဲဒီထဲမှာ ထိုင်စေသည်။ နောက်တော့ စက်ထဲက ထုတ်လာသော ကော်ဖီပူပူနှစ်ခွက်ကို ယူလာကာ မေ့လက်ထဲသို့ တစ်ခွက်ကို ထည့်ပေးသည်။

မေက ကိုဈာန်ရဲ့မျက်နှာကို မော့ကြည့်လိုက်လျှင် မေ့ကို အားပေးနှစ်သိမ့်သော မျက်ဝန်းများကို တွေ့မြင်လိုက်ရလေသည်။

ဩဇာတိက္ကမရှိသော မိသားစုရဲ့သားဖြစ်သူ၊ စိတ်သဘောထား ပြည့်ဝကာ သနားကြင်နာတတ်သူ၊ ကိုယ်တိုင်လည်း ယောကျ်ားကောင်းတစ်ယောက် ပီသကာ အရည်အချင်းရှိသူ စသဖြင့် ဘယ်ဘက်ကမှ ငြင်းရက်စရာမရှိသော ကိုဈာန်သည် သူ့ကိုသာ မေ မတွေ့ခဲ့ရဘူး ဆိုလျှင်တော့ သေရာပေါက် လက်ထပ်ချင်သည့် အမျိုးကောင်းသားတစ်ဦးပဲဖြစ်သည်။

"သိပ်လည်း စိတ်ပူမနေပါနဲ့ မေလေး၊ အန်တီ နေကောင်းသွားမှာပါ"

"ကိုဈာန် ပြန်ရင် ပြန်တော့လေ။ ဒီမှာ ဖေဖေလည်းရှိနေတာပဲ"

"မေ့အနားမှာ ကိုယ်ရှိနေတာ မကြိုက်လို့လား မေ"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို မဟုတ်ပါဘူး ကိုရျာန်။ ကိုရျာန်တို့ရဲ့ ကျေး
တွေ မေ့အပေါ်မှာ များနေပါပြီ။ စိတ်ရော ကိုယ်ပါနှစ်ပြီး
လုပ်ပေးဖို့ မလိုပါဘူး ကိုရျာန် ...

ရန်ကုန်မှာလည်း ကိုရျာန့်အလုပ်ကိစ္စတွေ အများကြီး
ရှိသေးတယ် မဟုတ်လား"

"အဲဒါတွေက ကိုကြီး ရှိပါတယ်။ တချို့ကိစ္စတွေ ကိုယ်
ဒီကနေ manage လုပ်နေတာပဲ"

မေက ဘာမှမပြောတော့ဘဲ သက်ပြင်းတစ်ချက်ချလိုက်သည်။ ကိုရျာန်က မေ့ရဲ့ပန်းကို ဖွဖွဆုပ်ကိုင်လာကာ မေဟု ခေါ်လိုက်လျှင် မေက လှည့်ကြည့်လိုက်သည်။ ကိုရျာန်က တစ်ခုခုကို ချီတုံချတုံ ဖြစ်နေသော မျက်နှာမျိုးဖြင့် ...

"မေ့ကို ပြောပြစရာရှိတယ်။ ကိုယ်တို့နှစ်ယောက်ကို မေမေ
တို့က လက်ထပ်ပေးကြတော့မယ် မေ"

ထိုစကားသည် မေ့လက်ထဲမှ ကော်ဖီခွက်ကို အောက်သို့လွတ်ကျသွားစေသည်။ ကိုရျာန်က အဲဒီဖြစ်အင်ကို စိတ်မသက်သာ ဖြစ်နေသော မျက်နှာမျိုးဖြင့် ...





"မေ့ရဲ့မေမေရဲ့ ရောဂါအခြေအနေကြောင့် ဒီလို စီစဉ်ကြတော့မှာပါ။ အန်တီရဲ့နှလုံးကို မခွဲစိတ်ခင် ဒီတစ်ပတ်ထဲမှာပဲ ကိုယ်တို့ လက်မှတ်ထိုးပြီး လက်ထပ်ကြရလိမ့်မယ် မေလေး ...

မနက်ဖြန်ကျရင် ကိုယ့်မိဘတွေပါ ရောက်လာမယ်။ ဒီမှာရှိတဲ့ ဖေဖေ့မိတ်ဆွေ သံအမတ်ကြီးရှေ့မှာပဲ လက်မှတ်ထိုးကြရလိမ့်မယ်"

"နေ ... နေပါဦး ကိုရျာန်၊ မေ ... မေလည်း ဘာမှမသိရပါလား"

"အခု သိရပြီ မဟုတ်လား မေ၊ တစ်ခုတော့ မေ့ကိုပြောချင်တယ်၊ ဒီကိစ္စမှာ ကိုရျာန်ရဲ့ တိုက်တွန်းနားချမှု၊ သွေးထိုးမှုတွေ နမ်းတစ်စေ့စာလောက်မှ မပါဘူးဆိုတာ မေ ယုံကြည်ပေးပါ ...

ကိုယ် လိုချင်တာ မေ့ရဲ့အချစ်ကိုပါ။ မေနဲ့ လက်ထပ်ရတဲ့အဖြစ်ကို မဟုတ်ပါဘူး။ နှစ်ဦးနှစ်ဖက် ကြင်နာတဲ့ တူညီတဲ့ ချစ်ခြင်းကိုပဲ လိုချင်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



ကိုရှာန့်ရဲ့ စကားအဆုံးတွင် မေ့ရင်ထဲ၌ မောဟိုက်လို့သွားသည်။ ချက်ချင်းပင် အားမရှိသောလူလို နွမ်းဖတ်ပျော့ခွေ၍ သွားရလေသည်။

"မေ သေချင်လိုဆုံးဖြတ်မလဲဟင်"

မေသည် ကျလုဆဲဆဲ မျက်ရည်တွေကို အံကြိတ်ထိန်းတင်းခံကာ ...

"လောကမှာ မေ့အတွက် တန်ဖိုးအရှိဆုံးက မိဘပါ။ စိတ်ထိခိုက်နေရတဲ့ မေမေနဲ့ ဝေဒနာခံစားနေရတဲ့ မေမေ့အတွက် မေ့ရဲ့လက်ထပ်ခြင်းဟာ သောကဖြေဆေးတစ်ခွက် ဖြစ်ခဲ့မယ်ဆိုရင် မေ့နှလုံးသားက သွေးစက်တွေ ကျနေစေဦး၊ မေ ကျေနပ်နိုင်တယ် ...

မေ ကြည်ဖြူကျေနပ်နိုင်တယ်"

"မေလေးရယ်"

ကိုရှာန်က မချိတင်ကဲသံနှင့်အတူ မေ့ရဲ့လက်ဖဝါးတွေကို ဖျစ်ညှစ်ဆုပ်ကိုင်လို့လာလျှင် အဲဒီလက်တွေက မေ့ရဲ့နှလုံးသားကို ဆုပ်ညှစ်နေသလို ခံစားရလျက် နှလုံးသွေးတွေ စိမ့်ကျသလို ထင်မှားရလေသည်။





တကယ်တော့ မေ့ရဲ့အိမ်ထောင်ရေးဟာ အစောကြီးကတည်းက ပြဋ္ဌာန်းချက်ရှိထားခဲ့သော ဘောင်တစ်ခု ဖြစ်ခဲ့သည်။ အဲဒီဘောင်ကို မေက ကျော်ဖြတ်ချင်စိတ်တွေ ရှိလာအောင် တစ်စုံတစ်ရာ တွန်းအားပေးခဲ့သော်လည်း မေ့မှာ ကြိုးစားခွင့်လေး တောင် မရှိတော့။

တစ်ခါတလေမှာ ငါးရာနှစ်ဆယ့်ရှစ်ကလည်း တစ်ဆောင့်ငါးရာကို ခပ်ပြင်းပြင်း အလဲထိုး အနိုင်ယူတတ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် သူမ ပြန်လာမည့်ရက်ကို လက်ချိုးစောင့်မျှော်နေခဲ့သော်လည်း သူ မျှော်လင့်နေသလို တစ်ဖက်ခြံက ခြံဝင်းတံခါးလေးက ပွင့်မလာခဲ့ပါ။ ပြတင်းပေါက်တွေက ပိတ်မြဲပိတ်ကာ ခြံဝင်းလေးတစ်ခုလုံးက သူမ မရှိသဖြင့် အေးစက်တိတ်ဆိတ်ကာ နေကြသည်။

နှင်းထုမကွဲသေးသော နံနက်ခင်းတွေမှာ ပြိုင်ဘီးလေးနှင့် သူမကို တွေ့လေမလားဟု စောင့်ဆိုင်းသော်လည်း သူမကား ရောက်မလာခဲ့။

ပထမဆုံး စတွေ့တုန်းကလို လတ်ဂေ့ချ်အိတ်ကြီးကို မနိုင်မနင်းဆွဲကာ လမ်းလျှောက်လာပုံလေးနှင့် ကြုံလေမလားဟု ဝေ့ဝဲရှာဖွေရတာလည်း အကြိမ်ကြိမ်ပင်။ သို့သော် သူမကို မတွေ့ခဲ့။ သူမနှင့် ပတ်သက်၍ တော်တော်များများကို သိခွင့်မရ





ခဲ့သော သူသည် တစ်နေ့မှာတော့ အရေးပါဆုံးကိစ္စကို သိခွင့်ရခဲ့သည်။ သူ ဖတ်မိသော မြန်မာ့အလင်းသတင်းစာထဲမှ လက်ထပ်ပြီးစီးကြောင်း ကြော်ငြာသည် သူ့နှလုံးသားတစ်ခုလုံးကို အစိတ်စိတ် ဖွဲ့ခြွေလိုက်သလိုပဲ ရှိသည်။

"လက်ထပ်ပြီးစီးကြောင်း အသိပေးကြော်ငြာခြင်း"

ကျွန်တော် မောင်ရျာန်ရဲ(ရိုးမသစ္စာကုမ္ပဏီ)

ဒေဝ္ဝ-ဗန်ကောက်

နှင့်

ကျွန်မ မတော်ဦးမေ(ဒေဝ္ဝ-ဗန်ကောက်)

တို့သည်

(၃၀-၁၂-၂၀၀၇)ရက်နေ့တွင်

နှစ်ဖက်သော မိဘနှစ်ပါးရှေ့မှောက်၌ တရားဝင်

လက်မှတ်ရေးထိုးကာ လက်ထပ်ပြီးစီးပြီး ဖြစ်ပါကြောင်း

ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား

လေးစားစွာ အသိပေး ကြေညာအပ်ပါသည်။

မောင်ရျာန်ရဲ မတော်ဦးမေ

(ဒေဝ္ဝ-ဗန်ကောက်)



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



သတင်းစာထဲမှ စာလုံးတွေသည် သူ့မျက်လုံးထဲတွင် တဖြည်းဖြည်း ဝေဝါးလို့ သွားကြသည်။ သူမကို မပိုင်ဆိုင်ရသေးခင်မှာပဲ တရားဝင်ဆုံးရှုံးသွားခဲ့ပြီ ဟူသော အသိသည် သူ့နှလုံးသားကို ဘာနဲ့ထုထု မနာတော့လောက်အောင် ကြီးမား ထုံကျင်နေသည့် ဝေဒနာကို ခံစားစေရသည်။

သူသည် နေရာမှာတင် အရုပ်ကြိုးပြတ်သလို လဲနေကာ အသက်ကိုမျှဉ်း၍ ရှူနေခဲ့ရသည်။ ပထမတစ်ခါတုန်းက ချစ်သူကို ဆုံးရှုံးခဲ့ရဖူးသော်လည်း လွမ်းစရာတွေကို နာတာနှင့် ဖြေ၍ ရခဲ့သည်။ ဒီတစ်ခါမှာတော့ သူ့နှလုံးသားအတွက် ဖြေဆေးဆိုတာ မရှိတော့။ သူ့ရဲ့လိမ္မော်ပင်ပျိုလေးမှာ သူ့ကို ချစ်တတ်သော နှလုံးသားအဖြစ် ပြောင်းလဲပေးရုံကလွဲ၍ ဘာမှလုပ်မသွားခဲ့ပေ။

နှုတ်မဆက်ဘဲ ချန်ထားရစ်ခဲ့သည့် သူမအတွက် သူ့မှာတော့ ပေးစရာလက်ဖွဲ့မှာ တစ်ခုတည်းသာ ရှိပါသည်။ အဲဒီပစ္စည်းလေးကိုတော့ သူက သူမနဲ့တွေ့မှ ကိုယ်တိုင်ကိုယ်ကျ လက်ထဲကို ထည့်ပေးဖို့ စိတ်ကူးထားခဲ့သည်။



# နောင်... နှစ်နှစ်ခန့်ကြာသောအခါ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

မေ့အတွက်တော့ မရောက်တာကြာသည့် ပြင်ဦးလွင်ခရီးသည် လွမ်းဆွတ်ကြည်နူးမှုများစွာကို ပေးနိုင်ဆဲဘဲ ဖြစ်လေသည်။ အမှန်တကယ်တော့ ဒီခရီးကို မေက သိပ်သွားချင်လှသည်မဟုတ်ချေ။ နလုံးခွဲစိတ်ကုသမှုပြီးသည့်နောက် တော်တော်ကြာမှ ပြန်လည်ကောင်းမွန် ကျန်းမာလာသည့် မေ့ရဲ့မိခင်အတွက် မေမေက သွားချင်လွန်းလှသဖြင့် မေက လိုက်ပါပို့ဆောင်ပေးရသော ခရီးတစ်ခုသာဖြစ်သည်။

မေမေက ပြင်ဦးလွင် မရောက်တာ အတော်ကြာပြီဖြစ်၍ မေမေ့အတွက်တော့ ဒီခရီးက စိတ်ကျေနပ်မှု အပြည့်ရှိသော ခရီးဖြစ်သည်။ မေမေသည် သူ့သမီးကို သူ့စိတ်ကြိုက်သမက်နှင့် တည်ငြိမ်အေးချမ်းသော ဘဝတစ်ခုကို တည်ထောင်ပေးထားနိုင်ခြင်း အပေါ်မှာလည်း ဝမ်းသာဂုဏ်ယူနေသူဖြစ်သည်။





မေ့ရဲ့သူငယ်ချင်း နေခြည်ကတော့ နမ့်ဖူးစာရှာလည်း၍ ပြင်ဦးလွင်က မန်နေဂျာနဲ့ပဲ ဖူးစာဆုံသွားပြီး လက်ထပ်သွားသည်မှာ မကြာသေးပေ။

ကိုဈာန်က နေခြည်တို့ လင်မယားကို အရင်အိမ်လေးမှာပဲ နေခွင့်ပေးထားလေရာ မေသည် ခုချိန်ထိ တစ်ယောက်တည်းဟူသော သူ့အကြောင်းကို ကြားသိရလျှင် တကယ်စိတ်မကောင်းပါ။ ချစ်သူတွေ မဖြစ်ခဲ့ကြသော်လည်း မေ့နလုံးသားမှာ သူ ရစ်တွယ်ခဲ့တာကို မေ သိသလို၊ သူလည်းပဲ မေ့အပေါ်မှာ ဘယ်လိုသဘောထားရှိခဲ့သည် ဆိုတာကို မေ ရိပ်မိခဲ့သည်။

ဒါပေမဲ့ ...

"တော်ဦးမေ"

ခေါ်သံကြားသဖြင့် နောက်သို့ လှည့်ကြည့်လိုက်လျှင် မေသည် နှစ်,နှစ်ခန့် ကွဲကွာနေခဲ့သော လူတစ်ယောက်ကို တွေ့မြင်လိုက်ရသည်။ သူ့ပုံစံသည် အရင်ကပုံစံနှင့် အနည်းငယ်ခြားနားကာ မုတ်ဆိတ်မွေး ပါးမြိုင်းမွေးရေးရေးဖြင့် အနည်းငယ်ရင့်ရော်သွားသယောင်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်ဝန်းများကတော့ အခါများစွာကလို မပြောင်းလဲဘဲ နွေးထွေးနေဆဲပဲ။

"ကိုခြူးမင်း"

"တော်ဦးမေ နေကောင်းတယ်နော်"

"ဟုတ်ကဲ့"

မေတို့ တည်းခိုနေသော ဟိုတယ်ကို သူ ရောက်လာတာကတော့ မေ့အတွက် တကယ်ထူးဆန်းလျက်ရှိသည်။ ဒါကို ရိပ်မိဟန်ဖြင့် ...

"ကျွန်တော်က နေခြည်ကို မှာထားတာ ရှိတယ်။ တော်ဦးမေရဲ့ပစ္စည်းလေးတစ်ခု ကျွန်တော့်ဆီမှာ ရှိနေတာမို့ တော်ဦးမေ ဒီကို ရောက်လာရင် ပြောပြပေးပါလို့ ...

ကျွန်တော်က တော်ဦးမေရဲ့ လက်ထဲကို ကိုယ်တိုင်ကိုယ်ကျ ထည့်ပေးချင်လို့ပါ"

မေက သူ့ကို ဘာမှပြန်မပြောမိဘဲ ငေးနေမိသည်။ သူကလည်း မေ့ကို ငေးနေရာမှ ခေါင်းကို ငုံ့ပစ်လိုက်ကာ သူ့လက်ထဲမှ ကိုင်းဆွဲအိတ်လေးကို မေ့လက်ထဲသို့ ကမ်းပေးလိုက်





လျှင် မေသည် ကြေကွဲလာသော ရင်အစုံဖြင့် အိတ်လေးကို လှမ်းယူလိုက်သည်။

"တော်ဦးမေရဲ့ အမေရော နေကောင်းသွားပြီလား"

"ဟုတ် ... ကျွန်မ မေမေနဲ့ အတူတူ လာတာပါ"

သူက ခေါင်းတဆတ်ဆတ် ညိတ်နေပြီးမှ ဆုံးဖြတ်ချက်တစ်ခု ချလိုက်ဟန်ဖြင့် အသက်ကို ပြင်းပြင်းမော့ရှူကာ မေ့ကို ခပ်နက်နက် စိုက်ကြည့်သည်။

"ကျွန်တော့်ကို ခွင့်ပြုပါဦး"

သူက ရုတ်တရက် လှည့်ထွက်မည်အပြုတွင် မေက ...

"ခဏ ... ခဏလေးပါ ကိုခြူးမင်း"

သူက မေ့ကို အဓိပ္ပာယ်မဲ့သော မျက်လုံးများဖြင့် ငေးကြည့်လို့လာသည်။ မေသည် သူ့ကို ဘာပြောရမှန်းမသိ။ တစ်ခုခုတော့ ပြောလိုက်ချင်သည်။ သူ့အပေါ်တွင် အပြစ်မကင်းသလို ခံစားနေရသော ခံစားမှုမျိုးကို မေ ဒီနေရာမှာပဲ အပြီးထိုင်ထားခဲ့ချင်သည်။ မေဟာ အိမ်ထောင်ရှင်တစ်ယောက် ဖြစ်ခဲ့ပြီမို့



www.burmeseclassic.com

www.burmeseclassic.com



သူ့အပေါ်မှာ မရိုးသားတဲ့စိတ်မျိုး မရှိသော်ငြားလည်း သူ့ကိုတော့ မေ့အတွက်နှင့် အမြဲထာဝရ နာကျင်သွားသောသူ မဖြစ်စေချင်သည်မှာ မေ့ရဲ့စေတနာစစ်စစ် တစ်ခုသာလျှင် ဖြစ်တော့သည်။

“ကိုခြူးမင်း ... ကျွန်မက ရှင့်ရဲ့ ထာဝရမိတ်ဆွေတစ်ယောက်ပါ”

“ဝမ်းသာပါတယ် ဆော်ဦးမေ”

“ကျွန်မ နောက်တစ်ခေါက် ထပ်ရောက်လာခဲ့ရင် ကိုခြူးမင်းကို လှလှသားမြောက်နေတာ မြင်ချင်ပါတယ်ရှင်”

တစ်ချိန်က သူ ပြောခဲ့ဖူးသော စကားလေးတစ်ခွန်းကို မေက သတိတရနှင့် ပြောလိုက်လျှင် သူ့မျက်နှာက ထူးထူးခြားခြား ပြုံးလို့သွားလေသည်။ အဲဒီနောက်မှာတော့ ခေါင်းတဆတ်ဆတ်ညိတ်ရင်း “ကြိုးစားကြည့်တာပေါ့”ဟု သူ့ဟာသူ ခပ်တိုးတိုး ပြောကာ မေ့ကို လက်ပြလျက် အသာနှုတ်ဆက် ထွက်ခွာသွားသည်။

မေသည် ကိုယ့်မြင်ကွင်းထဲမှ သူ မပျောက်သွားခင်ပဲ ကျောခိုင်းလိုက်ကာ အခန်းထဲသို့ ပြန်ဝင်လာခဲ့သည်။ အခန်းထဲရောက်မှ သူ ပေးခဲ့သော အိတ်လေးကို ဖွင့်ကြည့်လိုက်လျှင် မေ့ နှလုံးသားတစ်ခုလုံး ရပ်တန့်အေးခဲသွားသလို ခံစားသွားခဲ့ရသည်။





မေ့ဆီကနေ သူ တောင်းယူသွားခဲ့သော GIORDANO ရှပ်အင်္ကျီလေးရဲ့ ပြုတ်နေသော ကြယ်သီးလေးနှစ်လုံးရဲ့နေရာတွင် မူရင်းကြယ်သီးလေးများက ပြန်ရောက်နေကြကာ သူ့ပုံစံအတိုင်း နဂိုလက်ရာမပျက် ပြန်ရှိလို့နေသည်။ ဝတ်ဆင်လို့ ရနေပြီဖြစ်သော အင်္ကျီလေးကိုကြည့်ကာ မေ့ရင်ဘတ်ထဲ၌ တဖြည်းဖြည်း နင့်၍လာသည်။ မေသည် လှိုက်တက်လာသော ရင်တွင်းခံစားချက်တို့ကို ကြိတ်မှိတ်မျိုချကာ အင်္ကျီလေးကို ကြည့်လျက် ကြည်ကြည်နူးနူး ပြုံးပြလိုက်မိသည်။

မေ့ရဲ့ မျက်ရည်စလေး တစ်စက်ကတော့ နီညိုရောင်ကြယ်သီးလေးအပေါ် ထောက်ခနဲ ပြုတ်ကျလို့ သွားခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆုမြတ်ပွန်ပွန်

December 1st 2007.

3:35(P.M)

www.burmeseclassic.com